# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် ၂၀၁၇ ခုနှစ်၊ မေ ၁၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၂၅)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်၏ နိုင်ငံ/အစိုးရ အကြီးအကဲများ စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပြောကြား




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် နိုင်ငံ/အစိုးရ အကြီးအကဲများ၏ စားပွဲဝိုင်းဆွေးနွေးပွဲ တက်ရောက်စဉ် (သတင်းစဉ်)

**ပေကျင်း မေ ၁၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Yanqi Lake International Conference Centre ၌ ယနေ့တွင်ကျင်းပသည့် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Belt and Road Forum for International Cooperation)၏ နိုင်ငံ/အစိုးရ အကြီးအကဲများ၏ စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

**တက်ရောက်**

အဆိုပါ စားပွဲဝိုင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံနှင့် အိမ်ရှင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၃၀မှ နိုင်ငံ/အစိုးရ အကြီးအကဲများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ကမ္ဘာ့ဘဏ်အဖွဲ့၏ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အမှုဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်သည်။

နံနက်ပိုင်းဆွေးနွေးပွဲတွင် ပိုမိုနီးကပ်သော မိတ်ဖက်ဖြစ်စေရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး


*စာမျက်နှာ ၃ ကော်လံ ၁* ✻


## UMFCCI၊ United Nations Global Compact Network Myanmar နှင့် စီးပွားရေးလုပ်ငန်းရှင်များအား ကျေးဇူးတင်ရှိကြောင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**

**ကျေးဇူးတင်လွှာ**

**(၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်)**

**(၂၀၁၇ ခုနှစ်၊ မေလ ၁၃ ရက်)**

၁။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် United Nations Global Compact Network Myanmar တို့သည် ၄-၄-၂၀၁၇ ရက်နေ့တွင် ရန်ကုန်မြို့ရှိ UMFCCI ၌ ကျင်းပသည့် Business For Peace အခမ်းအနားတွင် စာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၂။ စာချွန်လွှာတွင် ဖွံ့ဖြိုးမှုနိမ့်ကျနေသည့် ဒေသများကို ဦးစားပေးကာ ပြည်တွင်းလူမှုအသိုင်းအဝိုင်းများအတွင်း တာဝန်ယူမှု၊ တာဝန်ကျေပွန်မှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးအပါအဝင် လုပ်ငန်းခွင်အတွင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်အတွင်း၊ လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုရရှိတည်မြဲရေးအတွက် ဆောင်ရွက်နိုင်သည်များကို လေ့လာသင်ယူဆွေးနွေးညှိနှိုင်းကာ စုပေါင်းလုပ်ဆောင်ရန် ပါဝင်ပါသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ✻





## တစ်နေ့တည်း၊ တစ်ညတည်း၊ တစ်ထိုင်တည်း ဖြေရှင်း၍မရသော ပြဿနာများ

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်နှင့် ဘာသာရေးဆိုင်ရာ ခေါင်းဆောင်များ မေလ ၈ ရက်နေ့က ရန်ကုန်မြို့တွင် သီးခြားစီ တွေ့ဆုံခဲ့သည်။ ထိုတွေ့ဆုံဆွေးနွေးချက်များမှ အချက်အချို့ကို ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင် ထည့်သွင်းသွားမည်ဟု ကော်မရှင်ဥက္ကဋ္ဌက ပြောကြားသွားသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း၊ နိုဘယ်ဆုရှင် မစ္စတာ ကိုဖီအာနန်အား ဥက္ကဋ္ဌနေရာထား၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၎င်းကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်အတွင်း ရှာဖွေတွေ့ရှိချက်များနှင့် လေ့လာသုံးသပ်ချက်များ၊ အကြံပြုချက်များပါဝင်မည့် အစီရင်ခံစာကို ကော်မရှင်တည်ထောင်ပြီး ၁၂ လထက် နောက်မကျဘဲတင်သွင်းရမည်ဖြစ်ရာ ယခု အပြီးသတ် အစီရင်ခံစာအတွက် ပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အနေဖြင့် အချက် ၃၉ ချက်ပါကြားဖြတ်အစီရင်ခံစာ တစ်စောင်ကိုလည်း မတ်လအတွင်းက ထုတ်ပြန်ခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ယခုမေလဆန်းက သွားရောက်ခဲ့သော ဥရောပ ၁၀ ရက်တာ ခရီးစဉ်အတွင်း သတင်းထောက်များ၏ မေးမြန်းမှုများကို ဖြေကြားရာ၌ ဒေါက်တာကိုဖီအာနန်၏ အကြံပြုချက်များကို လုံးဝလက်ခံကြောင်း ပြောကြားခဲ့ပါသည်။ အကြောင်းမှာ ထိုကော်မရှင်က ရခိုင်ပြည်နယ်ကို ကိုယ်တိုင်သွားပြီး အချက်အလက်စုဆောင်းကာတွေ့ခဲ့ရတဲ့ အခြေအနေမှန်တွေအပေါ်အခြေခံပြီး အဆိုပြုခြင်းကြောင့်ဖြစ်ကြောင်း၊ အဆိုပြုချက်များ အနေဖြင့် မြေပြင်အခြေအနေမှာ တကယ်တမ်းလိုအပ်ချက်တွေဖြစ်နေသည်ဆိုလျှင် မိမိတို့အနေဖြင့် ကျေကျေနပ်နပ်လက်ခံဆောင်ရွက်မှာဖြစ်ကြောင်း၊သို့သော်ထိုအဆိုပြုချက်များက ရခိုင်ပြည်နယ်က လူမှုအသိုင်းအဝိုင်းနှစ်ခုကို နောက်ထပ်ကွဲပြားမှုတွေ ဖြစ်စေမယ်ဆိုလျှင်တော့ လက်ခံမည်မဟုတ်ကြောင်း၊ အကြောင်းကတော့ တစ်ချိန်လုံးတင်းမာမှုတွေ ဖြစ်နေသော ပြဿနာကို ဖြေရှင်းဖို့အထောက်အကူဖြစ်မှာ မဟုတ်လို့ ဖြစ်ကြောင်း ပြောကြားခဲ့တာတွေ့ရသည်။ ထို့ပြင် မောင်တောဒေသအတွင်း သတင်းထောက်အဖွဲ့များကို နှစ်ကြိမ်တိုင် သတင်းရယူခွင့်ပေးခဲ့ကြောင်း၊ ထို နှစ်ကြိမ်စလုံးတွေ့ဆုံမေးမြန်းမှုများကို ဖြေကြားခဲ့သော မွတ်စလင်ဒေသခံများ သတ်ဖြတ်တာခံရကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

ထိုခရီးစဉ်မှာပင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ မြန်မာ့အရေး ဆုံးဖြတ်ချက်တွင်ပါသော နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့ စေလွှတ်ရေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှာမဟုတ်ကြောင်း၊ ထိုဆုံးဖြတ်ချက်က တကယ့်အဖြစ်အပျက်များနှင့် ကိုက်ညီတယ်လို့ မထင်ကြောင်းလည်း ပြောကြားခဲ့သည်ကို တွေ့ရပါသည်။ အစိုးရကြုံတွေ့နေရသောအခက်အခဲများကို နားလည်ဖို့လိုကြောင်း၊ အစိုးရအနေဖြင့် ရင်ဆိုင်နေရသော အန္တရာယ်က မလှုပ်သာမလှည့်သာဖြစ်ကြောင်း၊ လူမှုအသိုင်းအဝိုင်းနှစ်ခုလုံးက တစ်ဖက်နဲ့တစ်ဖက် မယုံကြည်ကြတာသည် ဆယ်စုနှစ်များနဲ့ချီ၍ ရှိခဲ့တာဖြစ်ကြောင်း၊ ၁၈ ရာစုကတည်းက ရှိခဲ့တာ ဖြစ်သည့်အတွက် တစ်နေ့တည်း၊ တစ်ညတည်း၊ တစ်ထိုင်တည်းနဲ့ ဖြေရှင်းလို့မရနိုင်ကြောင်း၊ အချိန်ပေးဖို့လိုကြောင်းလည်း ပြောကြားခဲ့သည်။

လက်ရှိအစိုးရအနေဖြင့် အစိုးရဖွဲ့စည်းပြီး နှစ်လမကြာမီအတွင်း ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဆိုသည်ကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်၍ ပြည်ထောင်စုအဆင့် ဝန်ကြီးအားလုံးပါဝင်ပြီး ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ယခုမေလ ၁၃ ရက်က သတင်းများတွင် အစိုးရ၏ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများကိုလည်း ဝေဝေဆာဆာမြင်တွေ့ရသည်။ ရခိုင်ပြည်နယ်နှင့် ပြည်မဆက်သွယ်သော လမ်းမကြီးသုံးခုကို အဆင့်မြှင့်တင်ခဲ့ရာ ယခင်ကထက်စာလျှင် အချိန်သက်သာစွာ သွားလာနိုင်ပြီဖြစ်သည်ကို တွေ့ရသည်။ ရခိုင်ပြည်နယ်အတွင်း ပေ ၁၈၀ နှင့်အထက် တံတား ၁၂ စင်းကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ - ၂၀၁၇ အတွင်း ပေ ၁၈၀ အထက် တံတားကြီးတစ်စင်း၊ ပေ ၁၈၀ နှင့် ပေ ၅၀ ကြား တံတား ၁၄ စင်း၊ ပေ ၅၀ အောက် တံတား ၁၉၃ စင်းတည်ဆောက်ခဲ့သည်။ ရခိုင်ပြည်နယ်ကျောက်တော်မှ ချင်းပြည်နယ် ပလက်ဝ၊ မတူပီ၊ ဟားခါး၊ ဖလမ်း၊ တီးတိန်တို့အထိ ပေါက်သောမြေသားလမ်းကိုဖောက်လုပ်ပြီးစီးခဲ့ပြီး ယခုကတ္တရာလမ်းအဆင့်အထိ မြှင့်တင်ဆောင်ရွက်နေသည်ဟု သိရပါသည်။ ရခိုင်ပြည်နယ်အတွင်း လယ်ယာနှင့်ဆည်မြောင်းများ တူးဖော်ပေးမှု၊ နယ်စပ်စည်းရိုးတည်ဆောက်မှု၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ တိုးချဲ့မှု၊ လျှပ်စစ်မီးလင်းရေးဆောင်ရွက်မှုများလည်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ရခိုင်ပြည်နယ် မောင်တောဒေသအရေးနှင့်ပတ်သက်၍ အစိုးရအား အရှက်ရစရာဖြစ်အောင် ပုံဖော်ဆောင်ရွက်သော အင်အားစုများရှိသော်လည်း ပြည်သူများအနေဖြင့် အစိုးရ၏စေတနာနှင့် အလေးအနက်သဘောထား၍ ဖြေရှင်းပေးနေမှုများကို သိမြင်နေကြပါသည်။ ရခိုင်ပြည်နယ်ရှိ နိုင်ငံရေးအင်အားစုများကလည်း ရခိုင်ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ပြုသင့်ပါသည်။ သို့မှသာ ပြည်ပဖိအားများလျှော့ချနိုင်ပြီး ရခိုင်ပြည်နယ်အတွင်း သဟဇာတဖြစ်စွာ နေထိုင်နိုင်ရေးကို အထောက်အကူဖြစ်မည်ဖြစ်ကြောင်း တင်ပြရပါသည်။

## ပြည်ထောင်စုရှေ့နေချုပ်က UNDP မှ အဖွဲ့ခေါင်းဆောင် Ms.Emma Morly နှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် UNDP မှ အဖွဲ့ခေါင်းဆောင် Ms.Emma Morly နှင့်အဖွဲ့အားယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်က တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား လည်းကောင်း၊ Ms.Emma Morly က ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ်က တရားဥပဒေစိုးမိုးရေးဌာနများ၊ တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ရေးအဖွဲ့ခွဲများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ယခုရက်ပိုင်းအတွင်း ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအဖွဲ့များအနေဖြင့် မိမိတို့သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် တရားစီရင်ရေးကဏ္ဍ တိုးတက်ရေးကို ပေါင်းစပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ ဥပဒေဆိုင်ရာ အထောက်အကူပြု အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန် ဒေသကောလိပ် (၂)နှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် မေ ၁၅**

ရန်ကုန်ဒေသကောလိပ် (၂)နှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) တို့တွင် ၁၉၇၆ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကိုမေ ၁၄ ရက်တွင် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်း ၃၀၀ ကျော်ခန့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနား ဖြစ်မြောက်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီ ခုနစ်ခုဖွဲ့စည်းခြင်း၊ ကော်မတီဝင်များ ရွေးချယ်အတည်ပြုခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ကျင်းပရန် ယာယီဆုံးဖြတ်ခဲ့ကြပြီး ပထမအကြိမ် လုပ်ငန်းဆပ်ကော်မတီများ အစည်းအဝေးကို မေ ၂၇ ရက်တွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ကျင်းပမည်ဖြစ်ကာ လုပ်အားပါဝင်ပူးပေါင်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

အလှူငွေ လှူဒါန်းလိုသူများအနေဖြင့် ကမ္ဘောဇဘဏ် (ကမာရွတ်ဘဏ်ခွဲ) ငွေစာရင်းအမှတ် (၀၂၁ ၃၀၂ ၁၆၀၀၀ ၄၁၇၉၀၁) သို့ ပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။



အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားဖြစ်မြောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌအဖြစ် ကိုဝေဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ (၁) အဖြစ် ပိန်ပိန်၊ ဒုတိယဥက္ကဋ္ဌ (၂) အဖြစ် ကိုင်ဇာ၊ အတွင်းရေးမှူးအဖြစ် ကိုဇော်မြင့်တို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

အခမ်းအနား ကျင်းပရေးနှင့်စပ်လျဉ်း၍ ပြန်ကြားရေးတာဝန်ခံ ကိုဝင်းချိုက " အာစရိယပူဇော်ပွဲမှာ အသက်(၆၀)ပြည့်ပြီး အငြိမ်းစားယူသွားခဲ့တဲ့ ဆရာ၊ ဆရာမကြီးတွေကို ပူဇော်ကန်တော့သွားမှာဖြစ်ပါတယ်။ အာစရိယပူဇော်ပွဲ ကျင်းပမယ့်ရက်ကိုလည်း မိဘဖြစ်နေကြတဲ့ ကျောင်းသား ကျောင်းသူဟောင်းတွေ၊ ကလေးတွေ ကျောင်းပိတ်ရက်ဖြစ်မယ့်၊ နိုင်ငံခြားရောက် ကျောင်းသား ကျောင်းသူဟောင်းတွေလည်း လာနိုင်မယ့်ရက်ဖြစ်တဲ့ အခုနှစ်ကုန် ဒီဇင်ဘာလနောက်ဆုံးပတ်ထဲမှာ ကျင်းပဖို့ လျာထားသတ်မှတ်ထားပါတယ်" ဟုပြောသည်။ **မောင်စော**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၅-၅-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၇၅/၆၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၈၅/၇၀၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၂၅/၇၄၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၉၅/၇၁၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၈၈ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၉ ・ ၈၈ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ・ ၃၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၂၀ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၄ ・ ၂၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

*✻ ရှေ့စုံမှ*

(Policy synergy for closer partnership) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အလုပ်သဘော နေ့လယ်စာ စားပွဲတွင် ပိုမိုနီးကပ်သော ပြည်သူအချင်းချင်း ဆက်ဆံမှုရှိစေရေး (Closer people-to-people bond) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်း ဆွေးနွေးပွဲတွင် အပြန်အလှန်ဆက်နွှယ်မှုရှိသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး (Connectivity cooperation for inter-connected development) ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြသည်။

**မိန့်ခွန်းပြောကြား**

အဆိုပါ ဆွေးနွေးပွဲများတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပါဝင်ဆွေးနွေး မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အပြန်အလှန် နားလည်မှု၊ လေးစားမှုကို အခြေခံသည့် ကောင်းမွန်သော ပြည်သူအချင်းချင်း ဆက်ဆံရေးရှိမှုနှင့် တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်တစ်ရပ်ရှိမှုတို့သည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံချက် အောင်မြင်မှုရှိစေရေးအတွက် အဓိက အခြေခံမှုများဖြစ်ကြောင်း အလေးထား ပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံ/အစိုးရ အကြီးအကဲများ၏ စားပွဲဝိုင်းဆွေးနွေးမှုဆိုင်ရာ ပူးတွဲကြေညာချက်ကို ထုတ်ပြန်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီရို ဂူတာရက်စ်အား ညနေပိုင်းတွင် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ကြိုဆိုနှုတ်ဆက်စဉ်**
(သတင်းစဉ်)



**ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် နိုင်ငံ/အစိုးရ အကြီးအကဲများ၏ စားပွဲဝိုင်းဆွေးနွေးပွဲ ကျင်းပစဉ်**
(သတင်းစဉ်)



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီရို ဂူတာရက်စ်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်**
(သတင်းစဉ်)

ပတ်သက်၍ ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံတွင် မကြာမီကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ တက်ရောက်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား ဖိတ်ကြားထားကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့လည်း အတူတက်ရောက်လျက်ရှိသည်။ **(သတင်းစဉ်)**

**အပြန်အလှန်နားလည်မှု၊ လေးစားမှုကို အခြေခံသည့် ကောင်းမွန်သော ပြည်သူအချင်းချင်း ဆက်ဆံရေးရှိမှုနှင့် တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်တစ်ရပ်ရှိမှုတို့သည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံချက် အောင်မြင်မှုရှိစေရေးအတွက် အဓိကအခြေခံမှုများဖြစ်ကြောင်း အလေးထား**

# မြန်မာနိုင်ငံတွင် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေး ဦးတည်ကြိုးပမ်းလျက်ရှိ

နေပြည်တော် မေ ၁၅

**ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့တွင် (၁၇) ကြိမ်မြောက် ဒိုဟာညီလာခံသို့ တက်ရောက်ပြီး Transformation in Myanmar Political Landscape and Refugee Issue နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။**



ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း (၁၇)ကြိမ်မြောက် ဒိုဟာညီလာခံ၌ ဆွေးနွေးပြောကြားစဉ် (သတင်းစဉ်)

အထူးကော်မရှင်ဥက္ကဋ္ဌက ယနေ့ ကမ္ဘာတစ်ဝန်းတွင် ဒုက္ခသည်များ အရေးကို အာရုံစိုက်လာကြကြောင်း၊ ဒုက္ခသည်များအရေးသည် သက်ဆိုင်ရာ နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တို့အပေါ် များစွာအကျိုးသက်ရောက်မှု ရှိပြီး ဒေသ၏တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် ထိခိုက်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အရေးကြီး ကိစ္စရပ်အဖြစ် အထူးအလေးထားကာ သိမ်မွေ့စွာ ကိုင်တွယ်ဖြေရှင်းလျက် ရှိကြောင်း၊ နိုင်ငံလွတ်လပ်ရေးရရှိချိန်မှ စ၍ယနေ့တိုင် နှစ်ပေါင်း ၇၀ ခန့် ကြာမြင့်ပြီဖြစ်သော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပဆွေးနွေးလျက် ရှိကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်းများစွာ ကအကြောင်းရင်းများကြောင့် ယနေ့ ကမ္ဘာကအာရုံစိုက်လာသည့် ရခိုင် ပြည်နယ်အရေးသည် ပညာရေးအဆင့် အတန်းနိမ့်ကျခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်း၊ တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်ယုံကြည်မှု မရှိခြင်းတို့ကြောင့် ဒေသတွင်းတင်းမာမှု ပိုမိုမြင့်တက်လာကြောင်း။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီက ယင်းကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းလျက်ရှိကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များ ပေးအပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာအောင်ဆောင်ရွက်ခြင်းနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ မြန်ဆန်ထိရောက်မှုရှိအောင် ဆောင်ရွက်ခြင်းတို့ကို အလေးထားလုပ်ဆောင်လျက် ရှိကြောင်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာ ကိုဖီအာနန် ခေါင်းဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များကိုလည်း အစိုးရက အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများတွင် လူ့အခွင့်အရေးချိုးဖောက်သည် ဆိုသည့် စွပ်စွဲချက်များကို ဒုတိယသမ္မတ ဦးမြင့်ဆွေခေါင်းဆောင်သည့် စုံစမ်းရေးကော်မရှင်က စုံစမ်းစစ်ဆေးလျက် ရှိပြီး စွပ်စွဲချက်သည် အထောက်အထားခိုင်လုံလျှင် ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း။

ယနေ့ မြန်မာနိုင်ငံတွင် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးတို့ကို ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ လွတ်လပ်မှု၊ ညီမျှမှု၊ တရားမျှတမှုရှိရေး၊ လူသားများ၏ မွေးရာပါအခွင့်အရေးကို အသိအမှတ်ပြုပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသောနိုင်ငံအဖြစ် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း၊ ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုမြှင့်တင်ရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးဖြစ်ပေါ်ရေးတွင်လည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားသည်။

(၁၇) ကြိမ်မြောက် ဒိုဟာဖိုရမ်ကို ကာတာနိုင်ငံ ဒိုဟာမြို့ Sheraton Hotel ၌ မေ ၁၄ ရက်မှ ၁၅ ရက် အထိကျင်းပပြီး နိုင်ငံခေါင်းဆောင်များ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၆၀၀ ခန့် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

❄ *ရှေ့ဖုံးမှ*

၃။ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် လုပ်ငန်းကုမ္ပဏီများဖြစ်ရန်နှင့် ဥပဒေကိုလေးစားလိုက်နာပြီး ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်၍ အဂတိလိုက်စားမှုကို လုံးဝအားပေးခြင်းမရှိသည့် စီးပွားရေးလုပ်ငန်းကုမ္ပဏီများဖြစ်ရန် လိုအပ်ပြီး၊ မြန်မာကုမ္ပဏီများအနေဖြင့် United Nations Global Compact (UNGC) အဖွဲ့ဝင်ကာ UNGC မှ ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်း (၁၀)ချက်ကို ကတိကဝတ်ပြုလိုက်နာခြင်းဖြင့် ငြိမ်းချမ်းရေးတွင် ကဏ္ဍတစ်ရပ်မှ ပါဝင်နိုင်မည်ဖြစ်ပါသည်။ Global Compact အဖွဲ့ဝင်အဖြစ် ၂၀၁၂ခုနှစ်၌ ကုမ္ပဏီ (၁၅)ခုဖြင့် စတင်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ကုမ္ပဏီ (၃၀၀)ရှိခဲ့ပြီး၊ UMFCCI တွင် ကုမ္ပဏီ (၃၀၀၀၀)ခန့် ရှိသည့်အနက် ကုမ္ပဏီ (၁၀၀၀၀)ခန့်ကို Global Compact အဖွဲ့ဝင်ရန် ကမ်းလှမ်းမည်ဖြစ်ကြောင်း သိရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ Business For Peace အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို စီးပွားရေးရှုထောင့်မှ အကူအညီပေးမည်ကို ကြိုဆိုပါကြောင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်နိုင်ရန် ဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်ပေးသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ United Nations Global Compact Network Myanmar နှင့် စီးပွားရေးလုပ်ငန်းရှင်များအား အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက အထူးကျေးဇူးတင်ရှိပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**

---

# မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် FBI တို့ပူးပေါင်း၍ သင်တန်းများဖွင့်လှစ်

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် အမေရိကန်နိုင်ငံ Federal Bureau of Investigation (FBI) တို့ ပူးပေါင်းဖွင့်လှစ်သည့် Organized Crime and Public Corruption သင်တန်းများဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးမြဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌက ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် အထောက်အကူရရှိပြီး အကျိုးကျေးဇူးများစွာရရှိစေမည် ဖြစ်ကြောင်း၊ နောင်တွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမေရိကန်သံရုံးမှ မစ်ရှင်အဖွဲ့ ဒုတိယအကြီးအကဲ (Kristen F. Bauer) က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းများတွင် Organized Crime သင်တန်းကို မေ ၁၅ ရက်မှ ၁၉ ရက်အထိ လည်းကောင်း၊ Public Corruption Course သင်တန်းကို မေ ၂၂ ရက်မှ ၂၆ ရက်ထိလည်းကောင်း ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတွင် ဖွဲ့စည်းပုံ၊ ပြစ်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုစနစ်၊ ပြစ်မှုဆိုင်ရာဖော်ထုတ်မှုစနစ်နှင့် အလေ့အကျင့်များ၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးစနစ် အသုံးပြုမှုများ၊ လူမှုအဖွဲ့အစည်းအတွင်း ပြည်သူတို့၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကျိုးသက်ရောက်မှုများ၊ အစိုးရအဖွဲ့အဆင့်များတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အောင်မြင်သော မဟာဗျူဟာ စသည့်ဘာသာရပ်များကို သင်တန်းကာလ ၁၂ ရက်အတွင်း သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်နှင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြမည်ဖြစ်သည်။

ယခုသင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အတွေ့အကြုံနှင့် ဗဟုသုတများ ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



---

# မဲခေါင်စာပေဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မဲခေါင်စာပေဆုရွေးချယ်ရေးအဖွဲ့သည် ပြိုင်ပွဲဝင်စာအုပ်များ ဖိတ်ခေါ်ခဲ့ရာ စိစစ်ရွေးချယ်ရေးအဖွဲ့က ဝတ္ထုရှည်ဆုကို Lamp-Lady Dr. Nightingale ရေးသားသည့် "ARTIFICLALVIRGIN"က လည်းကောင်း၊ ကဗျာဆုကို Shwe Myaing Pyone Lei Maw ရေးသားသည့် "BEAUTIFIER POEMS" က လည်းကောင်း ဆုရရှိကြကြောင်း ထုတ်ပြန်ကြေညာသည်။

ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ်(ယူနန်ပြည်နယ်)နိုင်ငံတို့ပါဝင်သည့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွက် ချီးမြှင့်မည့် (၈)ကြိမ်မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲကို သြဂုတ်လ စတုတ္ထပတ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် မေ ၁၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

❋ ကျောဖုံးမှ

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီတို့က MAPCO Golden Lace ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ စက်ရုံအတွင်းရှိ ခေတ်မီဆန်စက်၊ သိုလှောင်ရုံများ၊ Silo များ နှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အား ၂ဒသမ၂ မဂ္ဂါဝပ် ထုတ်စက်တို့ကို လှည့်လည်ကြည့်ရှုရာ MAPCO မှ တာဝန်ရှိသူများက စပါးခွံမှ လျှပ်စစ်ထုတ်လုပ်ပုံကို ရှင်းလင်းတင်ပြသည်။

**ဂုဏ်ယူဝမ်းမြောက်**

ယင်းနောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေး၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သည့် ခေတ်မီဆန်စက်ကြီးနှင့်အတူ စပါးခွံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်ရုံကိုပါ ပူးတွဲတည်ဆောက်ထားသော စက်ရုံရပ်ဝန်း တစ်ခုကို မြန်မာနိုင်ငံ လယ်ယာစီးပွားအများပိုင်ကုမ္ပဏီမှ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ရင်းနှီးမြှုပ်နှံကာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မိမိတို့နေထိုင်သည့် ကမ္ဘာကြီးတွင် အစားအစာဖူလုံရေးသည် တစ်နှစ်ထက်တစ်နှစ် ပိုပြီးအရေးကြီးလာသည့်အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးအောင် ကြိုးပမ်းဖို့ကလည်း အရေးပါတဲ့ကိစ္စတစ်ခု ဖြစ်ပါကြောင်း။

**အကျိုးအမြတ်ပိုမိုရ**

တောင်သူများနှင့် အကျိုးတူကန်ထရိုက် လယ်ယာစနစ်သည် မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးနည်းပညာများ ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်သကဲ့သို့ သီးနှံပေါ်ချိန်တွင် တွက်ချေကိုက်ပြီး အကျိုးအမြတ်ပိုမိုရရှိနိုင်သည့် အာမခံဈေးကွက်နှင့် အာမခံဈေးနှုန်းကို ရရှိလာမည်ဖြစ်ပါကြောင်း။

**ဈေးကွက်ဝေစုပိုမိုရရှိရန်ကြိုးစား**

စက်မှုလယ်ယာ အငှားလိုက်ဝန်ဆောင်မှုများ၊ သီးနှံအရည်အသွေးကောင်းမွန်ရေးအတွက် အဆင့်မြင့်သိုလှောင်ရုံနှင့် အခြောက်ခံစက်များ၊ တန်ဖိုးမြှင့် ထွက်ကုန်ဖြစ်စေရန်အတွက် ခေတ်မီကြိတ်ခွဲသန့်စက်၊ ထုပ်ပိုးစက်များသည်လည်း မဖြစ်မနေထည့်သွင်းဆောင်ရွက်သွားကြရမည့် လုပ်ငန်းစဉ်များပင်ဖြစ်ပါကြောင်း၊ မြန်မာ့လယ်ယာထွက်ကုန်များအတွက် နိုင်ငံတကာဈေးကွက် ဝေစုပိုမိုရရှိရန်အတွက်လည်း နိုင်ငံတော်အနေဖြင့် အထူးကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် တောင်သူလယ်သမားများ၏ စိုက်ရေး၊ ပျိုးရေးတွင် အထောက်အပံ့ဖြစ်စေရန် စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ထုတ်ချေးနိုင်ရေးကို စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတကာမှ အတိုးနှုန်းသက်သာသည့် ချေးငွေများရယူပြီး လယ်ယာကဏ္ဍအတွက် ကာလတို၊ ကာလလတ်၊ ကာလရှည်ချေးငွေများ ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

**ထောက်ပံ့ပေးလျက်ရှိ**

သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများ၊ ထိခိုက်နစ်နာမှုများ ခံစားခဲ့ကြရသည့် တောင်သူများကိုလည်း ပျက်စီးသွားသည့် သီးနှံများ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန်နှင့် တာတမံများနှင့် လမ်းတံတားများ ပြန်လည်ပြုပြင်နိုင်ရန် သဘာဝဘေး သီးသန့်ရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

ယခုကဲ့သို့ လျှပ်စစ်စွမ်းအင်ကို စွန့်ပစ်စပါးခွံ လောင်စာအသုံးပြုပြီး ရယူထုတ်လုပ်ခြင်းသည် ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းပေးရာရောက်သကဲ့သို့၊ စပါးခွံများစွန့်ပစ်၊ မီးရှို့မှုကြောင့် ဖြစ်ပေါ်လာသည့် ရေထု၊ လေထုညစ်ညမ်းမှုကို လျော့ကျစေသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာလည်း ရောက်စေပါကြောင်း။

**တိုးမြှင့်ဖော်ဆောင်**

ထို့ပြင် ဆန်စက်အတွက် အသုံးပြုပြီး ပိုလျှံသည့် လျှပ်စစ်ဓာတ်အားကို အနီးပတ်ဝန်းကျင် ဒေသခံပြည်သူများအတွက်ပါ ဖြန့်ဖြူးပေးနိုင်သည့်အတွက် ပြည်သူလူထုအကျိုးစီးပွားကို တိုးမြှင့်ဖော်ဆောင်နိုင်မည်ဟု ယုံကြည်မိပါကြောင်း။

**ပြည်ပပို့ကုန်တန်ဖိုးတိုးမြှင့်**

လယ်ယာကဏ္ဍကို မှီတည်လုပ်ကိုင်နေကြသည့် တောင်သူလယ်သမားများ၊ လယ်ယာထွက်ကုန်နှင့် ဆက်စပ်သည့် ကုန်သည်ပွဲစား လုပ်ငန်းရှင်များ၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးကြိုးပမ်းနေသည့် ပုဂ္ဂလိကအသင်းအဖွဲ့များအားလုံး အနေဖြင့် ဈေးကွက်ဝင်အရည်အသွေးမြင့် လယ်ယာထွက်ကုန်များ ပိုမိုထွက်ရှိအောင်၊ ပြည်ပပို့ကုန် တန်ဖိုးတိုးမြှင့်ရရှိအောင် ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်က ခေတ်မီဆန်စက်နှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကာ စပါးခွံသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရခြင်းနှင့် စပ်လျဉ်းပြီး အိန္ဒိယနိုင်ငံ Lucky Export Co မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် ဖွဲ့နုဆီစက်ထုတ်လုပ်ခြင်းနှင့် တင်ပို့ရောင်းချခြင်းအတွက် အကျိုးတူပူးပေါင်းရန် Myanmar Agribusiness public Corporation Ltd မန်နေဂျင်းဒါရိုက်တာ ဦးရဲမင်းအောင်နှင့် Fukuoka Seiyu Co.,Ltd ဥက္ကဋ္ဌ Katsuyasu Aoyagi တို့က MoU လက်မှတ်ရေးထိုးပြီး အကျိုးတူကန်ထရိုက် လယ်ယာစနစ်အရ ဆောင်ရွက်မည့် မျိုးစပါး ဧက ၆၀၀ နှင့် အရည်အသွေးမြင့် စပါး ဧက ၅၅၀၀ စိုက်ပျိုးရန် စိုက်ပျိုးစရိတ်၊ မျိုး၊ သွင်းအားစုနှင့် ရိတ်သိမ်းစရိတ်များအတွက် ငွေကျပ် ၁၂၂၅ သိန်းအား ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံနှင့် ဘိုကလေးမြို့နယ်များမှ ကျေးရွာတောင်သူ ၁၈၅၀ ထံ ကိုယ်စားလှယ်များမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတက ဆန်စက်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒေသခံတောင်သူများကိုယ်စား တောင်သူသုံးဦးက ကျေးဇူးတင်စကားပြောကြားသည်။

**စီမံကိန်းပထမအဆင့်ဖြစ်**

ယနေ့ ဖွင့်လှစ်သည့် ခေတ်မီတန် ၂၄၀ ဆန်စက်၊ တန် ၂၀၀ ပေါင်းဆန်စက်၊ တန် ၅၀၀ သိုလှောင်ရုံ လေးလုံး၊ အခြောက်ခံစက်များနှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အား ၂ဒသမ၂ မဂ္ဂါဝပ် ထုတ်စက်တို့သည် မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင် ကော်ပိုရေးရှင်းလီမိတက်၏ စီမံကိန်းပထမအဆင့်ဖြစ်ပြီး စီမံကိန်း ဒုတိယအဆင့်အနေဖြင့် ဖွဲ့နုဆီစက်၊ တိရစ္ဆာန်အစားအစာစက်များ၊ ဆန်မှုန့်နှင့် ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆံ ထုတ်လုပ်ရေးစက်များကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ခေတ်မီဆန်စက်နှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသစဉ် (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကျိုက်လတ်မြို့ရှိ ၂၃၀ ကေဗွီ ကျိုက်လတ် ပင်မဓာတ်အားခွဲရုံသို့ သွားရောက်ရာ ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန တာဝန်ရှိသူက ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့တွင် တည်ဆောက်နေသည့် ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံတည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ရန် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းဆောင်ရွက်ရန် မှာကြားကာ ကျိုက်လတ် ပင်မဓာတ်အားခွဲရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

**ကမ်းပြိုမှုကြည့်ရှု**

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့သည် ကျိုက်လတ်မြို့မှ ဖျာပုံမြို့သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ပြီး ဖျာပုံမြို့ ဆိပ်ကမ်းသာဈေး မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုနှင့် ပန်းခြံအနီး ကမ်းပြိုမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူက မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုကို ကာကွယ်နိုင်ရန် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတက မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းများအား မိုးမကျမီ အချိန်မီပြီးစီးနိုင်ရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရန် မှာကြားသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်တွင် ဖျာပုံမြို့ ဆိပ်ကမ်း မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုအတွက် ကမ်းထိန်းလုပ်ငန်းများအတွက် အလျား ပေ ၁၆၀ ၊ ကွန်ကရစ်ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ ဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖျာပုံမြို့ ရေတိုက်စားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

❍ ကျောဖုံးမှ

ဖြစ်ပေါ်လာစေရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က ပြောသည်။

"နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းတွေအတွက် ကြည့်ရှုစောင့်ရှောက်ပေးဖို့ ချမှတ်ထားတဲ့ စီမံကိန်းလုပ်ငန်းများစွာအနက် တစ်ခုအပါအဝင်ဖြစ်တယ်။ ဒီစီမံကိန်းအရ မြေကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေရဲ့အစီအစဉ်နဲ့ ရှာဖွေပေးရမယ်။ လိုအပ်တဲ့ငွေကြေးကိုလည်း ဘဏ်လုပ်ငန်းရှင်တွေက ဆောင်ရွက်ပေးပါ။ ဒီအိမ်ရာတွေက မြေခနဲ့ ဆောက်လုပ်ခ အမြတ်အစွန်းမပါဘဲ တန်ဖိုးသက်သာတဲ့ အိမ်ရာတွေအဖြစ် ဆောင်ရွက်ခိုင်းတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့လည်း အင်မတန်အရေးကြီးတဲ့ စီမံကိန်းဖြစ်တဲ့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

အဆိုပါစီမံကိန်းမှာ လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနက် သုံးနှစ်အတွင်း အငြိမ်းစားယူမည့် ဝန်ထမ်းများကို ဦးစားပေးအလိုက် အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ၎င်းဝန်ထမ်းများ အငြိမ်းစားယူသွားပါကလည်း ပေးသွင်းရန် ကျန်ရှိသည့် အိမ်ရာဖိုးငွေများကို သား၊ သမီးများမှ ဆက်လက်ပေးချေနိုင်ခွင့်ကိုလည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအိမ်ရာများကို အကျယ်အဝန်းနှင့် တန်ဖိုးအလိုက်ဈေးနှုန်းများ သတ်မှတ်ထားရာ ၄၀၀ စတုရန်းပေအကျယ်တစ်ခန်းလျှင် ငွေကျပ် သိန်း ၉၀၊ ၅၀၀ စတုရန်းပေအကျယ် တစ်ခန်းလျှင် ငွေကျပ် ၁၁၅ သိန်း၊ ၆၀၀ စတုရန်းပေအကျယ် တစ်ခန်းလျှင် ငွေကျပ်သိန်း ၁၄၀၊ ၇၅၀ စတုရန်းပေ အကျယ်တစ်ခန်းလျှင် ငွေကျပ် သိန်း ၁၇၀နှင့် ၉၀၀ စတုရန်း ပေ အကျယ်တစ်ခန်းလျှင် ငွေကျပ် သိန်း ၂၀၀ သတ်မှတ်ထားပြီး ငွေပေးချေမှုအား ၅ နှစ်၊ ၈ နှစ်၊ ၁၀ နှစ် ၁၂ နှစ်နှင့် ၁၅ နှစ်စသည်ဖြင့် အရစ်ကျငွေပေးချေဝယ်ယူနိုင်ကြောင်း သိရသည်။

❒ ကျောဖုံးမှ

အစည်းအဝေးတွင် နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ၂၀၁၇ ခုနှစ် မတ် ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည့် ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်မှ **Mr. Ghassan Salame** ဦးဆောင်သည့် ကော်မရှင်အဖွဲ့ဝင်များနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးစဉ်



မေ ၁၅ ရက်က သူနာပြုသင်တန်းကျောင်း(နေပြည်တော်)၌ ကျင်းပသည့် သူနာပြုနှင့် သားဖွား ပထမနှစ် သင်တန်းသား သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်း အပ်နှင်းပွဲအခမ်းအနားတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သင်တန်းသူတစ်ဦးအား အပ်နှင်းချီးမြှင့်စဉ်
(သတင်းစဉ်)

# မြားပစ်နည်းပြသင်တန်း(အဆင့်-၂)သင်တန်းဖွင့်ပွဲနှင့် တိုက်ကွမ်ဒိုဥပဒေရေးရာနှင့် ဒိုင်လူကြီးသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ သွေးစည်းညီညွတ်ရေးအစီအစဉ်အရ ဖွင့်လှစ်သည့် မြားပစ်နည်းပြသင်တန်း(အဆင့်-၂)ကို ယနေ့နံနက် ၉ နာရီက အားကစားလေ့ကျင့်ရေးစခန်း Multipurpose Hall ၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမှာစကားပြောကြားသည်။ ထို့နောက် Mr.Tim Swane က သင်တန်းတွင် ပို့ချပေးမည့်အကြောင်းအရာများကို အနှစ်ချုပ်ပြောကြားပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ မြားပစ်နည်းပြသင်တန်း (အဆင့်-၂)ကို မေ ၁၅ ရက်မှ ၂၄ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား ၁၃ ဦး၊ သင်တန်းသူ ၁၀ ဦး စုစုပေါင်း ၂၃ ဦး တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိသည်။

ဆက်လက်၍ သင်တန်းဖွင့်ပွဲအပြီးတွင် တိုက်ကွမ်ဒိုဥပဒေရေးရာနှင့် ဒိုင်လူကြီး သင်တန်း(၁/၂၀၁၇) သင်တန်းဆင်းပွဲကို ကျင်းပသည်။ သင်တန်းဆင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားရာ ယခုသင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များတွင် နည်းဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများကို ထူးချွန်စွာ တတ်မြောက်ပြီး အရည်အချင်းပြည့်ဝပြီး ထူးချွန်ထက်မြက်သော တိုက်ကွမ်ဒို မျိုးဆက်သစ် လက်ရွေးစင်ကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရသည့် အတွက် သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ယူခဲ့ရသော သင်ခန်းစာများကို မိမိတို့၏ ကိုယ်ပိုင်အရည်အချင်း အတွေးအခေါ် အယူအဆများနှင့် ပေါင်းစပ်ကာ မျိုးဆက်သစ် ထူးချွန်ထက်မြက်သော ဒိုင်လူကြီးများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ် ပေးအပ်ရာ သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျိုက်လတ်ဆန်စက်ဖွင့်ပွဲနှင့် ဒေသခံလယ်သမားများ၏ မျှော်လင့်ချက်

## တွေ့ဆုံမေးမြန်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၅

**ခေတ်မီဆန်စက်နှင့် သိုလှောင်ရုံများ၊ အခြောက်ခံစက်များနှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်စက် ၂ ဒသမ ၂ မဂ္ဂါဝပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျိုက်လတ်-ဖျာပုံ ကားလမ်းဘေးရှိ MAPCO Golden Lace (MGL) ဝင်း၌ ကျင်းပသော စက်ရုံသစ်ကြီး ဖွင့်လှစ်နိုင်ခြင်းနှင့် စပ်လျဉ်း၍ ဒေသခံတောင်သူလယ်သမားများ၏ အမြင်ကို စုစည်းဖော်ပြအပ်ပါသည်။**

### ဦးကြင်သိန်း(ဖျာပုံမြို့နယ်)

ဒီကနေ့ နိုင်ငံတော်အစိုးရနဲ့ မက်(ပ်)ကို ကုမ္ပဏီတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကျွန်တော်တို့ တောင်သူလယ်သမားတွေ အနှစ်နှစ်အလလက မျှော်လင့်ချက်တစ်ခုကို စတင်အကောင်အထည်ဖော်ပေးလိုက်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားတွေလိုအပ်နေတဲ့ ဓာတ်မြေဩဇာ၊ မျိုးစပါး၊ စိုက်ပျိုးစရိတ် အရင်းအနှီးတွေကို ဖြည့်ဆည်းပေးတဲ့အပြင် စပါးဈေးကို အာမခံဈေးနှုန်းနဲ့ ရရှိအောင် ဆောက်ရွက်ပေးမှာဖြစ်တဲ့အတွက် အလွန်ပဲဝမ်းမြောက်မိပါတယ်။ တစ်ဆက်တည်းမှာပဲ စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပံ့ပိုးမှုတွေ ပြုလုပ်သွားမယ်လို့လည်း သိရပါတယ်။ စိုက်ပျိုးရေးစရိတ် တစ်ဧက ကျပ် တစ်သိန်းခွဲနဲ့ မလုံလောက်တဲ့အချိန်မှာ အခုလို အစိုးရနဲ့ ကုမ္ပဏီပူးပေါင်းပြီး ကူညီပေးတဲ့အတွက် အလွန်ပဲကျေးဇူးတင်ရှိပါတယ်။

### ဦးကျော်ဇေယျ(ရေကြည်မြို့နယ်)

စိုက်ပျိုးရေးနဲ့ ပတ်သက်လို့ လယ်ယာမြေ ဥပဒေက ၂၀၁၂ ခုနှစ်မှာ ထွက်ခဲ့ပေမယ့် လယ်သမားတွေကို အမှန်တကယ် ထိရောက်တဲ့ ပံ့ပိုးပေးမှုတွေ အားနည်းနေပါတယ်။ လယ်သမားတိုင်းက သူတို့ပိုင်တဲ့လယ်ယာမြေတွေကို ရောင်းချင်တယ်၊ ပေါင် ချင်တယ်၊ ဒါပေမယ့် တကယ်တမ်းကျတော့ ပေါင်နှံရောင်းချခွင့်တွေမရပါဘူး၊ ဒီလိုပေါင်နှံခြင်း၊ ရောင်းချခြင်းပြုလုပ်ရတာကလည်း အကြောင်းအမျိုးမျိုးရှိပါတယ်။ လယ် ၁၀ ဧကရှိတဲ့သူဟာ နှစ်ဧကရောင်းလိုက်မယ်ဆိုရင် ကျန်တဲ့ ရှစ်ဧကကို နိုင်နိုင်နင်းနင်း လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့မှာ ရေကြီးတယ်ဆိုရင် ပြန်စိုက်ရတယ်။ ဒီအတွက် ချေးထားတဲ့ စိုက်ပျိုးစရိတ် တစ်ဧက ကျပ် တစ်သိန်းခွဲနဲ့ မလုံလောက်တဲ့အဆုံးမှာ ပေါင်နှံတာတွေ၊ ရောင်းချတာတွေလုပ်ရပါတယ်။ ပြီးတော့ သွင်းအားစုအနေနဲ့လည်း ကျွန်တော်တစ်ခါက ရွှေလီကို သွားတယ်။ အဲ့ဒီမှာ ပုလဲဓာတ်မြေဩဇာက တစ်အိတ် ယွမ် ၅၀ ပဲ ရှိတယ်။ မြန်မာငွေနဲ့ဆို ကျပ် တစ်သောင်းပဲရှိတယ်။ အခု ကျွန်တော်တို့ဆီမှာ ကျပ် နှစ်သောင်းကျော်နဲ့ ဝယ်သုံးနေရတယ်။ ဒါက မဖြစ်သင့်ပါဘူး။ အခြား သွင်းအားစုတွေ အားလုံးဒီလိုပဲ ဈေးကွက်ကို ထိန်းချုပ်ထားသလို ဖြစ်နေပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဧရာဝတီတိုင်းက လယ်သမားတွေဟာ ငဝန်မြစ်နဲ့ ဧရာဝတီမြစ် နှစ်ခုကြားမှာ ရှိနေပါတယ်။ ဒီမြစ်နှစ်ခုရဲ့ ရေကာတာတွေကို ပိုမိုခိုင်မာစေချင်ပါတယ်။ မိုးရာသီ ရေကြီးချိန်မှာ ရင်တမမနဲ့ ဒီရေကာတာတွေ မကျိုးပေါက်ဖို့ ဆုတောင်းနေကြရတယ်။ ဒါကြောင့် ဒီ ရေကာတာတွေကိုလည်း ပိုမိုကောင်းမွန်အောင် လုပ်ပေးစေချင်ပါတယ်။

### ဦးတင်အောင်သန်း(မော်လမြိုင်ကျွန်းမြို့နယ်)

ဒုတိယသမ္မတကြီး မိန့်ကြားသွားတဲ့ အထဲမှာ ကျွန်တော်တို့လယ်သမားတွေကို နှစ်တိုနှစ်ရှည် ချေးငွေတွေပေးဖို့ စဉ်းစားနေပြီလို့ ကြားသိရပါတယ်။ ဒီအတွက်ကြောင့်လည်း ကျွန်တော်တို့တောင်သူလယ်သမားတွေ အမှန်တကယ်လိုအပ်နေတဲ့ စိုက်ပျိုးစရိတ်ချေးငွေတွေ ပိုမိုရရှိလာတော့မယ်လို့ ခံစားမိပါတယ်။ ပြီးတော့ ဧပြီလကစပြီး ကျွန်တော်တို့ တောင်သူလယ်သမားတွေအပေါ် ဝင်ငွေခွန်တွေ ကောက်ခံတော့မယ်လို့ ကြားသိရပါတယ်။ အခွန်ပေးဆောင်ရခြင်းဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဆိုတာ လက်ခံပါတယ်။ သို့သော်လည်း အခုလို ကျွန်တော်တို့ တောင်သူလယ်သမားတွေ ဟာ နည်းပညာအကူအညီတွေ လိုအပ်နေတဲ့အချိန်မှာ ပြန်လည်စဉ်းစားပေးစေလို ပါတယ်။ နောက်တစ်ခုက သဘာဝဘေးအန္တရာယ်တွေကြောင့် ပျက်စီးသွားတဲ့ လယ်ယာမြေတွေ အတွက် သီးနှံအာမခံစနစ်တစ်ရပ် ပေါ်ပေါက်ဖို့လည်း တိုက်တွန်းချင်ပါတယ်။

### ဦးရဲမင်းအောင်(မက်(ပ်)ကို ကုမ္ပဏီ)

ပို့ကုန်တွေတိုးမြှင့်ဖို့ဆိုရင် လယ်ယာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးလာဖို့ လိုပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ FDI ကိုကြည့်ရင် လယ်ယာကဏ္ဍမှာ စုစုပေါင်း FDI ရဲ့ တစ် ရာခိုင်နှုန်းတောင်မရှိပါဘူး။ ဒါကြောင့် လယ်ယာကဏ္ဍတိုးတက်ဖို့ဆိုရင် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေတိုးလာဖို့လိုပါတယ်။ ဒီကနေ ဂျပန်၊ ကိုရီးယားနဲ့ အိန္ဒိယနိုင်ငံတွေက ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်ပြသခဲ့ပါတယ်။ လယ်ယာကဏ္ဍမှာ ပြည်ပနိုင်ငံတွေက မလာမီ ကျွန်တော်တို့က ဦးစွာလုပ်ပြတာဖြစ်ပါတယ်။ တောင်သူလယ်သမားတွေရဲ့ အကျိုးရှိမယ့် ဝန်ဆောင်မှုတွေ၊ အစီအစဉ်တွေကို ဆက်တိုက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



ဦးကျော်ဇေယျ
(တောင်သူ)



ဦးတင်အောင်သန်း
(တောင်သူ)



ကျိုက်လတ်ခေတ်မီဆန်စက်နှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံကို တွေ့ရစဉ်

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ရုရှားသမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော်  မေ  ၁၅**
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့သည် ရုရှားသမ္မတနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ မေ ၁၅ ရက်မှ ၁၉ ရက်ထိ ကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏တရားမျှတမှု၊ တရားစီရင်မှုဆိုင်ရာ မူသဘောနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်မှုအပြည်ပြည်ဆိုင်ရာညီလာခံသို့ တက်ရောက်ရန်အတွက် ယနေ့ နံနက် ၁ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ထွက်ခွာရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အတူ အဖွဲ့ဝင် အဖြစ် ခုံရုံးအဖွဲ့ဝင် ဦးမြင့်ဝင်းလိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့နှင့် ကန္ဒီမြို့တို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့အခမ်းအနားသို့ တက်ရောက်ခဲ့သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ်



**မေ ၁၅ ရက်က အစ္စရေးနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ညှော်ခံပွဲအခမ်းအနား တက်ရောက်လာသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်ဇနီး ဒေါ်ခင်သီတာတို့အား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E.Mr. Daniel Zohar Zonshine ကြိုဆိုနှုတ်ဆက်စဉ်**
(သတင်းစဉ်)

# သီရိလင်္ကာနိုင်ငံ၌ ကျင်းပသော ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့အခမ်းအနား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့

**နေပြည်တော် မေ ၁၅**
သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့နှင့် ကန္ဒီမြို့တို့တွင် မေ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့ အခမ်းအနား "International Vesak Day Celebrations in the Year 2017" သို့ တက်ရောက်ရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၁ ရက်က သီရိလင်္ကာနိုင်ငံ၌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ ပြသလျက်ရှိသော မြန်မာနိုင်ငံ ဗုဒ္ဓသာသနာဆိုင်ရာပြခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မကုဋာရာမ မြန်မာကျောင်းတိုက်ရှိ နာယကဆရာတော်ကြီး လေးပါး၊ ပညာတော်သင် မြန်မာစာသင်သား ရဟန်းတော်များနှင့် သီလရှင်များအား သွားရောက်ကြည်ညို၍ ကျောင်းတိုက်အတွက် အမေရိကန်ဒေါ်လာ ၅၀၀၀ ကို လှူဒါန်းသည်။ ယင်းနေ့ညပိုင်းတွင် သီရိလင်္ကာနိုင်ငံ သမ္မတကိုယ်စား သာသနာရေးနှင့် တရားရေးဝန်ကြီးဌာန ဝန်ကြီးက ကြီးမှူးပြုလုပ်သည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များ တက်ရောက်ခဲ့သည်။

မေ ၁၂ ရက် နံနက်ပိုင်းတွင် ဗုဒ္ဓနေ့ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး နေ့လယ်ပိုင်းတွင် သီရိလင်္ကာနိုင်ငံ သာသနာရေးနှင့် တရားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ သာသနာရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးပြီး နေ့လယ်ပိုင်းတွင် အခမ်းအနားအစီအစဉ်အရ သီတဂူဆရာတော်ကြီးက ဓမ္မစကားမြွက်ကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှ ပေးပို့သော သဝဏ်လွှာအား နိုင်ငံတော်သမ္မတ၏ကိုယ်စား ပြည်ထောင်စုဝန်ကြီးက ဖတ်ကြားသည်။ ညပိုင်းတွင် သီရိလင်္ကာနိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်၊ သာသနာရေးနှင့်တရားရေးဝန်ကြီးဌာနဝန်ကြီး၊ နိုင်ငံတကာမှ ကိုယ်စားလှယ်များနှင့်အတူ ဗုဒ္ဓနေ့ဆိုင်ရာယဉ်ကျေးမှုပြပွဲသို့ တက်ရောက်ကြည့်ရှုလေ့လာခဲ့သည်။

မေ ၁၃ ရက် နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့ဆိုင်ရာ အုပ်စုလိုက်ဆွေးနွေးပွဲများသို့ တက်ရောက်လေ့လာခဲ့ပြီး ညနေပိုင်းတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာကပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၄ ရက် နံနက်ပိုင်းတွင် ကိုလံဘိုမြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာပြီး ကန္ဒီမြို့ရှိ စွယ်တော်တိုက် ဗုဒ္ဓမြတ်စွယ်တော်ကို ဖူးမြော်ကြသည်။ ညနေပိုင်းတွင် International Vesak Day ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကိုလံဘိုလေဆိပ်မှတစ်ဆင့် ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ယနေ့စတင်ကျင်းပမည်

**မုံရွာ  မေ  ၁၅**
ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး လွှတ်တော်ခန်းမတွင် မေ ၁၆ ရက် **(ယနေ့)** နံနက် ၁၀ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ထံမှ သိရသည်။

"ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတင်ကျင်းပဖို့အတွက် တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်တွေကို ၂၀၁၇ ခုနှစ် မေ ၁၄ ရက်ထက်မစော မေ ၁၅ ရက်ထက်နောက်မကျစေဘဲရောက်ရှိ သတင်းပို့ကြရန် ဖိတ်စာနှင့်တကွ ပူးတွဲပေးပို့ဖိတ်ကြားထားပြီးဖြစ်ရာ ယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ရောက်ရှိနေကြပြီဖြစ်ပါတယ်။ မေ ၁၆ ရက် နံနက် ၁၀ နာရီမှာ အစည်းအဝေးစတင်ကျင်းပပါမယ်"ဟု လွှတ်တော်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ဒစ်ဂျစ်တယ်အွန်လိုင်းသတင်းစာထုတ်လွှင့်နိုင်ရေး ဒေသခံသတင်းမီဒီယာများနှင့် တွေ့ဆုံဆွေးနွေး

**သီပေါ  မေ  ၁၅**
ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်ဝေလျက်ရှိသော သတင်းစာများ၌ သတင်းရေးသားပေးပို့ခြင်းနှင့် အွန်လိုင်းစနစ်ဖြင့် ထုတ်လွှင့်မည့် ဒစ်ဂျစ်တယ်သတင်းစာတွင် မြို့နယ်အသီးသီးရှိ ဒေသခံမီဒီယာများအတွက် သတင်းပေးပို့ခြင်းဆိုင်ရာ အလုပ်သဘော ဆွေးနွေးပွဲအခမ်းအနားကို မေ ၁၅ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးနှင့် နည်းပညာကျွမ်းကျင်သူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ လားရှိုး၊ မူဆယ်၊ နမ့်ခမ်း မြို့နယ်တို့မှ သတင်းရေးသားသူများ၊ ဝါသနာရှင်များ၊ လေ့လာသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ့အလင်းသတင်းစာ စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံတစ်ဝန်း မိုဘိုင်းဖုန်းကိုင်ဆောင်သုံးစွဲမှုမြင့်တက်လာသည်နှင့်အမျှ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နယ်ပယ်ကဏ္ဍအသီးသီးတွင် နေ့စဉ်ဖြစ်ပေါ်လျက်ရှိသော သတင်းများအား ပုံနှိပ်မီဒီယာသတင်းစာများအပြင် အွန်လိုင်းမှတစ်ဆင့် သတင်းများအား မှန်မှန်ကန်ကန်နှင့် အမြန်ဆုံးပြည်သူတို့ သိရှိနိုင်ရန် ဒစ်ဂျစ်တယ် ထုတ်လွှင့်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များသို့ ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ဒစ်ဂျစ်တယ်သတင်းစာ ထုတ်လွှင့်ရာတွင် သတင်းများကို လှုပ်ရှားမှုအရုပ်အသံများဖြင့်ပါ အသွင်အပြင်ပြောင်းလဲတင်ဆက်သွားနိုင်မည်ဖြစ်ရာ သတင်းထောက်များအနေဖြင့် အကြံပြုချက်များ ပေးစေလိုပါကြောင်း၊ "ပုံနှိပ်" သတင်းစာကတစ်နေ့တစ်စောင်ထုတ်နိုင်ကြောင်း၊ ယခုဒစ်ဂျစ်တယ်သတင်းစာက အချိန်နှင့်တစ်ပြေးညီတင်ပြနိုင်မည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် အမြန်ဆုံးရရှိနိုင်မည် ဖြစ်ကြောင်းဖြင့် စာတည်းမှူးချုပ်က ဆက်လက်ပြောကြားသည်။

ထို့နောက် မြန်မာ့အလင်းသတင်းစာ စာတည်းအဖွဲ့ဝင် ဒေါ်ခင်ရတနာက ဒစ်ဂျစ်တယ်သတင်းစာအတွက် သတင်းပေးပို့နိုင်သည့် နည်းပညာများနှင့်စပ်လျဉ်း၍ ဆွေးနွေးပို့ချရာ တက်ရောက်လာကြသော နယ်မြေသတင်းမီဒီယာများနှင့် ဝါသနာရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# လျှပ်စစ်ကျွမ်းကျင်မှု မွမ်းမံသင်တန်း ဖွင့်ပွဲကျင်းပ

**ရန်ကုန်  မေ  ၁၅**
ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန သင်တန်းခန်းမ၌ မေ ၁၅ ရက် နံနက် ၈ နာရီက လျှပ်စစ်ကျွမ်းကျင်မှုမွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၁၇)ကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက အမှာစကား ပြောကြားသည်။ သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ဖြစ်ပြီး ယခုတက်ရောက်သောသင်တန်းသား ၈၁ ဦး အပါအဝင် သင်တန်းသား ၃၀၂၆ ဦးကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ရာ M.E,B.E,B. Tech, A.G.T.I,City & Guild, ITE အရည်အချင်းရှိ ကျောင်းသားများ တက်ရောက်၍ ဘာသာရပ် ၁၅ ခုကို သင်ကြားမည်ဖြစ်သည်။ **သန်းထိုက်(လှိုင်သာယာ)**

## အနောက်တောင်မုတ်သုံလေဝင်ရောက်နိုင်

**နေပြည်တော်  မေ  ၁၅**
နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ **(မိုး/ဇလ)**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်း
စုဆောင်းခြင်း၊ တာဝန်ပေးစေခိုင်းခြင်း လုံးဝမရှိတော့စေရန် ၂၇.၆.၂၀၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခြင်းကို
မြန်မာနိုင်ငံ၏ တရားဥပဒေများအရ လုံးဝခွင့်မပြုပါ။

တပ်ထဲရှိ စစ်မှုထမ်းနေသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကို တပ်မတော်မှ
ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ယခု စနစ်တကျ ထွက်ခွာခွင့်ပေးလျက်ရှိပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန်
စုဆောင်းခံရကြောင်း၊ တာဝန်ပေးခံရကြောင်း သိရှိပါက ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့
ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉၄၂၁၁၆၆၇၀၁၊ ၀၉၄၂၁၁၆၆၇၀၂၊ စာတိုက်သေတ္တာအမှတ် ၆၇၉

Save the Children World Vision

# မြို့ကြီးကျေးရွာ မြို့ကြီးတိုက်နယ်ဆေးရုံ ဖွင့်ပွဲကျင်းပ

**တောင်ကြီး မေ ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း ရှာင်မြို့နယ် မြို့ကြီးကျေးရွာ မြို့ကြီးတိုက်နယ်ဆေးရုံ ဖွင့်ပွဲကို မေ ၁၄ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။ ဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးအာကာလင်း၊ မြို့နယ် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က ဆေးရုံအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ဖွင့်လှစ်ပေးသော မြို့ကြီးတိုက်နယ်ပြည်သူ့ဆေးရုံကို မြို့ကြီးကျေးရွာနေ ဦးချစ်ငွေ+ဒေါ်တင်ငွေနှင့် ဦးစိုးမြင့်+ဒေါ်ခင်ဒေါင်းတို့က လှူဒါန်းသော ၄ ဒသမ ၀၆ ဧကတွင် ဆောက်လုပ်၍ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဘတ်ဂျက်ရန်ပုံငွေဖြင့် ခွင့်ပြုငွေ ကျပ်သန်းပေါင်း ၅၆၀ ဖြင့် ခိုင်ဇင်သာ ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ပေးခြင်း ဖြစ်ကြောင်း၊ တိုက်နယ်ဆေးရုံတွင် တာဝန်ခံ ဆရာဝန် တစ်ဦး၊ အထက်တန်းသူနာပြုနှစ်ဦးနှင့် သူနာပြုဆရာမ နှစ်ဦးတို့ကိုလည်း ခန့်အပ်ထားပြီးဖြစ်ကြောင်း၊ ဆေးဘက်ကျွမ်းကျင် ၄ (ခတ်ခွဲ)တစ်ဦး ဆက်လက်ခန့်အပ်ပေးသွားမည်ဖြစ်၍ မြို့ကြီးကျေးရွာအုပ်စုရှိ ကျေးရွာ ၂၀ နှင့်အနီးဝန်းကျင်ရှိ ကျေးရွာများဖြစ်သော ဆည်ရွာကျေးရွာအုပ်စု ကျွန်းကြီးကျေးရွာအုပ်စုများမှ ကျေးရွာများအပါအဝင် ကျေးရွာပေါင်း ၂၄ ရွာနှင့်အိမ်ထောင်စု ၃၄၂၉ စု၊ လူဦးရေ ၁၄၅၂၈ ဦးတို့၏ ကျန်းမာရေးနှင့် ဆေးကုသမှုကို စောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်မမလေး၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်းတို့က ဆွေးနွေးပြောကြား၍ ဒေသခံပြည်သူများကိုယ်စား ရပ်မိ ရပ်ဖ ဦးချစ်ငွေက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့သည် မြို့ကြီးရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားထုတ် စက်ရုံသို့ သွားရောက်ကြည့်ရှုရာ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်ခန်းမ၌ ဆည်မြောင်းတည်ဆောက်ရေး(၇)ညွှန်ကြားရေးမှူး ဦးမြင့်က မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းနှင့်ပတ်သက်ပြီး ရှင်းလင်း၍ ဟန်မြင့်မိုရ်မြို့ကြီး-ရှာင်လမ်း စီမံကိန်း လုပ်ငန်းဆောက်လုပ်ရေးရှင်းလင်းဆောင်ခန်းမ၌ Future Creator Group of Construction Co.,Ltd မှ CEO ဦးဇေယျာထွန်းက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် လမ်းဖောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ် ယကြီးရေလှောင်ကန် ပြန်လည်ပြုပြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**




# သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်သူအား ဂုဏ်ပြု

**သီပေါ မေ ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ ၂၀၁၆ ခုနှစ် နိုဝင်ဘာလကဖြစ်ပွားခဲ့သော တိုက်ပွဲဖြစ်စဉ်အတွင်း ကြက်ခြေနီ သူနာပြုတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ကာ ထိခိုက်ဒဏ်ရာရ တိုင်းရင်းသားပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ၊ ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အပြင် ဖြစ်ပေါ်နေသော အခြေအနေကို သတင်းနှင့် ဓာတ်ပုံများ အချိန်နှင့်တစ်ပြေးညီ ပို့နိုင်ခဲ့သည့် မူဆယ်မြို့နယ် သတင်းထောက် ဦးသန့်စင်အား ဂုဏ်ပြုပွဲကို မေ ၁၅ ရက်က နောင်ချိုမြို့နယ် ပြန်/ဆက်ရုံး၌ ပြုလုပ်သော အွန်လိုင်းစနစ်ဖြင့်ထုတ်ဝေမည့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဒီဂျစ်တယ်သတင်းစာအတွက် အလုပ်သဘောတွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးက ဂုဏ်ပြုလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**စိုင်း(သီပေါ)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မေ ၁၅**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပြင်ဦးလွင်မြို့တွင် ၆ ဒသမ ၀၂ လက်မ၊ ပုသိမ်ကြီးမြို့တွင် ၅ဒသမ ၄၈လက်မ၊ မန္တလေးမြို့တွင် ၅ဒသမ ၃၀လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင်၅ ဒသမ ၂၀လက်မ၊ သထုံမြို့တွင် ၁ဒသမ ၅၄လက်မ၊ ပင်လောင်းမြို့ မိုင်းဆတ်မြို့နှင့် မုံရွာမြို့တို့တွင် ၁ ဒသမ ၅၀လက်မစီတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရခိုင်ပြည်နယ်၌စီမံချက်များ ချမှတ်ပြီး စနစ်တကျဆောင်ရွက်နေ

**စစ်တွေ မေ ၁၅**

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ကျဆင်းစေရေးအတွက်လည်းကောင်း၊ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်စေရန်လည်းကောင်း၊ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါအကြောင်းကို သိရှိစေရေးအတွက်လည်းကောင်း ကြိုတင်ကာကွယ်နှိမ်နင်းရေးနှင့် ပညာပေးရေးလုပ်ငန်းများကို ရခိုင်ပြည်နယ် မြို့နယ်တိုင်းတွင် စီမံချက်များ ချမှတ်ပြီး စနစ်တကျဆောင်ရွက်ကြောင်း သိရသည်။

"သွေးလွန်တုပ်ကွေးဟာ ရာသီမရွေးဖြစ်တတ်ပေမယ့် မိုးရာသီမှာအဖြစ်များပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ၂၀၁၇ နှစ်ဆန်းပိုင်းကတည်းကစလို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို မြို့နယ်တိုင်းမှာ ဆောင်ရွက်ပေးနေပါတယ်။ မကြာမီ မိုးကျလာမှာမို့ ခုလိုအချိန်တွေမှာ အရှိန်အဟုန်မြှင့်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ပေါင်းပြီးတော့ ဆောင်ရွက်တာပါ။ သွေးလွန်တုပ်ကွေးရောဂါက ကြိုတင်ဆောင်ရွက်နိုင်လေ ပိုကောင်းလေပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သွေးလွန်တုပ်ကွေးရောဂါကိုဖြစ်စေတဲ့ ခြင်ဟာ ရေကြည်ရေသန့်တွေမှာ ပေါက်ပွားတာကြောင့် ခြင်ဖြစ်လာမယ့် လောက်လမ်းတွေကို ကြိုတင်နှိမ်နင်းထားလိုက်ရင် အများကြီးအကျိုးရှိပါတယ်။ ဒါကြောင့်လည်း ပိုးလောက်လမ်းနှိမ်နင်းတဲ့ လုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ပေးနေတာပါ" ဟု ရခိုင်ပြည်နယ် ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သီဟအောင်က ပြောသည်။

ယင်းစီမံချက်အရ စစ်တွေမြို့ ရဲနွယ်စုရပ်ကွက်တွင် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်မှ လူမှုရေးအဖွဲ့အစည်းများပူးပေါင်းလျက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့သို့ ဆောင်ရွက်ရာသို့ ပြည်နယ် ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီဟအောင်၊ စစ်တွေမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကြည်ကြည်သာနှင့် တာဝန်ရှိသူများက သွားရောက်ကာ လိုအပ်သောလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ယခင်ကအသက် ၁၅ နှစ်အောက် ကလေးများတွင် ဖြစ်တတ်သော်လည်း ယခုအခါ အသက်အရွယ်မရွေး ဖြစ်တတ်ကြောင်း၊ ရောဂါပြင်းထန်ပါက အသက်ဆုံးရှုံးတတ်ကြောင်း၊ မိုးရာသီတွင် အဖြစ်များသည်ဟု ဆိုသော်လည်း ယခုအခါ ရာသီမရွေးဖြစ်နေကြောင်း၊ ယခင်က မြို့ပေါ်ရပ်ကွက်များတွင် ဖြစ်သော်လည်း ယခုအခါ ကျေးလက်တောရွာများအထိဖြစ်ကြောင်း၊ နေ့ဘက်တွင် ကိုက်တတ်သော အေးဒီး(စ်)ခေါ် ခြင်ကျားကိုက်ခြင်းမှ ဖြစ်တတ်ရာ ခြင်ထောင်ဖြင့် အမြဲအိပ်သင့်ကြောင်း၊ အေးဒီး(စ်)ခြင်သည် ရေကြည်ရေသန့်တွင် ပေါက်ပွားတတ်သဖြင့် မိမိတို့အိမ်ရှိရေများကို စနစ်တကျ ဖုံးအုပ်ထားသင့်ကြောင်း၊ ပိုးလောက်လမ်းများကို အမြဲစောင့်ကြည့်ပြီး နှိမ်နင်းရန်လိုကြောင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို အချိန်မရွေးလုပ်ဆောင်သင့်ကြောင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအရ သိရသည်။

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဘဲရကျေးရွာတွင် ဧပြီလကစ၍ ရွာသားအချို့ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနေသော်လည်း ပြည်သူများမသိရှိသောကြောင့် အစုလိုက်ဖြစ်ပွားလာသဖြင့် ကျန်းမာရေးဌာနများက သွားရောက်သောအခါမှ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နေသည်ဟုသိရကြောင်း၊ ဝိုင်းဝန်းကုသပြီး ရောဂါနှိမ်နင်းရေးလုပ်ငန်းများကို လုပ်ပေးခဲ့ရသည်ဟု သိရကြောင်း၊ ပြည်သူများအား ကျန်းမာရေးပညာပေးမှုများကို များများလုပ်ပေးသင့်ကြောင်းလည်း သိရသည်။



သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်

"ခုတော့ မြို့ပေါ်ရပ်ကွက်တွေမှာ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးတွေ လုပ်နေတာတွေ့ရပါတယ်။ တစ်လောက ဖြစ်သွားတဲ့ ပေါက်တောမြို့နယ် ဘဲရရွာဖြစ်စဉ်ဆိုရင် ကြောက်စရာကြီးပဲ။ သွေးလွန်တုပ်ကွေးဖြစ်နေပြီ မသိကြဘူး။ ဝမ်းလျှောဝမ်းပျက်ဆိုပြီး ပြောနေကြတယ်။ နောက်ကျန်းမာရေးဌာနက ကွင်းဆင်းဆောင်ရွက်တော့မှ သွေးလွန်တုပ်ကွေးရောဂါလို့ သိရတာ။ ဒါက ကျန်းမာရေးဗဟုသုတအပိုင်း အားနည်းတယ်လို့မြင်ပါတယ်။ ဒါကြောင့် ကျန်းမာရေးဌာနအနေနဲ့ ပညာပေးရေးလုပ်ငန်းတွေကို တောရောမြို့ပါ ဆောင်ရွက်ပေးသင့်တယ်လို့ မြင်ပါတယ်။ လုပ်ပေးပါလို့လည်း တောင်းဆိုပါတယ်" စသည်ဖြင့် စစ်တွေမြို့မှ ကိုညီညီလှက ပြောသည်။

ပြည်သူများအနေဖြင့်လည်း ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ပိုမိုဖြစ်ပွားတတ်သဖြင့် ကြိုတင်နှိမ်နင်းရေးလုပ်ငန်းများကို ဂရုစိုက်ပြီး ဆောင်ရွက်တတ်ရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းကြောင်း၊ တစ်ဦး တစ်ယောက်ကအစ သွေးလွန်တုပ်ကွေးရောဂါဖြစ်သည်ဟု သံသယဖြစ်ပါက ကျန်းမာရေးဌာနခွဲ၊ ကျန်းမာရေးဌာန ဝန်ထမ်းများမှတစ်ဆင့် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့သို့ ဆက်သွယ်ပြီး လိုအပ်သော ဆောင်ရွက်ချက်များကို ရယူကြရန်လိုကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သတင်း-ကိုကြီးစော၊ ဓာတ်ပုံ-ပြည်နယ်ပြည်သူ့ကျန်းမာရေး**

# အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် သူနာပြုများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မန္တလေး မေ ၁၅**
မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း (မန္တလေးတိုင်းဒေသကြီး)က ပြုလုပ်သည့် ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၁၄ ရက် နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ် ၇၃ လမ်း၊ ကျန်စစ်သားလမ်းနှင့် ဇော်ဂျီလမ်းကြားရှိ နိုက်တင်ဂေးလ်ခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် တက်ရောက်ဂုဏ်ပြုစကားပြောကြားခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ မေ ၅ ရက်က ကျရောက်သော အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် မေ ၁၂ ရက်၌ ကျရောက်သော အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ၊ ပါမောက္ခ ဒေါ်ရင်မြ၏ သဝဏ်လွှာကို တိုင်းဒေသကြီး သူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ ဒေါ်ခင်သိမ်း (လက်ထောက်ညွှန်ကြားရေးမှူး သူနာပြု-ငြိမ်း)က ဖတ်ကြားခဲ့သည်။

ထို့နောက် အသင်းဥက္ကဋ္ဌက အစီအစဉ်အားပံ့ပိုးကူညီပေးသော Friesland Campina Co., Ltd. မှ တာဝန်ရှိသူအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခြင်း၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အထက်တန်းသူနာပြု ဒေါ်ခင်သီတာငြိမ်းက ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ ဆောင်ပုဒ်နှင့်ပတ်သက်၍ ဟောပြောဆွေးနွေးခြင်း၊ စိတ်ကျန်းမာရေးဆေးရုံမှ T/N ဒေါ်မေသက်နိုင်က Substance Use Disorder အကြောင်း ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ကန့်ဘလူမြို့နယ်အတွင်းရှိ တီဘီဝေဒနာရှင်များအား အခမဲ့ရှာဖွေကုသခြင်းဆောင်ရွက်

**ကန့်ဘလူ မေ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာညိမ်းညိမ်းအေး ကြီးကြပ်စီမံခန့်ခွဲမှုဖြင့် ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာများသို့ တီဘီဝေဒနာရှင်များအား ရှာဖွေကုသရေးလုပ်ငန်းများကို ရောဂါသုံးမျိုး ရန်ပုံငွေအစီအစဉ်ဖြင့် (3MDG Fund) ဆောင်ရွက်သော ရွေ့လျားဆေးအဖွဲ့များက ကျေးရွာအရောက်ကွင်းဆင်းပြီး ရွက်ပုန်းသီးတီဘီလူနာများ ရှာဖွေကုသခြင်းလုပ်ငန်းများကို အခမဲ့စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာတွင် မေ ၁၅ ရက်က ကျေးလက်ကျန်းမာရေးဌာနခွဲ၌ တီဘီရောဂါရှာဖွေကုသရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ လင်းထက်ဦး (မုံရွာ)က တီဘီရောဂါလက္ခဏာများမှာ နှစ်ပတ်ကျော်ချောင်းဆိုးခြင်း၊ ချောင်းဆိုးလျှင် သွေးပါခြင်း၊ သလိပ်ပါခြင်း၊ အစားအသောက်ပျက်ခြင်း၊ တဖြည်းဖြည်းပိန်လာခြင်း၊ ဖျားပြီး ညအခါ ချွေးအလွန်ထွက်ခြင်း၊ ရင်ပတ်



အောင့်ခြင်းတို့ ဖြစ်ကြောင်း၊ တီဘီရောဂါသည် မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကို ထိခိုက်နိုင်သဖြင့် ဆေးကုသမှုခံယူရန် လိုအပ်ကြောင်း၊ တီဘီရောဂါဖြစ်လျှင် ကြောက်စရာမလိုဘဲ ဆေးကုသမှုကာလပြီးဆုံးသည်အထိ နေ့စဉ်မှန်မှန် စနစ်တကျဆေးသောက်ပါက ရောဂါပျောက်ကင်းမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။ **(ဝဲပုံ)**

ထို့နောက် တီဘီရောဂါတိုက်ဖျက်ရေး ရွေ့လျားဆေးအဖွဲ့များ၊ မြို့နယ်ခုတင် ၁၀၀ ဆံ့ ဆေးရုံအုပ်ဒေါက်တာ နေမိုးနှင့် တီဘီတိုက်ဖျက်ရေးဌာန ဝန်ထမ်းများ၊ ဓာတ်ခွဲခန်းမှူးများ၊ ဆရာ ဆရာမများအဖွဲ့က ဓာတ်မှန်ရိုက်ကူးခြင်း၊ သလိပ်ပိုးစစ်ဆေးခြင်းများ ရှာဖွေဖော်ထုတ်ကုသပေးရာ တီဘီသံသယလူနာ ၁၁၅ ဦးကို ဓာတ်မှန်ရိုက်စစ်ဆေးရာ ဓာတ်မှန်ရိုက်တွေ့ရှိသူ လေးဦး၊ သလိပ်စစ်ဆေးသူ ၃၈ ဦးတွင် ပိုးတွေ့လူနာတစ်ဦး စုစုပေါင်း လူနာငါးဦးကို ဆေးကျွေးကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးကုသခြင်းလုပ်ငန်းများတွင် ကျေးလက်ကျန်းမာရေးဌာန ဆရာ ဆရာမများနှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (MHAA) မှ ဝန်ထမ်းများက ရွက်ပုန်းသီးတီဘီလူနာများကို ကြိုတင်ရှာဖွေပေးခြင်း၊ ဆေးကုသခြင်းလုပ်ငန်းများ အဆင်ပြေစေရေးအတွက် ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

ဆက်လက်၍ ကန့်ဘလူမြို့နယ်အတွင်း ထန်းတပင်၊ မြေမွန်၊ မြေထူးနှင့် ဇင်းကျေးရွာများတွင်လည်း ကုသပေးမည်ဖြစ်ကြောင်း မြို့နယ်တီဘီတိုက်ဖျက်ရေးဌာန ဆရာဦးအေးမင်းနိုင်က ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရခိုင်ပြည်နယ်၌ တတိယအကြိမ် ဒေသတွင်းမုတ်သုံဖိုရမ်ကျင်းပ

**စစ်တွေ မေ ၁၅**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် အာရှ-အာဖရိက ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးရေးစနစ်ဗဟိုဌာန (RIMES) တို့ပူးပေါင်းပြီး ရခိုင်ပြည်နယ်၏ တတိယအကြိမ် မုတ်သုံဖိုရမ်ကို မေ ၁၅ ရက် နံနက် ၉ နာရီက စစ်တွေမြို့ စစ်တွေဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူး(စီမံ) ဒေါ်တင်ရီက အမှာစကား ပြောကြားပြီး UN Habitat and RIMES မှ ကျွမ်းကျင်ပညာရှင် ဒေါ်အေးဇာမျိုးဟန်က မုတ်သုံဖိုရမ်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲကိုကျင်းပရာ ရခိုင်ပြည်နယ်၏ ၂၀၁၆-၂၀၁၇ ခုနှစ် ခြောက်သွေ့ရာသီကာလအား ပြန်လည်သုံးသပ်ခြင်းနှင့် မုတ်သုံရာသီကာလအတွက် ကြိုတင်ခန့်မှန်းချက်များ တင်ပြခြင်း၊ ခန့်မှန်းချက်များကို အသုံးချခြင်းမှရရှိခဲ့သော အတွေ့အကြုံများကို အခြေခံပြီး အကြံပြုချက်များကို တင်ပြဆွေးနွေးခြင်း၊ ရခိုင်ပြည်နယ်၏ ငလျင်နှင့်ဆူနာမီဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို တင်ပြဆွေးနွေးခြင်း၊ ပြည်နယ်၏ ကဏ္ဍအလိုက် ၂၀၁၇ ခုနှစ် မုတ်သုံရာသီအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် စီမံခန့်ခွဲရန်အတွက် မဟာဗျူဟာချမှတ်ခြင်း၊ ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ အခွင့်အလမ်းများတိုးမြှင့်ခြင်းနှင့် အကြံပြုတင်ပြချက်များအပေါ် ဦးစားပေးရွေးချယ်တင်ပြခြင်း၊ ယခင်မုတ်သုံဖိုရမ်များတွင် ဖော်ပြခဲ့သော အကြံပြုဆွေးနွေးချက်များအရ စိုက်ပျိုးရေးမိုးလေဝသအတွက် ပြင်ဆင်ထားသော နည်းလမ်းသစ်များအား မိတ်ဆက်ခြင်းနှင့် ထိရောက်သော ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်း လိုအပ်ချက်များ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ရခိုင်ပြည်နယ်တွင် မုတ်သုံဖိုရမ်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လနှင့် ၂၀၁၇ ခုနှစ်တွင် ဖေဖော်ဝါရီလများတွင် ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။



ယနေ့အခမ်းအနားသို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ UN HABITATမှ ကျွမ်းကျင်ပညာရှင်များ၊ Rimes မှ ကျွမ်းကျင်ပညာရှင်များ၊ UN ၊ INGOs များနှင့် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



**ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ သားဖွားဆရာမများနှင့် အမျိုးသမီး ကျန်းမာရေးဆရာမများအား သားပျက်သားလျှော့ခြင်းနှင့် ကိုယ်ဝန်ပျက်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းသင်တန်းကို မေ ၁၅ ရက်က ဒလပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမဆောင်၌ သင်ကြားပို့ချစဉ်** သန်းငွေး(ဒလ)



**မကွေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မီမီစိုးနှင့်အဖွဲ့ ဦးဆောင်၍ စေတုတ္တရာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုပေါင်းကာ မေ ၁၄ ရက်က ဒေသခံအမျိုးသမီးများအား “ပျိုရွယ်သူ ကျန်းမာရေး” အသိပညာပေးခြင်း၊ လူမှောင်ခိုကူးမှုတားဆီးကာကွယ်ခြင်းဆိုင်ရာများ ဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်** မိုးမိုး

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်

**နေပြည်တော် မေ ၁၅**
မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ လေယာဉ်တစ်စင်း ရေဒါမှ ပျောက်ကွယ်




**တိုကျို မေ ၁၅**

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှလေယာဉ်တစ်စင်းသည် မေ ၁၅ ရက်နေ့လယ်က မြောက်ပိုင်း ဟော့ကိုင်ဒိုကျွန်းပေါ်တည့်တည့်တွင် ရေဒါမှ ပျောက်ကွယ်သွားခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

နံနက် ၁၁ နာရီ ၂၃ မိနစ်က အိုကာဒါမာလေဆိပ်မှ ပျံသန်းထွက်ခွာသွားသော အယ်လ်အာရ်-၂ ကင်းထောက်လေယာဉ်သည် ဟာကိုဒိတ်လေဆိပ်သို့ ဦးတည်ပျံသန်းခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန အရာရှိများကပြောခဲ့သည်။

လေယာဉ်မှူးနှစ်ဦးနှင့် စက်ပြုပြင်ထိန်းသိမ်းသူ နှစ်ဦးလိုက်ပါလာသော အဆိုပါ အယ်လ်အာရ်-၂ ကင်းထောက်လေယာဉ်သည် နံနက် ၁၁ နာရီ ၄၇ မိနစ်တွင် လေကြောင်းထိန်းချုပ်ရေးဌာနနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။ နောက်ပိုင်းတွင် အဆိုပါ လေယာဉ်မှာ ဟာကိုဒိတ်လေဆိပ်အနောက်ဘက် ကီလိုမီတာ ၃၀ အကွာ၌ ရေဒါမှ ပျောက်ကွယ်သွားခဲ့ကြောင်းသိရသည်။

ဟော့ကိုင်ဒိုအစိုးရအဖွဲ့၏တောင်းဆိုမှုကြောင့် လူနာတစ်ဦးကို သွားရောက်ခေါ်ဆောင်စဉ် ထိုသို့ ရေဒါမှ ပျောက်ကွယ်သွားခဲ့ခြင်းဖြစ်သည်။

လေယာဉ်မတော်တဆမှုဖြစ်ပွားမှုတွင် ပါဝင်ခဲ့လေသလားဆိုသည့် ဖြစ်နိုင်ခြေများကို ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အနေဖြင့် လိုက်လံစုံစမ်းလျက်ရှိကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ယခုနှစ်နွေရာသီ၌ ဗီယက်နမ်မြို့တော် ဟနွိုင်းတွင် ရေပြတ်လပ်မှုနှင့် ရင်ဆိုင်နေရ

**ဟနွိုင်း မေ ၁၅**

ရေပေးဝေရေးလမ်းကြောင်းရှိ အဓိကပိုက်လိုင်း ကျိုးပေါက်သွားသောကြောင့် ဗီယက်နမ်မြို့တော် ဟနွိုင်းတွင် ယခုနှစ်နွေရာသီ၌ ရေပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း မြို့တော်တည်ဆောက်ရေးဌာနက မေ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ယခုနှစ်နွေရာသီတွင် မြို့တော်ဟနွိုင်း၌ တစ်နေ့လျှင် ရေ တစ်မီလီယံ ကုဗမီတာ ကျော်သုံးစွဲနိုင်သည်ဟု ခန့်မှန်းထားသည်။ ဟနွိုင်းတွင် စုစုပေါင်း ရေ ထောက်ပံ့နိုင်သော ပမာဏမှာ ကိုးသိန်း ကုဗမီတာသာရှိကြောင်း သိရသည်။

နွေရာသီခေါင်ခေါင်တွင် မြို့တော်ဟနွိုင်းမှာ တစ်နေ့လျှင် ရေခုနစ်သောင်း ကုဗမီတာမှ တစ်သိန်းကုဗမီတာခန့် ပြတ်လပ်နိုင်ကြောင်း ခန့်မှန်းထားသည်။ နှစ်ပေါင်းကြာပြီး အဆင့်မမီတော့သော ဒါမြစ်ရေတင်စီမံကိန်းမှ ရေသွယ်ယူရေး ပိုက်လိုင်းများမှာလည်း အကြိမ် ၂၀ ထက်မနည်းပြင်ဆင်ခဲ့ရကြောင်းသိရသည်။

ပိုက်လိုင်းသစ်တည်ဆောက်မှုကို ၂၀၁၅ ခုနှစ်က စတင်ခဲ့သော်လည်း ၄င်းမှာ ယခုချိန်ထိ မပြီးဆုံးသေးကြောင်းသိရသည်။

လတ်တလောတွင် ရေထောက်ပံ့ရေး ကုမ္ပဏီလေးခုမှ မိသားစုပေါင်း ၁ ဒသမ ၂ သန်းနီးပါး သို့မဟုတ် လူပေါင်း ၄ ဒသမ ၆ သန်းအထိ ရေထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ မြို့တော်ဟနွိုင်းတွင် ရေထောက်ပံ့ပေးနိုင်သော ပမာဏမှာ ၉၇ ရာခိုင်နှုန်းသာရှိပြီး ရေ ၂၁ ဒသမ ၅ ရာခိုင်နှုန်းလောက် ဆုံးရှုံးလျက်ရှိကြောင်းသိရသည်။ **(ဆင်ဟွာ)**

# ခေတ်သစ်ပိုးလမ်းမကြီးတစ်လျှောက် နည်းပညာပူးပေါင်းဆောင်ရွက်ရန် ဓာတ်ခွဲခန်းပေါင်း ၅၀ တရုတ်တည်ဆောက်မည်

**ပေကျင်း မေ ၁၅**

တရုတ်နိုင်ငံအနေဖြင့် ခေတ်သစ်ပိုးလမ်းမကြီးတစ်လျှောက်တွင်ရှိသော နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သိပ္ပံဓာတ်ခွဲခန်းပေါင်း ၅၀ ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

ခေတ်သစ်ပိုးလမ်းမကြီး၊ သိပ္ပံ၊ နည်းပညာနှင့် စွန့်ဦးတီထွင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရန် ကြိုးစားနေကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်ကပြောခဲ့သည်။

သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် ပြည်သူအချင်းချင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး အစပျိုးဖော်ဆောင်မှုများကို ဆောင်ရွက်သွားရန်အတွက် သိပ္ပံဓာတ်ခွဲခန်းများကို တည်ဆောက်ခြင်းဖြစ်ကြောင်း သမ္မတရှီက ဆက်လက်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် လာမည့်ငါးနှစ်အတွင်း နိုင်ငံခြားသား သိပ္ပံပညာရှင် ၂၅၀၀ ကို ရေတိုသုတေသနလုပ်ငန်းလေ့လာရေးခရီးစဉ်အတွက် တရုတ်နိုင်ငံသို့ ဖိတ်ခေါ်သွားမည်ဖြစ်သလို နိုင်ငံခြားသား သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့်မန်နေဂျာစုစုပေါင်း ၅၀၀၀ကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် အင်ဒိုနီးရှားသမ္မတနှင့်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ သဘောထားများကို ဆွေးနွေးခဲ့သလို ခေတ်သစ်ပိုးလမ်းမကြီး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် သဘောတူခဲ့ကြောင်းသိရသည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ခေတ်သစ် ပိုးလမ်းမကြီး အစပျိုးမှုသည် အင်ဒိုနီးရှားနိုင်ငံနှင့် တရုတ်နိုင်ငံအတွက် ပူးပေါင်း ဆောင်ရွက်မှုအခွင့်အလမ်းများ ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောခဲ့သည်။ ထို့ပြင် တရုတ်-အာဆီယံ ဆက်ဆံရေးတည်ငြိမ်မှုရှိစေရန်အတွက် ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# အာရှဒေသများတွင် ဗိုင်းရပ်စ်တိုက်ခိုက်ခံရပြီး ကွန်ပျူတာဖောက်ထွင်းမှုများဖြစ်ပွားခဲ့

**စင်ကာပူ မေ ၁၅**



အာရှဒေသအစိုးရများနှင့် လုပ်ငန်းအတော်များများတွင် ကွန်ပျူတာ ဗိုင်းရပ်စ်ဝင်ရောက်နှောင့်ယှက်မှုများရှိခဲ့ကြောင်း၊ အစိုးရနှင့်လုပ်ငန်များမှ ဝန်ထမ်းများအနေဖြင့် ကွန်ပျူတာဖွင့်ပြီး အီးမေးလ်များ စစ်ဆေးမည်ဆိုပါက ဗိုင်းရပ်စ်များ ဝင်ရောက်နှောင့်ယှက်ပြီး ကွန်ပျူတာ သတင်းအချက်အလက် ပေါက်ကြားမှု ပိုမိုဖြစ်နိုင်ကြောင်း ဆိုက်ဘာလုံခြုံရေး ကျွမ်းကျင်သူများက မေ ၁၅ ရက်က သတိပေးခဲ့သည်။

ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးရှိသည့် တရုတ်နိုင်ငံ၌ ပေးချေမှုစနစ်များနှင့် အစိုးရဝန်ဆောင်မှုပိုင်းများတွင် အဆိုပါ ဗိုင်းရပ်စ်တိုက်ခိုက်မှုအချို့ရှိခဲ့ကြောင်း သိရသည်။ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယားနှင့်ဩစတြေးလျစသည့် အခြားအာရှဒေသများတွင် ဗိုင်းရပ်စ်ဝင်ရောက်နှောင့်ယှက်မှုများ ရှိသော်လည်း နည်းကြောင်း သိရသည်။ “ဝိုချင်လား” ဟု အမည်ပေးထားသော အဆိုပါ ဗိုင်းရပ်စ်သည် သောကြာနေ့ကတည်းက စတင်ဖြစ်ပွားခဲ့သော ဗိုင်းရပ်စ်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗိုင်းရပ်စ်ကြောင့် ကမ္ဘာတစ်ဝန်းနိုင်ငံပေါင်း ၁၅၀ ကျော်မှ ကွန်ပျူတာပေါင်း ထောင်ပေါင်းများစွာ ပိတ်ပစ်ခဲ့ရကြောင်း သိရသည်။ ထို့ပြင် စက်ရုံများ၊ ဆေးရုံများ၊ ဆိုင်များနှင့် ကျောင်းများတွင်လည်း ထိခိုက်မှုများရှိခဲ့ကြောင်း သိရသည်။ အချက်အလက်ကျိုးပေါက်မှုများကိုကြည့်လျှင် တစ်ဦးတစ်ယောက်တည်းကို ရည်ရွယ်၍ လုပ် ဆောင်ခြင်းမဟုတ်ကြောင်း၊ ကမ္ဘာ့အဆင့် လှုပ်ရှားဆောင်ရွက်မှုဖြစ်ကြောင်း ဆိုက်ဘာလုံခြုံရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ညွှန်ကြားရေးမှူး တင်မ်ဝဲလ်မိုးက ပြောခဲ့သည်။

**(ရိုက်တာ)**

# ယီမင်မြို့တော်ဆာနားတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုကြောင့် ၁၁၅ ဦးထက်မနည်းသေဆုံး

**ဆာနား မေ ၁၅**

ယီမင်မြို့တော် ဆာနားတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုကြောင့် လူ ၁၁၅ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ပြည်တွင်း ဆာဘာသတင်း အေဂျင်စီက ဖော်ပြခဲ့သည်။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု အရေးပေါ်အခြေ အနေကို မေ ၁၅ ရက်တွင် အာဏာပိုင်များက ကြေညာပြီးနောက် အဆိုပါဘေးဒုက္ခကို ရှောင်လွှဲနိုင်ရန် နိုင်ငံတကာအကူအညီ တောင်းခံ လိုက်ကြောင်း ရိုက်တာသတင်း တစ်ရပ်တွင် မေ ၁၅ ရက်ကဖော်ပြခဲ့သည်။

ဆာနားသည် အနောက် အင်အားစု ထောက်ခံ ဆော်ဒီမဟာမိတ် တပ်များကို တိုက်ထုတ်နေသည့် အီရန်နှင့်မဟာမိတ်ဖြစ်နေသော လက်နက်ကိုင်ဟူသီများ ထိန်းချုပ်ရာမြို့တော်တစ်ခုဖြစ်သည်။ ၎င်းဒေသတွင် စစ်ပွဲကြောင့် လွန်ခဲ့သော နှစ်နှစ်ကျော်ကာလအတွင်း ပြည်သူပေါင်း ၁၀၀၀၀ကျော် အသတ်ခံရပြီး သန်းပေါင်းများစွာ ပြောင်းရွှေ့မှုပြုလုပ်ခဲ့ကြောင်း သိရသည်။ စစ်ပွဲဖြစ်ပွားမှုကြောင့် နိုင်ငံ၏ အခြေခံအဆောက်အအုံများမြောက်မြားစွာပျက်စီးခဲ့သည်။

စစ်ပွဲ၏အရှိန်ကြောင့် အဆိုပါ ဒေသတွင် ဆေးဘက်ဆိုင်ရာအဆောက်အအုံအနည်းငယ်သာရှိပြီး နိုင်ငံလူဦးရေ၏ သုံးပုံပုံ နှစ်ပုံလောက်သည် သန့်ရှင်းသော သောက်ရေကို မရရှိခဲ့ကြောင်း ကုလသမဂ္ဂက ပြောခဲ့သည်။ ယခုဖြစ်ပွားနေသော အခြေအနေသည် ရောဂါဖြစ်ပွားနေသော လူများပြီး ဆေးဝါးစောင့်ရှောက်မှုများအားနည်းနေကြောင်း၊ ယခုကဲ့သို့ ရှုပ်ထွေးသော အခြေအနေကို မည်သို့ ဖြေရှင်းမလဲဆိုသည်မှာ စဉ်းစားစရာကောင်းကြောင်း ဟူသီ ကျန်းမာရေးဝန်ကြီး မိုဟာမက် ဆလမ်ဘင်ဟာဖာ့ဒ်က ပြောခဲ့သည်။ ဟူသီကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူသားချင်းအကူအညီပေးရေးညှိနှိုင်းရေးမှူး ဂျမီးမက်ဂိုးဒ်ရစ်ခ်နှင့် ဆာနားတွင်တွေ့ဆုံပြီးနောက် လူသားချင်း အကူအညီပေးရေးအဖွဲ့များနှင့် အလှူရှင်များကို အဆိုပါဖြစ်ပွားနေသော ရောဂါအပေါင်းမှ လွတ်ကင်းရန် ပူးပေါင်း ဆောင်ရွက်ပေးရေး အကူအညီ တောင်းလိုက်ကြောင်း သိရသည်။ ထို့ပြင် မြို့တော်ဆာနားတွင်လည်း အရေးပေါ်ကျန်းမာရေးအခြေအနေကို ကြေညာလိုက် ကြောင်းသိရသည်။ ဧပြီ ၂၇ ရက်မှ မေ ၁၃ ရက်ထိ ဆာနားနှင့် ယီမင်ပြည်နယ်များတွင် ဝမ်းပျက်ဝမ်းလျှောလက္ခဏာဖြစ်ပွားနေသော လူနာ ပေါင်း ၈၅၉၅ ဦးရှိကြောင်း ဆာဘာ သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ **(ရိုက်တာ)**



# ကနီမြို့နယ်၌ လေပြင်းထပ်မံတိုက်ခတ်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများအား ပြုပြင်ကယ်ဆယ်ရေးများဆောင်ရွက်



**ကနီ မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်၌ မေ ၁၄ ရက် ညနေ ၄နာရီ ၁၅ မိနစ်ခန့်က မိုးသီးများကျကာ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကနီမြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စုအချို့တို့တွင် လူနေအိမ်နှင့် စာသင်ကျောင်းဆောင်၊ သာသနိကအဆောက်အအုံများပြိုကျခြင်း၊ လျှပ်စစ်ဓာတ်တိုင်များ လဲကျပျက်စီးဆုံးရှုံးမှုများနှင့် လူများ ထိခိုက်ဒဏ်ရာများရရှိပြီး အသေအပျောက်များရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုများကြောင့် မြို့ပေါ်ရပ်ကွက်များရှိလမ်းများတွင် သစ်ပင်များလဲကျ ပိတ်ဆို့နေမှု၊ နေအိမ်များ ပြိုကျပျက်စီးမှုတို့ကို ယနေ့နံနက်မှစ၍ တပ်မတော်သားများ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ယင်းမာပင်ခရိုင် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ကနီမြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ပူးပေါင်းရှင်းလင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ပျက်စီးဆုံးရှုံးမှုများကို တိုင်းဒေသကြီး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ကနီမြို့နယ် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ကြီးကြပ်မှုဖြင့် ပြုပြင် ကယ်ဆယ်ရေးလုပ်ငန်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# မန္တလေးမြို့၌ မေ ၁၄ ရက် ညက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်

**မန္တလေး မေ ၁၅**

ယခုရက်ပိုင်းအတွင်း အနောက်တောင်မုတ်သုံလေများ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်လာခြင်းကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိရာ မန္တလေးမြို့၌လည်း မေ ၁၄ ရက် ည ၁၀ နာရီခန့်မှ မေ ၁၅ ရက် နံနက် ၃ နာရီခန့်အထိ မိုးရေချိန် ၂ ဒသမ ၄၀ လက်မကျော်ရွာသွန်းခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်ဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

"မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေနဲ့ မန္တလေးမှာ ၂၄နာရီအတွင်းရွာတဲ့ မိုးရေချိန်က တစ်လက်မခွဲကျော်ရင် မိုးကြီးတယ်လို့ သတ်မှတ်နိုင်တယ်။ အခုက နာရီပိုင်းအတွင်းကို နှစ်လက်မကျော်တော့ မိုးတော်တော်များတယ်လို့ ပြောလို့ရတယ်။ မေလအပူချိန်ကလည်း စံချိန်တင်လောက်အောင် မပူသေးပါဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။



မိုးရွာသွန်းမှုများသည် မြန်မာနိုင်ငံအထက်ပိုင်းတွင် လေထုမငြိမ်သက်ခြင်း၊ အနောက်လေပွေလှိုင်းများကြောင့် မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ စိုက်ဆင်းလေပြင်းများ တိုက်ခတ်ခြင်းစသည်တို့ကြောင့် မိုးရွာသွန်းခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် မန္တလေးမြို့ပေါ်ရှိ အချို့မြို့နယ်၊ ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး အထူးသဖြင့် ၇၈ လမ်းနှင့် လမ်း ၃၀ တို့တွင် လမ်းမပေါ်ရေများ တစ်ပေခွဲကျော်အထိ မြင့်တက်ခဲ့ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသန့်ရှင်းရေးဌာနမှ လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ ယနေ့ နံနက်ပိုင်းတွင် အင်အားပြည့်သုံးကာ ရေစီးဆင်းမှုကောင်းမွန်စေရေးအတွက် ရေထွက်ပေါက်များတွင် ပိတ်ဆို့နေသော အမှိုက်များကို ဖယ်ရှားခြင်း၊ ရွှေတစ်ချောင်းနှင့် ငွေတစ်ချောင်းမြောင်းများတွင် စက်ယန္တရားများကိုအသုံးပြု၍ မြောင်းဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အတွက် နံနက်ပိုင်းတွင်ပင် မန္တလေးမြို့အတွင်း ရေများ ပြန်လည်ကျဆင်းသွားကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ ဌာနခွဲမှူး ဦးစိုးတင့်အောင်က ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ခရီးသည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**တံတားဦး မေ ၁၅**

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ မေ ၁၃ ရက် မွန်းလွဲ ၁နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် ခရီးသည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကွင်း ထွက်ခွာဆောင်အပြင်ဘက် ခရီးသည်အတင်အချပြုလုပ်သည့် ကားရပ်နားရာနေရာတွင် မန္တလေးမြို့မှ လေဆိပ်သို့ ရောက်ရှိလာသော ခရီးသည် ဗြိတိန်နိုင်ငံသူ Ms. Greenaway Carolyn Mary သည် လေဆိပ်အတွင်းသို့ ဝင်ရောက်စဉ် လေပြင်းတိုက်ခတ်မှုကြောင့် မျက်နှာကြက်ပြုတ်ကျခဲ့သဖြင့် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူအား MJAS လေဆိပ်ဝန်ဆောင်မှုကုမ္ပဏီ၏ လေဆိပ်ကျန်းမာရေးဆေးခန်းမှ ကျန်းမာရေးမှူး ဦးဆောင်သော တာဝန်ရှိသူများက ဆေးကုသမှုဆောင်ရွက်ပေးခဲ့ရာ ဒဏ်ရာသည် စိုးရိမ်ရသည့်အခြေအနေမရှိသော်လည်း မန္တလေးမြို့ မြို့တော်ဆေးရုံတွင် ဆက်လက်ဆေးကုသမှုခံယူရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ၎င်းခရီးသည်သည် မန်းရတနာပုံလေကြောင်းလိုင်း ခရီးစဉ်အမှတ် 7Y - - - - ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ညောင်ဦးလေဆိပ်သို့ လိုက်ပါမည်ဖြစ်ရာ MJAS လေဆိပ်ဝန်ဆောင်မှုကုမ္ပဏီက ဒဏ်ရာသက်သာသည့်နေ့မှသာ ခရီးစဉ်လိုက်ပါရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် မေ ၁၅**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

# ရခိုင်ပြည်နယ် ဂွမြို့ ရွာမဘုန်းကြီးကျောင်းဝင်းအတွင်း အမျိုးသမီးတစ်ဦး၏ အလောင်းအားတွေ့ရှိ

**ဂွ မေ ၁၅**

ရခိုင်ပြည်နယ် ဂွမြို့ ရွာမဘုန်းကြီးကျောင်းဝင်းအတွင်း မဟာရဋ္ဌအတုလသုခစေတီတော်မြတ်အနီး ရေတွင်းဘေး၌ အမျိုးသမီးတစ်ဦး လဲကျသေဆုံးနေသည်ကို မေ ၁၄ ရက် ညနေ ၄ နာရီခန့်က ကိုညဏ်ထွန်းမင်း ပရဟိတအတွင်းရေးမှူး မြို့မရပ်ကွက်၌ နေထိုင်သူက တွေ့ရှိခဲ့သည်။

ယင်းနောက် မြို့မရဲစခန်းသို့အကြောင်းကြား၍ စခန်းမှူး ဒုရဲမှူး အေးထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရွာမရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့်အဖွဲ့က ရောက်ရှိ စစ်ဆေးခဲ့ကြသည်။ သေဆုံးသူမှာ မြို့မရပ်ကွက် ဈေးပတ်လမ်းတွင်နေထိုင်သူ ဒေါ်ယဉ်ယဉ် (၇၅ နှစ်) ဖြစ်ကြောင်းနှင့် ရေတွင်းဘေးရှိ သစ်သားခါတ်တိုင်မှလျှော့ကျနေသော ဓာတ်ကြိုးပေါ်၌ မီးကျွမ်းဒဏ်ရာများဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဒေါ်ယဉ်ယဉ်သေဆုံးမှုနှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ်စစ်ဆေး အရေးယူရန် မြို့နယ်ရဲစခန်း၌ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သုံးခွမြို့နယ် ကျွဲတဲကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော် လှူဒါန်း

**သုံးခွ မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ပူပြင်းခြောက်သွေ့သော နွေရာသီရောက်တိုင်း ရေကန်များခန်းခြောက်၍ သောက်သုံးရေအခက်အခဲရှိသော ကျေးရွာများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ တစ်သီးပုဂ္ဂလအလှူရှင်များနှင့် စေတနာအလှူရှင်များ စုပေါင်း၍ စက်ရေတွင်းများနှင့် ရေကန်များကို တူးဖော်လှူဒါန်းလျက်ရှိရာ မေ ၁၄ ရက် နံနက်ပိုင်းက သုံးခွမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့နေ ဦးဇော်ဇော်အောင်မိသားစု (၈၈) မျိုးဆက်ဟောင်းမှ တူးဖော်လှူဒါန်းသော ကျွဲတဲကုန်းကျေးရွာရှိ နှစ်လက်မပိုက်စက်ရေတွင်းမှာ အောင်မြင်စွာတူးဖော်ပြီးစီး၍ သောက်သုံးရေများရရှိနေပြီဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ သောက်သုံးရေရှားပါးချိန်တွင် သောက်သုံးရေများ ဖူလုံစွာရရှိသဖြင့် ကျေးရွာနေပြည်သူများ ကျေနပ်ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# မောင်တောမြို့ ပြောင်ပိုက်ရွာ၌ မီးခွက်မှောက်ကျရာမှ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၅**

မောင်တောမြို့နယ် ပြောင်ပိုက်ကျေးရွာ၌ နေအိမ်တစ်လုံး မေ ၁၃ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပြောင်ပိုက်ကျေးရွာနေ နူရ်ရာရှိမ်း၏နေအိမ်၌ မီးခွက်မှောက်ကျရာမှ မေ ၁၃ ရက် ည ၈ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားခဲ့ပြီး နေအိမ်တစ်ခုလုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် နူရ်ရာရှိမ်းအား မီးပေါ့ဆမှုဖြင့် ငါးခူရနယ်မြေရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်၌ ပေါက်ကွဲမှုဖြစ်ပွားသောနေရာ၌ အလောင်း ငါးလောင်း တူးဖော်တွေ့ရှိ

**နေပြည်တော် မေ ၁၅**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၁၃ ရက်က သဲနီကျေးရွာ၏အနောက်မြောက်ဘက် တောင်ခြေရင်း၌ တူးဖော်စစ်ဆေးခဲ့ရာ အလောင်းများ တူးဖော်တွေ့ရှိရကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် သဲနီကျေးရွာ၏ အနောက်ဘက်တောစပ်၌ မေ ၅ ရက် ညနေ ၄ နာရီခွဲခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးအတွက် ကင်းလှည့်ဆောင်ရွက်ခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့သောနေရာအား မေ ၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တွေ့ရှိခဲ့ပြီး တောစပ်ပတ်ဝန်းကျင်တွင် ယာယီတဲဆောက်လုပ်နေထိုင်ခဲ့သည့် နေရာ နှစ်နေရာ၌ လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် ယမ်းနံ့များရရှိသဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့သော နေရာမှန်ကန်ကြောင်း စစ်ဆေးသိရှိရ၍ သေဆုံးသူ၊ ဒဏ်ရာရရှိသူများနှင့် ပါဝင်ပတ်သက်သူများအား ဆက်လက်စုံစမ်းခဲ့ကြောင်း သိရသည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၁၃ ရက် ညနေပိုင်းတွင် သဲနီကျေးရွာ၏ အနောက်မြောက်ဘက် တောင်ခြေရင်း၌ တူးဖော်စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား အလောင်းနှစ်လောင်းနှင့် တင်းမေ (၃) ရပ်ကွက်နေ မော်လဝီ အဒူကော်ရိန်၊ ကျောင်းတောင် အလယ်ရွာနေ မော်လဝီယာဆိမ့်နှင့် စာကိုင်းကျေးရွာနေ ဇူပိုင်တို့၏ အလောင်းများအား တူးဖော်တွေ့ရှိခဲ့သဖြင့် ဘူးသီးတောင်ဆေးရုံသို့ ပို့အပ်ခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့် အရေးယူနိုင်ရေး စီစဉ်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**



မေ ၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၉ ၌ ဖော်ပြခဲ့သော ကန္ဒာရဝတီငွေတောင်ပြည်နှင့် အောင်သပြေဂူဆီသို့ သတင်းဆောင်းပါးတွင် ပိတ်ချင်းမြောင်ဓာတ်ပုံအား လွဲမှားဖော်ပြခဲ့သဖြင့် အောင်သပြေဂူအတွင်းရှိ ဗုဒ္ဓဆင်းတုတော်များကို ဖူးတွေ့ရသည့်ပုံအား ယခုပုံဖြင့် အမှန်ပြင်ဆင်ဖော်ပြအပ်ပါသည်။

ဆောင်းပါးရှင် - မောင်မောင်မြင့်ဆွေ

# ခန္တီးရတနာနယ်မြေ နန်းစီဘွန်နှင့် မကျန်ခမော့်ရပ်ကွက်အတွင်း တရားမဝင်နေထိုင်သူများ ၁၅ ရက်အတွင်း ပြောင်းရွှေ့ထွက်ခွာသွားကြရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်ထား

**ခန္တီး မေ ၁၅**

ခန္တီးရတနာနယ်မြေအတွင်း နန်းစီဘွန်ရပ်ကွက်နှင့် မကျန်ခမော့်ရပ်ကွက်တို့တွင် တရားမဝင်နေထိုင်သူများအားလုံးသည် မေ ၁၆ ရက်မှစ၍ ၁၀ ရက်နောက်ဆုံးထားပြီး ပြောင်းရွှေ့ထွက်ခွာသွားကြရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ- ၁၄၄ အရ အမိန့်ကို မေ ၁၅ ရက်စွဲဖြင့် ခန္တီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့် လက်မှတ်ရေးထိုး၍ ထုတ်ပြန်ထားသည်။

ခန္တီးမြို့နယ် ခန္တီးရတနာနယ်မြေ နန်းစီဘွန် ရပ်ကွက်နှင့် မကျန်ခမော့်ရပ်ကွက်များအတွင်း တရားမဝင်ရောက်နေထိုင်သူအချို့သည် တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကျောက်မျက်လုပ်ကွက်များ အတွင်းသို့ အုပ်စုဖွဲ့၍ အတင်းအဓမ္မကျူးကျော်ဝင်ရောက်ပြီး ကုမ္ပဏီများမှစွန့်ပစ်ခြင်းမရှိသေးသည့် ကျောက်ကြောမြေစာပုံများတွင် လုယက်ရှာဖွေခြင်း၊ ပစ္စည်းများအား ဖျက်ဆီးခြင်း၊ ယူဆောင်ခြင်း၊ ထိုသို့ပြုလုပ်စေရန် လူအများကို လှုံ့ဆော်ခြင်း၊ အားပေးခြင်းတို့ကြောင့် တရားဝင်လုပ်ကိုင် ဆောင်ရွက်သူများ၏အသက်အိုးအိမ်လုံခြုံရေးကို ထိပါးနှောင့်ယှက်ခံရခြင်း၊ မလိုလားအပ်သော ပြဿနာများဖြစ်ပွားပေါ်ပေါက်စေပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်ဟု ခန္တီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမိန့်အမှတ် (၁/၂၀၁၇)တွင် ပါဝင်သည်။ ထုတ်ပြန်ထားသောအမိန့်ကို စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် ခန္တီးရတနာနယ်မြေအတွင်းရှိ အများပြည်သူများ ကြားသိစေရမည်ဟု အမိန့်စာတွင်ပါဝင်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၆၉ စီး၊ သွင်းကုန် ၄၇၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၁၈၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၉၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၈၅၄၅ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၂မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၇၅၄၅ သန်းခန့်အား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၂ ရက်က မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် မော်တော်ဆိုင်ကယ် နှစ်စီးအား သတင်းအရရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ဘိန်းဖြူအဖြူရောင်အမှုန့် ၁၂ ဂရမ်တစ်ထုပ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၅၀ နှင့် သယ်ဆောင်သည့် မော်တော်ဆိုင်ကယ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၇၂၈ သန်းခန့်တို့ကိုတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဘိန်းဖြူအမှုန့် ၁၂ ဂရမ်တစ်ထုပ်၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် သယ်ဆောင်သည့် မော်တော်ဆိုင်ကယ်များ

# မြန်မာခြင်းလုံးအသင်း ဖိလစ်ပိုင်နိုင်ငံ၌ ပူးတွဲလေ့ကျင့်ရန် ထွက်ခွာ

**ရန်ကုန် မေ ၁၅**

၂၀၁၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း ပါဝင်လာရန်နှင့် ဖိလစ်ပိုင်ခြင်းလုံးအသင်းအနေဖြင့် နည်းစနစ်ပိုင်း ပိုမိုကျွမ်းကျင်စွာကစားနိုင်ရန်အတွက် ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် မြန်မာခြင်းလုံးအဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

မြန်မာခြင်းလုံးအသင်းကို မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းထွန်း၊ အာရှခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးပြည့်စုံမြင့်တို့ ဦးဆောင်၍ နည်းပြနှင့် ကစားသမားစုစုပေါင်း ကိုးဦးလိုက်ပါသွားသည်။ မြန်မာခြင်းလုံးအသင်းသည် မေ ၁၅ ရက်မှ ၂၁ ရက်အထိ ဖိလစ်ပိုင်ခြင်းလုံးအသင်းနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ပြီး သရုပ်ပြပြိုင်ပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဖိလစ်ပိုင်ခြင်းလုံးအသင်းသည် ဧပြီ ၁ ရက်မှ ၃၀ ရက်အထိ နေပြည်တော်၌ မြန်မာခြင်းလုံးအသင်းနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ မြန်မာ့ရိုးရာအားကစားနည်းများဖြစ်သော ခြင်းလုံးအားကစားနည်းကို နိုင်ငံတကာမှ စိတ်ပါဝင်စားစွာ ယှဉ်ပြိုင်ကစားလာပြီး အာဆီယံအဆင့်၊ အာရှအဆင့်ပြိုင်ပွဲများ ကျင်းပလာနိုင်ပြီဖြစ်သည်။

**ရဲရင့်ရှိန်း**

# စက်လှေပေါ်၌ ဓားခုတ်မှုဖြစ်ပွား

**ဟိုင်းကြီးကျွန်း မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကံချိုင်ကျေးရွာအုပ်စု ကျားတန်း(၁) ရပ်ကွက်ရှေ့ရှိ ပင်လယ်ပြင်တွင် မေ ၁၅ ရက်က ဓားခုတ်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကံချိုင်ကျေးရွာအုပ်စု ကျားတန်း(၁)ရပ်ကွက်တွင်နေထိုင်၍ ရေလုပ်ငန်းလုပ်ကိုင်လျက်ရှိသော မင်းထိုက်(၃၀နှစ်)သည် ဇော်ဇော်၊ မိုးဝင်း၊ ဝင်းထွန်းတို့နှင့် မေ ၁၄ ရက်က ရန်ဖြစ် စကားများထားခဲ့ကြောင်း၊ မေ ၁၅ ရက်တွင် မင်းထိုက်သည် စက်လှေပေါ်တွင်ရှိနေစဉ် ဇော်ဇော်၊ မိုးဝင်း၊ ဝင်းထွန်းတို့သည် ရွာပြန်ဦးမည်ဟုဆိုကာ ၎င်းတို့စက်လှေဖြင့် မောင်းလာ၍ မင်းထိုက်ရှိရာစက်လှေသို့ လေးခွများနှင့်ပစ်ခတ်ပြီး မင်းထိုက်ရှိရာ စက်လှေပေါ်သို့ကူးလာကာ ဓားဖြင့်ခုတ်ခြင်း၊ တုတ်ဖြင့်ရိုက်ခြင်းများ ပြုလုပ်နေ၍ မင်းထိုက်၏ ယောက္ခမဖြစ်သူက စက်လှေဖြင့်လိုက်လာ၍ ၎င်းတို့၏စက်လှေပေါ်သို့ တက်ပြီး မောင်းပြေးသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် မင်းထိုက်မှာ ပြတ်ရှဒဏ်ရာများရရှိကာ ဟိုင်းကြီးကျွန်းမြို့တိုက်နယ်ဆေးရုံတွင် အတွင်းလူနာအဖြစ်ကုသလျက်ရှိကြောင်း ဓားခုတ်မှုတွင်ပါဝင်နေသော ပြစ်မှုကျူးလွန်သူများမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး နီးစပ်ရာရဲစခန်းများနှင့် ဆက်သွယ်၍ အမြန်ဖမ်းဆီးရမိရန် ဆောင်ရွက်လျက်ရှိကြောင်း ဟိုင်းကြီးကျွန်းရဲစခန်းက သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲ မြန်မာနှင့် မလေးရှား ယနေ့ကစားမည်

**ရန်ကုန် မေ ၁၅**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၁၇ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲအုပ်စု (က) နောက်ဆုံးပွဲအဖြစ် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၁၆ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် မလေးရှားအသင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင်လာအိုအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မေ ၁၄ ရက်ပွဲစဉ်များ အပြီးတွင် အုပ်စု(က) ၌ ထိုင်းအသင်းက အုပ်စုလေးပွဲစလုံးအနိုင်ရကာ ၁၂ မှတ်ဖြင့် အုပ်စုပထမရပြီး ဆီမီးဖိုင်နယ်တက်ရောက်သွားပြီဖြစ်သည်။ လက်ကျန်တစ်နေရာအတွက် ခြောက်မှတ်ရထားသည့် မြန်မာအသင်း၊ သုံးမှတ်စီရထားသည့် လာအိုနှင့် ဗီယက်နမ်အသင်းတို့ အပြိုင်ဖြစ်နေပြီး အမှတ်မရသေးသည့် မလေးရှားအသင်းမှာ မျှော်လင့်ချက်မရှိတော့ပေ။ ယင်းသုံးသင်းအနက် ခြောက်မှတ်ရထားသည့် မြန်မာအသင်းမှာ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးများနေပြီး မလေးရှားကို သရေကစားရုံဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်း ရှုံးပွဲကြုံတွေ့မှသာ ဒုတိယပွဲကစားရမည့် လာအိုနှင့် ဗီယက်နမ်တို့ မျှော်လင့်ချက်ရှိမည်ဖြစ်ပြီး အနိုင်ရသည့်အသင်း အခွင့်အရေးရှိမည်ဖြစ်သည်။

အုပ်စု(ခ) ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ပြီး ဖိလစ်ပိုင်အသင်းက ကိုးမှတ်ဖြင့် ပထမ၊ ကမ္ဘောဒီးယားက လေးမှတ်ဖြင့် ဒုတိယရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ထိုင်းနှင့် ကမ္ဘောဒီးယားတွေ့ဆုံနေပြီး မြန်မာအသင်းသည် ဆီမီးတက်ခဲ့ပါက ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၃၀၅ ပြား ဖမ်းဆီးရမိ

မြိတ် မေ ၁၅

**တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု ဘုရားကိုင်ရပ်နှင့် ကန်ခေါင်းရပ်တို့၌ မေ ၁၄ ရက် ညနေ ၆ နာရီခွဲခန့်က မူးယစ်ဆေးဝါးများလက်ဝယ်ထားရှိ ဖြန့်ဖြူး ပူးပေါင်းရောင်းချသုံးစွဲနေသူ ငါးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၃၀၅ ပြားအား ရှာဖွေသိမ်းဆည်း ဖမ်းဆီးရမိခဲ့သည်။**

မြိတ်မြို့မရဲစခန်းမှ ဒုရဲအုပ်ထွန်းထွန်းနိုင်နှင့် ပူးပေါင်းအဖွဲ့သည် ထွန်းလွင်ဦး(ခ)ကိုဖား၏နေအိမ်သို့ သတင်းအရ မေ ၁၄ ရက် ညနေ ၆နာရီခွဲခန့်က သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ ထွန်းလွင်ဦး (ခ) ကိုဖား (၂၂နှစ်)၊ နိုင်လင်း (၂၂နှစ်)၊ နိုင်စိုး (၃၇နှစ်)၊ ကျော်စိုး (၃၂နှစ်) တို့အား ဖမ်းဆီးရမိပြီး စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၄၃၀၅ ပြားနှင့် ICE အဖြူရောင် အစိုင်အခဲမှုန့် စုစုပေါင်း အလေးချိန် ၀ ဒသမ ၀၁၄၅ ကီလိုဂရမ်၊ မူးယစ်ဆေးဝါးရောင်းချရာမှ ရရှိငွေကျပ် ၂၃၂၆၀၀၊ အနီရောင်လက်ဆွဲအိတ်တစ်လုံး၊ ပိုက်နှစ်ချောင်းတပ်ဆေးရှူကိရိယာတစ်ခု၊ ခဲပြားစ သုံးခုနှင့် ဆက်စပ်ပစ္စည်းများအား ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့လေးဦးအား စစ်ဆေးရာ အခင်းမဖြစ်မီ လွန်ခဲ့သော သုံးရက်ခန့်က ဂျာဒင်(ခ)သူရဆန်း (၂၂နှစ် ) အမှတ် (၁၉၇) ဂန့်ဂေါလမ်း ကန်ခေါင်းရပ် မြိတ်မြို့နေသူထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရသည်။

မေ ၁၄ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်က ဂျာဒင်(ခ)သူရဆန်းအား ၎င်း၏နေအိမ်တွင် အသင့်တွေ့ရှိဖမ်းဆီးရမိပြီး စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၆၀၀၀၀ ကို ရှာဖွေတွေ့ရှိပြီး မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသော နံပါတ်မပါ MSX အမျိုးအစားဆိုင်ကယ်တစ်စီးကိုပါ ရှာဖွေဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများအား လက်ဝယ်ထားရှိ ဖြန့်ဖြူး ရောင်းချသုံးစွဲသူ ထွန်းလွင်ဦး (ခ)ကိုဖား၊ နိုင်လင်း၊ နိုင်စိုး၊ ကျော်စိုး တို့အား မြိတ်မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ငွေနှင့်ရွှေထည်ပစ္စည်းများ ခိုးယူသူများ ဖမ်းဆီးရမိ

**ရန်ကုန်  မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် ဗိုလ်ရွဲလမ်းနေ ဒေါ်-----သည် လသာလမ်း၌ အလုပြင်ဆိုင်ဖွင့်လှစ်လုပ်ကိုင်လျက်ရှိရာ မေ ၇ ရက် ညနေ ၅ နာရီခွဲခန့်တွင် ဆိုင်ဝန်ထမ်းတစ်ဦးက နေအိမ်တံခါးပွင့်နေပြီး ပစ္စည်းများပြန့်ကျဲနေကြောင်းပြောသဖြင့် နေအိမ်သို့သွား ရောက်ကြည့်ရှုစစ်ဆေးရာ ရွှေထည်ပစ္စည်း ၁၄ မျိုးနှင့် ငွေကျပ် ၁၀ သိန်း၊ ဆိုင်ဝန်ထမ်းများ၏ ခရီးဆောင်အိတ်များအတွင်းမှ ငွေကျပ် ၄၁၀၀၀၀နှင့် ရွှေနားကပ်တစ်ဖက်၊ လက်ကိုင်ဖုန်းတစ်လုံးတို့မှာ ပျောက်ဆုံးနေကြောင်းသိရှိရသဖြင့် ခိုးယူသူအား အရေးယူပေးရန် တိုင်တန်းချက်အရ လသာမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် လသာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက အသေးစိတ် စစ်ဆေးရာ ပြစ်မှုကျူးလွန်သူမှာ အလုပြင်ဆိုင်ဝန်ထမ်းဟောင်းများဖြစ်သော ခန့်စည်သူ (ခ) စည်သူနှင့်ဇနီး ဥမ္မာကျော်(ခ)ဥမ္မာ(ခ)အေမီတို့ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် မေ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ခန့်စည်သူ (ခ)စည်သူအား ပန်းဆိုးတန်းဆိပ်ကမ်းနှင့် ညနေ ၃ နာရီခွဲ ခန့်တွင် ဥမ္မာကျော်(ခ)ဥမ္မာ (ခ) အေမီ(၂၁)နှစ်အား အနော်ရထာလမ်းနှင့် လှည်းတန်းလမ်းထောင့်တို့မှ ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူတို့ကို စစ်ဆေးရာ ၎င်းတို့သည် မေ ၇ ရက် နံနက်ပိုင်းတွင် အခင်းဖြစ်တိုက်ခန်းသို့တက်ရောက်၍ ငွေနှင့်ရွှေထည်ပစ္စည်း၊ လက်ကိုင်ဖုန်းတို့အား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့ပြင် ၎င်းတို့သည် ဧပြီ ၂၃ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် အဆိုပါတိုက်ခန်းသို့ ခိုးယူရန်သွားရောက်စဉ် အသက် ၅၀ နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦးနှင့်တွေ့ရှိသဖြင့် ယခင်က သိကျွမ်းသူဆိုင်ဝန်ထမ်း၏အမည်အားမေးရာ မရှိကြောင်းပြောပြသဖြင့် ၎င်းတို့က ရေအိမ်အသုံးပြုပြီး ပြန်ထွက်လာစဉ် SAMSUNG အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံးကို ခိုးယူခဲ့ကြောင်း၊ ခန့်စည်သူ(ခ)စည်သူသည် ဧပြီလအတွင်းက ကျောက်တံတားမြို့နယ်ရှိ နေအိမ်တစ်အိမ်အတွင်းမှ TCL အမျိုးအစား Flat TV တစ်လုံးခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ သက်သေခံရွှေထည်ပစ္စည်းများ၊ ကင်မရာတစ်လုံးနှင့် အဝတ်အစားတို့အား ပြန်လည်သိမ်းဆည်းကာ လသာနှင့် ကျောက်တံတားမြို့မရဲစခန်းတို့၌ အမှုဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**



ခန့်စည်သူ (ခ) စည်သူနှင့် ဥမ္မာကျော်(ခ) ဥမ္မာ(ခ) အေမီတို့အား သက်သေခံ ပစ္စည်းများ နှင့်အတူ တွေ့ရစဉ်



# တောဆင်ရိုင်းအား တူမီးသေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်သူနှစ်ဦးအား ဖမ်းဆီးရမိ

**သာယာဝတီ  မေ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သစ်တောဦးစီးဌာနမှ မေ ၁၃ ရက် မွန်းလွဲ ၂ နာရီက တောအုပ်ဦးတင်ဦး၊ သာယာဝတီမြို့မရဲစခန်းမှ ဒုရဲအုပ်ပြည့်ဖြိုးအောင်၊ သုံးဆယ်ဆည် ရဲကင်းမှူးဒုရဲအုပ်ဌေးဝင်းနှင့် တပ်ဖွဲ့ဝင်များသည် သာယာဝတီမြို့နယ် လှည်းလမ်းကူးအုပ်စု သုံးဆယ်ဆည်အတွင်း သုံးဆယ်ကြိုးဝိုင်း အကွက်အမှတ် (၄၃) ဒေသအခေါ် ရေသောက်ချောင်းဖျားတွင် ဆင်လိုက်မုဆိုးအဖွဲ့ရောက်ရှိနေကြောင်း သတင်းအရ လှည်းလမ်းကူးရွာနေ ဦးစိုးသန်းနှင့်အတူ သွားရောက်ရှာဖွေဖမ်းဆီးရာ ယင်းနေ့ ညနေ ၆ နာရီခွဲက ကံမမြို့နယ် သာစည်အုပ်စု စမ်းကျေးရွာနေသူများဖြစ်သော သန်းဇော်ဦး (၂၃နှစ်) နှင့် ဦးအောင်ရာ (၄၃နှစ်) တို့အား ပီနံအိတ်ဖြင့်ထည့်ထားသော ဆင်သားရေချပ်ခြောက်အိတ် (၇၀ ဒသမ ၅၀ ပိဿာ) ခန့်နှင့်အတူ ဖမ်းဆီးရမိပြီး ဆက်လက်ရှာဖွေရာ သန်းဇော်ဦးထံမှ တူမီးလုပ်သေနတ်ပြောင်းအရှည် ၁၆ လက်မခန့်ရှိ သံပြောင်းသုံးခု၊ အရှည် ၁၉ လက်မခန့်ရှိ သစ်သားပြောင်းကာတစ်ခု၊ မြားဆိပ်ခုနစ်ပုလင်း၊ အရှည်၁၄ လက်မခန့်ရှိ သံကျားလျှာတစ်ခု၊ သံဘောစေ့နှစ်လုံး၊ ကန့်အမှုန့်များထည့်ထားသည့် ဆေးထိုးပိုက်တစ်ချောင်း၊ လေးလက်မခန့်ရှိ ပလတ်စတစ်ဘူးဖြင့် ထည့်ထားသော ယမ်းမှုန့်တစ်ဝက်၊ ဦးအောင်ရာထံမှ အရှည်၂၀ လက်မခန့်ရှိ တူမီးလုပ်သေနတ်သစ်သားဒင်တစ်ခု၊ အရှည် ၂၁ လက်မခန့်ရှိ သစ်သားပြောင်းကာ တစ်ခု၊ အရှည် လက်မ ၂၀ ခန့်ရှိ သံပြောင်း တစ်ခု၊ ၂၁ လက်မခန့်ရှိသံပြောင်းတစ်ခု၊ ခဲသီး သုံးလုံး ၊ အဆိပ်ခတ်ပါသစ်ဥ လေးခုတို့အား သိမ်းဆည်းရမိခဲ့သည်။ ဆင်သတ်ရာတွင် အသုံးပြုသော လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်တွေ့ရှိသူ ဦးအောင်ရာနှင့် သန်းဇော်ဦးတို့ကို သာယာဝတီမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# ပုဇွန်တောင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဆီခဲများဖမ်းဆီးရမိ

**နေပြည်တော်  မေ ၁၅**

ရန်ကုန်မြို့ တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်တွင် မေ ၁၃ ရက်က ဝင်းနိုင်(ခ)အိုစာမားထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြား ဖမ်းဆီးရမိ အရေးယူထားသည့်အမှုမှ ကွင်းဆက်တရားခံ ပုဇွန်တောင်မြို့နယ် ရပ်ကွက်(၂) နေကြာလမ်း တိုက်(၁၄) ရှစ်လွှာ(A) နေ လှမြင့်(ခ)အနဲ၏ တိုက်ခန်းကို မေ ၁၄ ရက်က မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန်အနောက်မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၁၀၊ ဘိန်းဆီခဲ ၀ ဒသမ ၀၉၁၅၅ ကီလို၊ မြန်မာငွေကျပ် ၂၆ ဒသမ ၉၂ သိန်းနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း။ **(ယာပုံ)**

အလားတူ မေ ၁၄ ရက်က မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် ရေဝန်ကျေးရွာအနီး ရပ်စောက်-အင်တော‌သွား ကားလမ်း မိုင်တိုင်အမှတ် (၈၂)တွင် နေလင်းဖြိုးမောင်းနှင်ပြီး စိန်လတ်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း။

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် ရေဝန်ကျေးရွာအနီး ရပ်စောက်-အင်တော‌သွား ကားလမ်း၊ မိုင်တိုင်အမှတ် (၈၂)တွင် အိုက်လူးမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကိုလည်းကောင်း။

မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ရပ်ကွက် မန်ဝိန်းနယ်မြေ အမှတ်(မဝ/၄၅၃) နေ Wဘရန်ရှောင်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ဆန်အောင်စီအား တွေ့ရှိပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေး ပြား ၁၁၅၅ ပြားနှင့် ခပ်ရူး ၀ ဒသမ ၀၅၅ ကီလိုတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



လှမြင့်(ခ)အနဲကို ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဆီခဲများနှင့်အတူ တွေ့ရစဉ်

မာ် SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

ဆရာအာသာ SUCCESS LANGUAGE ACADEMY 202046 392048 256954
Y.W.C.A ခန်းမ၊ အမှတ်(၁၁၉)၊ ဘိုကလေးဈေးလမ်း
ကလေးများအတွက် တစ်နှစ်ပတ်လုံးဖွင့်မည့်
Regular English Courses For Young Learners
(၁)တန်းမှ (၉)တန်း ကလေးများအတွက်
Level-၅ ဆင့်ခွဲ၍ ထိရောက်စွာသင်ကြားမည့်
4-Skill English သင်တန်းများ
Sat + Sun (တစ်ပါတ် ၂ ရက်)
9:30 to 11:30 a.m.
June 3 စပါမည်။
ဝင်ကြေး - ၅၀၀၀/-
လစဉ်ကြေး - ၂၀၀၀၀/-

## ကြော်ငြာစာ

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၈)၊ ဦးပိုင်အမှတ်(၉၃-က)၊ ၅၉×သံလမ်းကြား၊ မြတ်လေးနှင့်ပိတောက်လမ်းကြားရှိ ဦးခင်မောင်တင့်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်အေးလှ၊ ၉/မနမ(နိုင်)၀၉၈၄၄၅မှ မြေစလစ်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်၊ ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် စစ-၆၊ ဦးပိုင်အမှတ် ၃၂·ခ၊ ၅၄×၅၅ကြား၊ ဘုရင့်နောင်×အောင်ဇေယျကြားရှိ ဦးတင်ဝင်း အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်အေးအေးသန့် ၅/မရန(နိုင်)၀၂၆၅၁၈ မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၄၂)၊ ဦးပိုင်အမှတ်(၂၆)၊ ၅၃×၅၄ကြား၊ အနော်ရထာ×အောင်ဇေယျလမ်းကြားရှိ ဦးပေါ်လာအမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်သူဇာမြင့် ၉/ပဘန(နိုင်)၁၁၇၈၄၁မှ ဦးပိုင် ၂၆(ခဲစင်း) တောင်ဘက်ခြမ်းအား မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ပေါင်း ၁၇ မြို့တွင် ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၅)ထပ်(၂)လုံး၊ (၄)ခန်းတွင် (၄)ထပ်(၁၄)လုံး ၊(၄)ခန်းတွဲ (၃)ထပ် (၃)လုံး၊ (၄)ခန်းတွဲ (၂)ထပ် (၄)လုံး စုစုပေါင်း အဆောက်အအုံ(၂၃)လုံး ဆောက်လုပ်ရန်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်းတင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ဝယ်ယူရက်** -(၁၇-၅-၂၀၁၇) ရက်မှ (၁၃-၆-၂၀၁၇)ရက်ထိ

(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရက်** -(၁၄-၆-၂၀၁၇)ရက် (၁၆:၀၀)နာရီ

(ဂ) **တင်ဒါလျှောက်လွှာ တင်သွင်းရန်နေရာ** -တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၇၁-၂၄၈၇၂သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

## အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးဆန်းထွန်း၏ သမီး မဟန်နီဆန်းထူး၏ အမည်မှန်မှာ ကျောင်းဝင်အမှတ်-၂၂၈၃၁ အရ မနှင်းနှင်းယု ဖြစ်ပါကြောင်း။

**မနှင်းနှင်းယု**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ သရက်ကုန်း အလယ်တန်းကျောင်း(ခွဲ) အဋ္ဌမတန်းမှ မအိဖြိုးဖြိုးမြင့်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဆန်းမြင့်ဝင်း ၁/ရကန(နိုင်)၀၃၂၄၇၉ ဖြစ်ပါကြောင်း။

**ဦးဆန်းမြင့်ဝင်း**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေး လက် လမ်း၊ တံတားနှင့် ရေရရှိရေးလုပ်ငန်းနှင့် ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအား အောက်ပါရက်များအတိုင်း တင်ဒါခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါစတင်ရောင်းချမည့်ရက် | - ၂၂-၅-၂၀၁၇ရက်(တနင်္လာနေ့) |
| (ခ) | တင်ဒါရောင်းချမှုပိတ်သိမ်းရက် | - ၁၅-၆-၂၀၁၇ရက် (ကြာသပတေးနေ့)(၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက် | - ၁၆-၆-၂၀၁၇ရက် (သောကြာနေ့)(၁၆:၀၀)နာရီ |
| (ဃ) | တင်ဒါစည်းကမ်းချက်များရှင်းလင်းပွဲ | - ၃၁-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) (၁၀:၀၀) နာရီ |
| | ပြုလုပ်မည့်ရက်/နေရာ | ရှမ်းပြည်နယ်ကျေးလက်ဦးစီးရုံး၊ တောင်ကြီးမြို့ |

၂။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၈၁-၂၁၂၄၂၅၀၊ ၀၈၁-၂၁၂၄၄၈၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၃)ရပ်ကွက်၊ သခင်ဗလှိုင်လမ်း၊ အမှတ် (၆၉၂/က)၊ ပေ ( ၂၀ × ၆၀ ) အကျယ်အဝန်းရှိသော နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့် ရှိသူ ဒေါ်တင့်တင့်ဝေ ( ၁၂/ကမတ (နိုင်) ၀၀၀၂၉၂ ) ထံမှ ကျွန်ုပ်က ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပါ၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၅ ) ရက်အတွင်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပြီး သတ်မှတ် ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးပြည့်ဝင်း**

၇၃၊ ဗိုလ်မှူးဗထူးလမ်း (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဖုန်း - ၀၉ ၄၅၀ ၄၄၂၂၆၆

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# တစေ့တစောင်း တရားရုံးများအကြောင်း

## မောင်သောင်းဦး(တရားရုံးချုပ်ရှေ့နေ)

စာရေးသူသည် အစိုးရသစ်လက်ထက်တွင် ပြောင်းလဲချိန်တန်ပြီဟူသော ကြွေးကြော်သံများ၊ အားမနာတမ်းဝေဖန် အကြံပြုပါဟူသော ကြွေးကြော်သံများအရ ခေါက်ရိုးကျိုးနေသော အယူအဆများကို ပြုပြင်လိုသော စေတနာဖြင့် ဥပဒေဆောင်းပါးများ ရေးသားလိုစိတ်များ ဖြစ်ပေါ်လာခဲ့ပါသည်။ သို့ကြောင့်ပင် (Common mistake) အများအပြားမှားနေသော အယူအဆများ၊ အမှားကိုအမှန်ဟု ထင်မှတ်ကာ တစ်ယူသန်ပြုလုပ်နေသော အယူအဆများကို ပြုပြင်လိုသော ဆန္ဒဖြင့် ရေးသားခြင်းသာ ဖြစ်ပါသည်။

ဆောင်းပါးရေးသားခြင်း တွင် အပြုသဘောဆောင်သော ရေးသားခြင်းသာဖြစ်ကြောင်း ပဏာမဝန်ခံအပ်ပါသည်။ အပြစ်တင်ရှုတ်ချလိုသည့် သဘော မျိုး စိုးစဉ်းမျှမရှိပါ။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ တရား ရုံးလက်စွဲများ၊ ညွှန်ကြားချက်များ၊ ကျင့်ထုံးများအား အသက်ဝင်လှုပ်ရှားစေချင်သော သဘောဖြင့်သာ သရုပ်ဆောင်ပါသည်။ ဥပဒေပညာရှင်ကြီးများသည် သတိမမူ၍ ဂူမမြင်သော ပညာရှိကြီးများကို သတိရစိမ့်သောငှာ ထောက်ပြခြင်းသာဖြစ်ပါသည်။ ရာဇသတ်ဥပဒေပုဒ်မ ၃၃ တွင် ပြဋ္ဌာန်းထားသော ပြုလုပ်မှု (Act)နှင့် ပျက်ကွက်မှု (Omission) ဟူ၍ ရှိပါသည်။ ဆိုလိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်က မပြုလုပ်ရဟု တားမြစ်ထားလျှင် (Act) ပြုလုပ်မိပါက ပြစ်မှုကျူးလွန်ခြင်းဖြစ်သလို တစ်ဖန်ဥပဒေတစ်ရပ်ရပ်က လိုက်နာကျင့်သုံးရမည်၊ ပြုလုပ်ဆောင်ရွက်ရမည်ဟု လမ်းညွှန်ပြဋ္ဌာန်းထားပါလျက် မပြုလုပ်မဆောင်ရွက်ဘဲ (Omission) ပျက်ကွက်ခြင်းရှိခဲ့ပါက ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်းပင်ဖြစ်ကြောင်း ရှင်းလင်းဖော်ပြထားပါသည်။

ထိုရာဇသတ်ကြီးဥပဒေပုဒ်မ ၃၃ သည် တရားရုံး တွင် နေ့စဉ်ဆောင်ရွက်နေကြသော ဥပဒေပညာရှင်များ သာမကဌာနဆိုင်ရာအဆင့် အသီးသီးတွင် ဆောင်ရွက်နေ ကြသော ဝန်ထမ်းများနှင့်ပါ တိုက်ရိုက်သက်ဆိုင်နေကြောင်း မြင်တွေ့နေရတုန်းပင် ဖြစ်ပါသည်။ မည်သည့်ဌာနမဆို စည်းမျဉ်း၊ စည်းကမ်း၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းထားသော်လည်း ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်၍ ဆောင်ရွက်နေကြကြောင်း တွေ့ရှိရလေသည်။ ဥပဒေက မည်သို့ပင်ဆိုစေကာမူ ကိုယ်လုပ်ချင်ရာကိုယ်လုပ်၍ ကိုယ့်ဥပဒေ ကိုယ်ပြုနေကြတုန်းပင်ဖြစ်ပါသည်။ အများအားဖြင့် တရားရုံးများတွင် အမှုရင်ဆိုင်ရသောသူများမှာ ဗဟုသုတနည်းပါး၍ ဆင်းရဲနွမ်းပါးသော တောနေလူတန်းစားများသာ ဖြစ်ကြောင်း တွေ့ရပေသည်။ အမှုဖြစ်ကြသောအခါ တွယ်မိတွယ်ရာဆိုသလို တရားရုံးတွင် ယောင်လည်လည်ဖြစ်နေကြ၏။ ဤအခြေအနေကို ရိပ်စားမိသော အမှုပွဲစားများ၏ အကွက် ဆိုက်ကာ ၎င်းတို့မှ လမ်းညွှန်ချက်အမျိုးမျိုးပေး၍ တစ်သဝေမတိမ်းလိုက်နာရ၏။ ဘယ်ရှေ့နေကို ငှား၊ ဘယ်ရှေ့နေကတော့ ဘယ်တရားသူကြီးနှင့် ရင်းနှီးကြောင်း၊ ကျွန်တော်ငှားပေးမယ် စသည်စသည်ဖြင့် သူတို့ရဲ့ထောင်ချောက်ထဲ နာလန်မထူနိုင်အောင် သွတ်သွင်းပြီး ဒုက္ခလှလှကြီးပေးတော့၏။ ဆင့်စာ လုလင်များသည် ဆင့်စာကို အတည်ပြုရုံတွင်မက တရားလိုဘက်ကလည်း ရှေ့နေငှားပေးသလို ဆင့်စာကို ဆင့်ဆိုခြင်းခံရသော တရားခံဘက်ကိုပါ တရားလိုမသိအောင် ပုန်းလျှိုးကွယ်လျှိုး ရှေ့နေငှား ပေးလေ့ရှိ၏။ ယခုခေတ်တွင် ခေတ်စားနေသော လက်ကိုင်ဖုန်းဖြင့် အမှုသည်နှင့် ဘယ်နေ့ဘယ်အချိန် ဘယ်လက်ဖက်ရည်ဆိုင်တွင် စောင့်နေရန် ချိန်းဆို၍ ချိတ်ဆက်လုပ်ကာ ရှေ့နေကို အမှုအပ်ပေးလေ့ရှိ၏။ ရှေးခေတ်များက တရားသူကြီး တစ်ယောက်ကို တစ်နှစ်၊ နှစ်နှစ်ထက်ပို၍ တစ်နေရာတွင် ထားလေ့မရှိ။ ရှေ့နေနှင့် တရားသူကြီးများ ရင်းနှီးမှုရှိမည်ကို တာဝန်ရှိသူများက ကြိုတင် အကွက်မြင်၍ ထိုပုံစံမျိုးကို ချထားဟန်တူသည်ဟု စာရေးသူ ယူဆမိ၏။ ယခုခေတ် နယ်စားပယ်စား ရှေ့နေများ မပေါ်ပေါက် အောင် ဟန့်တားမှုတစ်ရပ်ဟု ဆိုနိုင်ပါသည်။

တရားရုံးများတွင် အမှုကြန့်ကြာရခြင်း အကြောင်းရင်းတစ်ရပ်မှာ တရားသူကြီးများသည် ရှေ့နေရှေ့ရပ်များကို အခွင့်အရေးများ လိုက်လျောမှုသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ယခင်အစိုးရလက်ထက်က ရှေ့နေရှေ့ရပ်အချို့သည် ရပ်ရေးရှာရေးကိစ္စတွင် အမှုရရှိအောင် တာဝန်ရှိသော နေရာတွင် ဝင်ရောက်ဆောင်ရွက်နေသဖြင့် အမှုရက်ချိန်းတောင်းခံမှု မကြာခဏတွေ့ရှိရပေသည်။ ထိုဖြစ်ရပ်သည် တရားရုံးလက်စွဲတွင် အမှုရက်ချိန်းကို လွယ်လွယ်ကူကူမပေးရန် တားမြစ်ထားသည့်အပြင် ရှေ့နေသည် အခြားလုပ်ငန်းရှိပါက တရားရုံးများလက်စွဲ အပိုဒ်၁၁(၂)နှင့်(၂၇)အရ တရားလွှတ်တော်ချုပ်သို့ အစီရင်ခံရမည်ဟု ပြဋ္ဌာန်းချက်ရှိထားပါလျက် ရှေ့နေမသိသည့်တိုင်အောင် တရားသူကြီးများက ယင်းရှေ့နေကို သတိပေးရန် တာဝန်ရှိပေသည်။ နှစ်ဖက်အမှုသည်များလည်း စရိတ်ကုန်၊ အလုပ်ပျက်၊ လူပင်ပန်းမှုကို ဖန်တီးရာကျနေပါသည်။ စာရေးသူ၏ ဘကြီးတော်သူ ဝါရင့်ရှေ့နေကြီးတစ်ဦးက "မင်းရှေ့နေလုပ်မည်ဆိုလျှင် (Experience cannot be bought ) အတွေ့အကြုံဟာ ဝယ်ယူလို့မရ" ဟူသောစကားကို မှတ်ထားရန် မှာကြားခဲ့ဖူးပါသည်။

**တရားမမှုများတွင် အဆင့်ပေါင်းများစွာကို ဖြတ်သန်းပြီးမှပြီးပြတ်ကြောင်း ဥပဒေပညာရှင်များ သဘောပေါက်ထားပြီး ဖြစ်ပါသည်။ ဤကဲ့သို့ သဘောပေါက်ထားပြီးဖြစ်ပါလျက် တရားပြိုင်ဘက်မှ တရားလို၏ အဆိုလွှာကို မလိုအပ်ဘဲ နှိုက်နှိုက်ချွတ်ချွတ် မေးခွန်းများကို တရားမကျင့်ထုံး အမိန့် ၁၁၊ နည်း-၁ အရ မေးမြန်းမှုသည် ရှေးယခင်ခေတ် ရှေ့နေကြီးများသည် ဥပဒေရှိသော်လည်း မလိုအပ်၍ မေးလေ့မေးထ မရှိပါ။ ချေလွှာတွင် အမှုစစ်ဆေးစဉ် မေးမြန်းခွင့်ရှိပါလျက် တမင်သက်သက်အမှုကို အချိန်ဆွဲသလို ဖြစ်နေ**

စာရေးသူနှင့်မိတ်ဆွေ ရှေ့နေကြီး တစ်ဦးတို့ တရားမနစ်နာမှုတစ်မှုတွင် အပြီးသတ်လျှောက်လဲချက်ကို တရားသူကြီး၏ ဆန္ဒအတိုင်း စာဖြင့်ရေးသား၍ ရုံးသို့တင်ရသည်။ ထိုတရားသူကြီးသည် တွဲဖက်မြို့နယ် တရားသူကြီးအဆင့်တွင်ရှိသူဖြစ်ပြီး စာရေးသူအား ထိုလျှောက်လဲ ချက်မိတ္တူကို တစ်ဖက်သို့ ပေးခိုင်းသည်ကိုလည်း အံ့သြစွာဖြင့် ကြုံတွေ့ခဲ့ရပါသည်။ အတွေ့အကြုံနုသေးကြောင်း ယူဆမိပါသည်။ တစ်ဖန် အမှုတစ်ခုတွင် သက်သေခံပစ္စည်းသိမ်းသည့် ရဲအရာရှိကို ဥပဒေနှင့်ညီမညီ မေးမြန်းရာ တရားသူကြီးက စာရေးသူအား ဝန်ထမ်းလုပ်ခဲ့ဖူးသူဖြစ်၍ ကိုယ်ချင်းစာသဖြင့် မမေးရန်ဟန့်တားဖူးသည်။ စာရေးသူက အမှုသည်၏ ညွှန်ကြားချက်အရ တာဝန်ကျေစွာမေးရကြောင်း၊ တင်ပြမှ ထိုတရားသူကြီး နောက်ထပ်မေးခွန်းများကို တားမြစ်ခြင်းမရှိတော့ကြောင်း ကိုယ်တွေ့ကြုံခဲ့ရဖူးပါသည်။ မျက်မှောက်ခေတ် တရားရုံးများတွင် အမှုကြန့်ကြာရခြင်း အကြောင်းများကို ဆက်လက်တင်ပြလိုပါသည်။

တရားမမှုများတွင် အဆင့်ပေါင်းများစွာကို ဖြတ်သန်းပြီးမှပြီးပြတ် ကြောင်း ဥပဒေပညာရှင်များ သဘောပေါက်ထားပြီးဖြစ်ပါသည်။ ဤကဲ့သို့ သဘောပေါက်ထားပြီးဖြစ်ပါလျက် တရားပြိုင်ဘက်မှ တရားလို၏ အဆိုလွှာကို မလိုအပ်ဘဲ နှိုက်နှိုက်ချွတ်ချွတ် မေးခွန်းများကို တရားမကျင့်ထုံး အမိန့် ၁၁၊ နည်း-၁ အရ မေးမြန်းမှုသည် ရှေးယခင်ခေတ် ရှေ့နေကြီးများသည် ဥပဒေရှိသော်လည်း မလိုအပ်၍ မေးလေ့မေးထ မရှိပါ။ ချေလွှာတွင် အမှုစစ်ဆေးစဉ် မေးမြန်းခွင့်ရှိပါလျက် တမင်သက်သက်အမှုကို အချိန်ဆွဲသလို ဖြစ်နေပါသည်။ ထိုမေးခွန်းများသည် တရားမကျင့်ထုံးအမိန့် ၁၁၊ နည်း-၇အရ မေးမြန်းချက်တစ်ရပ်ကို အကျိုးသင့်အကြောင်းသင့် မဟုတ်ဘဲဖြစ်စေ၊ အနှောင့်အယှက် ဖြစ်စေလိုသောသဘောနှင့်ဖြစ်စေ တင်ပြခြင်းကို အကြောင်းပြု၍ ပယ်ဖျက်နိုင်သည် (သို့မဟုတ်) မေးမြန်းချက်မှာ ရှည်လျားခြင်း၊ နိုင်ထက်စီးနင်းပြုရာရောက်ခြင်း၊ မလိုအပ်ခြင်း(သို့မဟုတ်) အသရေကို ပျက်စီးစေခြင်း အကြောင်းကြောင့် ပယ်နိုင်သည်ဟု စီရင်ထုံးများအရ လမ်းညွှန်ထားပါလျက် အချို့တရားခွင်များတွင် လက်ခံပြီး တစ်ဖက်မှ ကန့်ကွက်လာလျှင်မှ လက်ခံသင့်မသင့်ကို နှစ်ဖက် လျှောက်လဲချက်ကြားနာခြင်း၊ လျှောက်လဲချက်ကို အကြိမ်ကြိမ်ချိန်းဆိုခြင်းတို့မှာ အမှုကိုပို၍ပို၍ပင် ကြန့်ကြာအောင် ဖန်တီးရာကျနေပါသည်။

တရားသူကြီးများသည် ဥပဒေကို ဆုံးခန်းတိုင်အောင် မဖတ်ဘဲ ပေါ့ဆမှုတို့မှာ ပို၍ပင် တစ်ဖက်အမှုသည်အဖို့ နစ်နာကြောင်း စာရေးသူအနေဖြင့် သာဓကတစ်ခုပြရပါလျှင် စာရေးသူလိုက်ပါဆောင်ရွက်သည့် အမှုပင်ဖြစ်ပါသည်။ စာရေးသူ၏ အမှုတွင် တရားလိုသည် တစ်ဦးတည်းသောသားဖြစ်ပြီး ဖခင်ကွယ်လွန်ပြီးဖခင်ကြီးနှင့် အိမ်ထောင်နှစ်ဆက် အနှစ်(၃၀) ပေါင်းသင်းပြီးနောက် ဒုတိယအိမ်ထောင်နှင့်ပါလာသူ အမျိုးသမီးမှ ဖခင်ကြီးနှင့် လင်မယားဖြစ်ပါသည်ဟုဆိုကာ ဖခင်ကြီး၏ ခြံမြေနှင့်အိမ်ပေါ်မှမဆင်းဘဲနေသဖြင့် တရားလိုမှ လင်မယားဟု စွပ်စွဲသူအမျိုးသမီးအား ဖခင်ကြီးနှင့် တရားဝင်ဇနီးမယားမဟုတ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုသောအမှုပင်ဖြစ်ပါသည်။ ဤအမှုတွင် တရားပြိုင်ဘက်မှ ထိုအမှုတွင် သီးခြားသက်သာခွင့်ဥပဒေအရ သူတစ်ပါး၏ အဆင့်အတန်းကို စွဲဆိုမှုမပြုနိုင်ကြောင်း ကြားဖြတ်ကန့်ကွက်လွှာတင်ပါသည်။

သို့ရာတွင် ဥပဒေက အတိအကျဖော်ပြထားသည်မှာ သူတစ်ပါး၏ အဆင့်အတန်း (Legal Character) သူတစ်ပါး၏ အဆင့်အတန်းကို မစွဲဆိုနိုင်သော်လည်း တစ်ဖက်မှ ဆန့်ကျင်၍ ပိုင်ဆိုင်မှုကို ပြောဆိုလာပါက စွဲဆိုနိုင်ကြောင်း ပါရှိပါလျက် အမှုကို ပြောင်ပြောင်တင်းတင်း ပလပ်ခဲ့ပါသည်။ သီးခြားသက်သာခွင့်ဥပဒေ (Specific Relif Act) မြန်မာနိုင်ငံ ဥပဒေအတွဲ(၉)၊ စာမျက်နှာ(၃၉၀) တွင် ဤကဲ့သို့ တရားလို၏ အခွင့်အရေးရှိပါလျက် ပလပ်ခြင်းကို စာရေးသူ မချိမဆံ့ ခံစားခဲ့ရပါသည်။ ဥပဒေပညာသည် မည်မျှအရေးကြီးကြောင်းနှင့် ဥပဒေလုပ်ငန်းတွင် ကျွမ်းကျင်သော ဥပဒေပညာရှင်များ လိုအပ်ကြောင်း သာဓကပြရပါလျှင် ရှေ့နေချုပ်ရုံးမှ ပုံနှိပ်ထုတ်ဝေထားပြီးသော **"ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ စာအုပ်နိဒါန်းတွင် ဥပဒေကြီးခိုင်မှ နိုင်ငံအေးချမ်းနိုင်ပါသည်။ ဥပဒေမဏ္ဍိုင်ကြံ့ခိုင်ရေးအတွက် ဥပဒေလုပ်ငန်းတွင် ကျွမ်းကျင်သော ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ် လုပ်ငန်းခွင်တွင် အရည်အချင်းပြည့်ဝသော ရှေ့နေရှေ့ရပ်များ လိုအပ်ပါသည်။ အရည်အချင်းဆိုသည်မှာ ဥပဒေတတ်ကျွမ်းမှု၊ စိတ်ထားကောင်းမွန်မှန်ကန်မှု၊ ကျင့်ဝတ်သိက္ခာ လိုက်နာစောင့်စည်းမှုတို့ ဖြစ်ပါသည်"** ဟု ဆိုထားသဖြင့် စာရေးသူခံစားရသောအမှုတွင် မည်သူတို့၏ ချို့ယွင်းချက်များဖြစ်ကြောင်းကို ရိုးစင်းစွာ တင်ပြပါသည်။ အလွန်မှတ်သားဖွယ်ကောင်းသော လမ်းညွှန်မှုများပင်တည်း။ တရားရုံးချုပ် တရားသူကြီး ဦးသက်ထွန်း၏ (Bar and Bench) ဟူသော ဆောင်းပါးတွင် ရှေ့နေနှင့် တရားခွင်တို့ အပြန်အလှန်လေးစားအပ်ကြောင်းကိုလည်း လေ့လာသိရှိရပါသည်။

ယခုမျက်မှောက်ခေတ်တရားသူကြီးများသည် ရှေ့နေကြီးများနှင့် အလုပ်ခွင်အတွင်း ဆက်ဆံရာတွင် မောက်မာစွာပြောဆိုဆက်ဆံပုံတို့မှာ အလွန်ပင်အရုပ်ဆိုးသော အပြုအမူများကို ကြုံတွေ့နေရတုန်းပင်ဖြစ်သည်။ စာရေးသူ၏မိတ်ဆွေ ရှေ့နေကြီးတစ်ဦးသည် တရားခံသုံးဦးအနက် တစ်ဦးက ထိုရှေ့နေကြီးအားငှားပြီး ကျန်နှစ်ဦးက အခြားရှေ့နေကြီးတစ်ဦးအား ငှားခဲ့၏။ တရားသူကြီးအမျိုးသမီးသည် ရုံးချိန်းအကြိမ်ကြိမ်ပျက်လျက်ရှိသော တရားခံနှစ်ဦးအား ပြစ်တင်ကြိမ်းမောင်း၏။ ဤသို့သော အခြေအနေတွင် တရားခံတစ်ဦးအတွက် လိုက်ပါဆောင်ရွက်သူ ရှေ့နေကြီးက "ကျွန်တော့်တရားခံမပျက်ပါဘူး၊ မပျက်ပါဘူး" ဟု ထပ်ဆင့် ဆင့်ပြောမိသဖြင့် တရားသူကြီးအမျိုးသမီးက "ရှင့်တရားခံကို ပြောတာမဟုတ်ဘူး။ သေသေချာချာလည်း နားထောင်ပြီးမှ ပြောပါ" ဟု မချေမငံပြောဆိုဖူးသဖြင့် ပြည်သူများမြင်၍ မသင့်တော်ပါ။

ထို့ကြောင့် ရှေ့နေနှင့် တရားခွင်သည် အပြန်အလှန် လေးစားမှုမရှိသဖြင့် ပြည်သူမှ ယုံကြည်လေးစားအပ်သော တရားစီရင်ရေးကို မဖော်ဆောင်နိုင်သဖြင့် တရားသူကြီးနှင့် ရှေ့နေများသည် မိမိတို့အတွက် ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းနှင့် ဂုဏ်သိက္ခာကို စောင့်ထိန်းရမည့်အပြင် မိမိကျင့်ဝတ်သိက္ခာတို့ကိုလည်း လေးစားလိုက်နာသင့်ပါကြောင်း ရေးသားလိုက်ရပါသတည်း။

## လွယ်ဂျယ်မြို့ ကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံများ ဆောက်လုပ်



**လွယ်ဂျယ် မေ ၁၅**

မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ အောင်မင်္ဂလာရပ်ကွက် (၁) ၌ ကျေးလက်ကျန်းမာရေးဌာနက ဝန်ထမ်းအိမ်ရာ သုံးခန်းတွဲ တစ်လုံး၊ နှစ်ခန်းတွဲ တစ်လုံး၊ သားဖွားခန်း၊ ဆေးပစ္စည်းသိုလှောင်ခန်းနှင့် ပြင်ပလူနာကုသခန်းများကို ယခုနှစ်ဖေဖော်ဝါရီလမှ စတင်ပြီး နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောက်လုပ်လျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးမှူး ဦးအောင်ငွေ၏ ပြောပြချက်အရ သိရသည်။

"ပင်မဆောင် အလယ်ဆောင်တွင် သားဖွားခန်း၊ ဆေးပစ္စည်းသိုလှောင်ခန်း၊ ပြင်ပလူနာခန်းများပါရှိပြီး ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေမှာ ဖြစ်ပါတယ်။ အရင်က သားဖွားခန်းမရှိတော့ မွေးလူနာများမှာ အခက်အခဲဖြစ်ရတယ်။ တချို့ကတော့ တစ်ဖက်နိုင်ငံသွားပြီး ကလေးမွေးရတဲ့အတွက် ငွေကုန်ကြေးကျများခဲ့ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

**လဘန်အောင်(ကချင်မြေ)**

## သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုရေးနှိုးဆော်

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသော အဓိကသီးနှံများတွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ လုံလောက်စွာရရှိအသုံးပြုနိုင်ရေးအတွက် တောင်သူအစုအဖွဲ့အလိုက် မျိုးစေ့ထုတ်အသင်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် အပင်ပေါက်ကောင်းမွန်ခြင်းကြောင့် မျိုးစေ့နှုန်းထားလျှော့ချသုံးစွဲနိုင်ခြင်း၊ အပင်ဖြစ်ထွန်းမှုညီညာခြင်း၊ ရင့်မှည့်ချိန်ညီညာ၍ ရိတ်သိမ်းရလွယ်ကူခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ အထွက်နှုန်းတိုးတက် ထွက်ရှိနိုင်ခြင်း၊ အရည်အသွေးကောင်းသီးနှံများ ထုတ်လုပ်ရရှိမည်ဖြစ်သဖြင့် ဝင်ငွေပိုမိုရရှိခြင်း စသည့်အကျိုးကျေးဇူးများကို လက်ငင်းရရှိခံစားနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တောင်သူလယ်သမားများ၊ ပုဂ္ဂလိကစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုစိုက်ပျိုးကြပါရန်နှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များနှင့် လိုအပ်သောနည်းပညာအကူအညီများ ရရှိရေးတို့အတွက် နီးစပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရုံးများနှင့် ခြံ/စိုက်ကွင်းများသို့ ဆက်သွယ် အကူအညီရယူနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## မျှဝေခြင်းစေတနာရှင်အလှူရှင်များ၏ စက်ရေတွင်းလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၁၅**

နေပြည်တော် ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် ထုံးဖိုကျေးရွာတွင်း သောက်သုံးရေ အခက်အခဲများဖြစ်ပေါ်လျက်ရှိပြီး ကျေးရွာသူ ကျေးရွာသားများအနေဖြင့် စက်ရေတွင်းကြိုးပမ်းတူးဖော်ကြသော်လည်း ရေငန်များသာ ထွက်ရှိခြင်းကြောင့် ကျန်းမာရေးနှင့်ညီညွတ်သော ရေချိုရရှိရန် ဆက်သွယ်အကူအညီတောင်းခံရာ မျှဝေခြင်းအစီအစဉ်ဖြင့် လေးလက်မ စက်ရေတွင်း တူးဖော်ပေးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် မိတ်ဆွေသင်္ဂဟများက အလှူငွေများ စုပေါင်းထည့်ဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စက်ရေတွင်း လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၁၃ ရက်က အဆိုပါကျေးရွာရှိ စက်ရေတွင်းအနီး၌ ပြုလုပ်ရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့် မိတ်ဆွေသင်္ဂဟ အလှူရှင်မိသားစုများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ တင်အောင်၊ ထုံးဖိုကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြပြီး စက်ရေတွင်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို အလှူရှင်များကိုယ်စား ကိုယ်စားလှယ် တစ်ဦးက ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူခဲ့သည်။

ထို့အပြင် စက်ရေတွင်းမှ ထွက်ရှိလာသောရေများကို သက်ဆိုင်ရာ ဓာတ်ခွဲခန်းသို့ ပေးအပ်စစ်ဆေးခဲ့ပြီး ဓာတ်ခွဲခန်း အဖြေလွှာများအရ သောက်သုံးရေ အရည်အသွေးပြည့်မီကြောင်းနှင့် အဆိုပါ စက်ရေတွင်းမှ ထုံးဖိုကျေးရွာရှိ အိမ်ခြေ ၃၃၃ အိမ်မှ လူဦးရေ ၁၃၉၆ ဦး တို့အတွက် သောက်သုံးရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

## မြန်မာ့သစ်မွှေးထုတ်ကုန် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်တော့မည်




**ရန်ကုန် မေ ၁၅**

လွန်ခဲ့သော ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံ၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသော သစ်မွှေးစိုက်ပျိုးရေးကြောင့် ယခု ၂၀၁၇ ခုနှစ်အတွင်း မြန်မာ့သစ်မွှေးထုတ်ကုန်များ ပြည်ပနိုင်ငံများသို့ တရားဝင်တင်ပို့ရောင်းချနိုင်တော့မည် ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်မွှေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသောင်းညွှန့်(သောင်းညွှန့်သစ်)က ပြောသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ သစ်မွှေးကို လွန်ခဲ့သော ဆယ်စုနှစ်လောက်မှစပြီး စိုက်ပျိုးလာကြပါတယ်။ ယခုအခါမှာ သစ်မွှေးပင်တွေက ကိုးနှစ်၊ ၁၀ နှစ်သက်တမ်းရှိလာပြီဖြစ်တဲ့အတွက် သစ်မွှေးထုတ်ကုန်တွေ စတင်ထုတ်လုပ်လာနေပြီဖြစ်ပါတယ်။ ဒီထုတ်ကုန်တွေကို ပြည်တွင်းပြည်ပ ဈေးကွက်တင်ရောင်းချနိုင်ဖို့ သစ်တောဌာနနဲ့ ကျွန်တော်တို့အသင်းက ညှိနှိုင်းဆောင်ရွက်မှုတွေလည်း ပြုလုပ်ပြီးပါပြီ။ ပြည်ပတင်ပို့ခွင့်လည်း ရရှိထားပြီဖြစ်ပါတယ်။ ဒီအတွက်အခွန်နှုန်းထားတွေကိုလည်း သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်အတွင်းမှာ ပြည်ပတင်ပို့ရောင်းချမှုတွေစတင်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက မြန်မာနိုင်ငံ သစ်တောထွက် ပစ္စည်းပြပွဲတွင် ပြောသည်။

ယခုအခါ မြန်မာနိုင်ငံသစ်မွှေးလုပ်ငန်းရှင်များအသင်းက ဒူဘိုင်းတွင် သစ်မွှေး ထုတ်ကုန်များ ကျယ်ကျယ်ပြန့်ပြန့်တင်ပို့ ရောင်းချသွားနိုင်ရန်အတွက် ရုံးခွဲကိုလည်း ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

၂၀၀၉ ခုနှစ်မှ စတင်ပြီး နိုင်ငံတစ်ဝန်းလုံးတွင် သစ်မွှေးစိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ သစ်မွှေးပင်များမှ ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့်အချိန်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အချို့သောလုပ်ငန်းရှင်များက စတင်ထုတ်လုပ်လာပြီဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ ဈေးကွက်ကျယ်ပြန့်လာအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး သစ်မွှေးစိုက်ဧက ၁၀၀၀၀ ကျော်ရှိကြောင်း၊ အပင်အားဖြင့် သန်း ၅၀ ခန့်ရှိကြောင်းသိရသည်။

သစ်မွှေးကို အဓိကအားဖြင့် ဆေးဝါးထုတ်ကုန်များတွင်ထည့်သွင်းအသုံးပြုလေ့ရှိကြောင်း၊ အလှကုန်နှင့်ရေမွှေးတွင်လည်း အသုံးပြုကြောင်း၊ သစ်မွှေး အမွှေးတိုင်မှာ ဂျပန်နိုင်ငံတွင် အသုံးများသော ပစ္စည်းတစ်ခုဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ သစ်မွှေးလုပ်ငန်းရှင်များအသင်းကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှစတင်ထူထောင်ခဲ့ပြီး ယခုအခါအသင်းဝင် ပေါင်း ၇၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း၊ သစ်မွှေးလုပ်ငန်းရှင်များက ၎င်းတို့၏ သစ်မွှေးစိုက်ခင်းများမှ သစ်မွှေးထုတ်ကုန်များကို ပြည်တွင်းပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့်တင်ပို့နိုင်ရန် တာစူနေပြီဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## အသက်ကယ်အောက်ဆီဂျင်အိုးနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

**ရန်ကုန် မေ ၁၅**

မေတ္တာဖြူပရဟိတ အင်အားစုမှ ကမာရွတ်မြို့နယ်ရှိ သွေးမေတ္တာပရဟိတအသင်းနှင့် စံရိပ်ငြိမ်နာရေးကူညီမှုအသင်းတို့ကို အသက်ကယ်အောက်ဆီဂျင်အိုးနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ကမာရွတ်အင်းစိန်လမ်းမ စံရိပ်ငြိမ်မှတ်တိုင် အင်းလျားရွာသစ် ဘုန်းတော်ကြီးကျောင်းအတွင်းရှိ သွေးမေတ္တာပရဟိတအသင်းခန်းမ၌ မေ ၁၀ ရက်က ပြုလုပ်သည်။

မေတ္တာဖြူပရဟိတအသင်းတွင် အသင်းဝင်ခြောက်ထောင်ကျော်ရှိရာ တစ်ဦးလျှင် တစ်လငွေကျပ် ၁၀၀၀ စုဆောင်းငွေဖြင့် အမှန်တကယ်လိုအပ်နေသော ပရဟိတအသင်းအဖွဲ့များ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေအပြင် သဘာဝဘေးဒဏ်ခံဒေသများကို လူမျိုးဘာသာမရွေး စုပေါင်းကာ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ မေတ္တာဖြူပရဟိတအင်အားစု တာဝန်ခံက အသက်ကယ်အောက်ဆီဂျင် အိုး ၁၀ အိုးနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ သွေးမေတ္တာ



နှင့် စံရိပ်ငြိမ်နာရေးကူညီမှု အသင်းဥက္ကဋ္ဌ ဦးဇော်ဇင်မြင့်မောင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**

## မေလထုတ် သုတပဒေသာစာစောင် အသွင်သစ်ဖြင့် ထွက်ပြီ


**ရန်ကုန် မေ ၁၅**

အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် (မေလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

မေလထုတ် သုတပဒေသာ စာစောင်တွင် ဆရာဦးဟန်ညွှန့်(ဥပဒေ)၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ ဒေါက်တာခင်မောင်ညို၊ မောင်မိုးယံ၊ ဒေါက်တာခိုင်ခိုင်ဝင်းတို့၏ "တိုင်းရင်းသားစာပေဖွံ့ဖြိုးရေး" မျက်နှာဖုံးဆောင်းပါးများ၊ ဒေါက်တာ ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)၊ ကိုကိုအောင် (အလုပ်သမား)၊ သီဟသိန်းတန်၊ စည်သူလှိုင်တို့၏ နိုင်ငံရေးနှင့် နိုင်ငံတကာရေးရာ ဆောင်းပါးများ၊ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ သဘာဝပတ်ဝန်းကျင်ရှုထောင့်နှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ မှုးယစ်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၀၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်း ဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂လမ်းကြား မန္တလေး၊ ဖုန်း ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင်အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ပါကြောင်း သိရသည်။

**(သတင်းစဉ်)**




## ဗုဒ္ဓရုပ်ပွားဆင်းတုတော်အနေကဇာတင်

**ခရမ်း မေ ၁၅**

မဟာဗောဓိညောင်ပင်ရင်း၌ ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားကို မေ ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်ကျုံတူးကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မဟာဗောဓိ အမှတ်(၁)၌ ကျင်းပသည်။ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်ကျောင်းကြီး၌ အဆိုပါ မဟာဗောဓိပင်များသည် ဆရာတော် ဦးဝိစိတ္တသာရာ ဘိဝံသက လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က သီရိလင်္ကာနိုင်ငံ ဗုဒ္ဓဂယာမှပျိုးပင်များရယူစိုက်ပျိုးခဲ့သော မဟာဗောဓိညောင်ပင်များဖြစ်ပြီး ယခုအခါ ခရမ်းမြို့နယ် ကျုံတူးကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ စုစုပေါင်းအပင်ကြီး ငါးပင်မှာရှင်သန်လျက်ရှိသည်။

အဆိုပါမဟာဗောဓိပင်များအား ကျုံတူးကျေးရွာဘုန်းတော်ကြီးကျောင်း လက်ရှိဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဝိသေသက ကြီးကြပ်ထိန်းသိမ်းပြုစုစောင့်ရှောက်လျက်ရှိရာ ကျောင်းဝင်းအတွင်း မဟာဗောဓိပင်ကြီး ငါးပင်မှာရှင်သန်လျက်ရှိသည်။ ယင်းဗောဓိပင် ငါးပင်အနက် အမှတ်(၁)မဟာဗောဓိပင်ကြီးကို အလှူရှင်ခရမ်းဇာတိသား ရန်ကုန်မှသတင်းစာ ဆရာကြီးခရမ်းဦးစိုးမြင့်နှင့်ဇနီး ဒေါ်စန်းမြင့် မိသားစုက မဟာဗောဓိပင်ရင်းကို ကွန်ကရစ်အုတ်ခုံဝိုင်းပတ်တည်ဆောက်ခြင်း၊ အဆိုပါကွန်ကရစ်အုတ်ခုံပေါ်၌ ကိန်းဝပ်စံပယ်တော်မူမည့် ကျောက်ဆင်းတု ဗုဒ္ဓရုပ်ပွားတော်နှင့် ဘုရားကျောင်းဆောင်တို့အတွက် ငွေကျပ်ခုနစ်သိန်း အကုန်အကျခံ၍လှူဒါန်းခဲ့ခြင်းဖြစ်ရာ အဆိုပါဗုဒ္ဓရုပ်ပွားတော်အား တမံကြီးကျေးရွာကျောင်း ဆရာတော်နှင့် ကျုံတူးကျေးရွာကျောင်း ဆရာတော်တို့က အနေကဇာတင်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## ကျေးရွာစီမံကိန်း ကော်မတီသစ် ပြန်လည်ရွေးချယ်

**ကျောက်တန်း မေ ၁၅**

ကျောက်တန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ မြို့နယ်ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းကုန်ထုတ်လုပ်ရေး၊ ကျေးရွာမီးလင်းရေးစသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပုတ္တလုပ်ကျေးရွာနှင့် စင်မကော် ကျေးရွာတို့တွင် သုံးနှစ်ကာလ ပြည့်မြောက်ပြီဖြစ်၍ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကြီးကြပ်ရေးကော်မတီများကို အများဆန္ဒနှင့်အညီ ပြန်လည်ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း မေ ၁၁ ရက်ကကျင်းပသော အစည်းအဝေးတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးတင်အောင်သန်းက ပြောသည်။

ထို့နောက် မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များကို ပွင့်လင်းမြင်သာစွာ ဆန္ဒမဲပေး၍အသစ်ပြန်လည်ရွေးချယ်ကြကြောင်းသိရသည်။ ( ၀၁၉ )

### မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

# ကနီမြို့နယ် တွင်းမဒေသသို့ တစ်ခေါက်တစ်ခါလှမ်းလာခဲ့ပါ

— — ပြည့်အောင်နိုင်(ပါရဂူမြေ) — —



စာရေးသူတို့ ကနီမြို့သည် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်း တည်ရှိပါသည်။ မြို့နယ်၏ အနောက်ဘက်တွင် အာဆီယံ အမွေအနှစ် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ မြို့နယ်၏ အနောက်မြောက်ဘက်၌ ပရိုင်းမိတ်များ တွေ့ရှိခဲ့ရာ အမြင့်ပေ ၂၄၇၆ မြင့်သော မဟူတောင်နှင့် အမြင့်ပေ ၄၂၆၂ မြင့်သော ပုံတောင်ကို တွေ့ရှိနိုင်ပါသည်။ "အထက်ပေ အောက်ရွှေ အလယ်ဝက်သိုက် မျက်ဖြူ စိုက်" စာချိုးဖြင့်ထင်ရှားသော ချင်းတွင်းမြစ်အောက်ပိုင်းမှ ရွှေစာရေးဝဲကို ကနီမြို့နယ် အိုင်တောင်ရွာအနီး၌ လည်းကောင်း၊ စဖိုကြီးရေတံခွန် (ငရဲအိုး)ကို စဖိုကြီး ကျေးရွာ၌ လည်းကောင်း တွေ့နိုင်ပါသည်။

သမိုင်းကြောင်း အစဉ်အလာကြီးမားလှသော ရွှေမြင်းဖြူတောင်ကို ချင်းတွင်းမြစ်၏ တောင်ဘက်ကမ်းနှင့် နတ်ရဲတောင်ကို နတ်ရဲတောင်ရွာအနီးတွင် တွေ့ရှိရပါသည်။ ယူနက်(စ)ကို အဖွဲ့ဆီသို့ မြန်မာတို့၏ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းသတ်မှတ်နိုင်ရေး အဆိုပြုထားသော စပီရူလိုင်းနား စိမ်းပြာရေညှိအင်းများရှိရာ တွင်းမဒေသကို မြို့နယ်၏ တောင်ဘက်ပိုင်း၌ တွေ့မြင်ရပါသည်။ မြို့နယ်ဧရိယာ၏ ၄၆ ဒသမ ၄၁ ရာခိုင်နှုန်းမှာ သစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။ နာမည်ကျော် ပုထိုးလုံးချောင်းနှင့် ရာဇဝင်တွင်ခဲ့သော ရေဝါချောင်းတို့မှာလည်း မြို့နယ်၏ အလှကို ပုံဖော်ပြသနေပါသည်။ သလ္လာဝတီချင်းတွင်းမြစ်ကြီးသည်လည်း ကနီမြို့နယ်၏ အလယ်အူကြောင်းကိုဖြတ်၍ မြွေလိမ်မြွေကောက်ပုံသဏ္ဌာန် ဖြာယှက်စီးဆင်းနေပါသည်။

ကနီမြို့နယ်တွင် ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၄၅ အုပ်စုနှင့် ကျေးရွာပေါင်း ၁၈၈ ရွာရှိပြီး လူသိနည်းသော မြို့ပြတစ်ခုသာ ဖြစ်ပါသည်။ သို့သော် လွန်ခဲ့သော ရှစ်နှစ်ခန့်က လူသိများလာရခြင်း အကြောင်းတစ်ခုရှိပါသည်။ အညာဒေသ၏ အိုအေစစ်၊ မုံရွာချောင်းသာဟု တင်စားခေါ်ဝေါ်ကြသော ကနီမြို့နယ်၏ တောင်ဘက်ပိုင်း၌ရှိသည့် စပီရူလိုင်းနားစိမ်းပြာရေညှိ တွင်းမဒေသကြောင့်ပင် ဖြစ်ပါသည်။ ထိုဒေသသည် စားနပ်ရိက္ခာ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများထွက်ရှိပြီး အပန်းဖြေရန် အလွန်ကောင်းသောနေရာတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင်ပါ အလွန်ရှားပါးသည့် ရတနာတစ်ခုပင်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် စပီရူလိုင်းနား စိမ်းပြာရေညှိအင်းကန်များကို မြောက်အမေရိကတိုက်၊ မက္ကဆီကို နိုင်ငံတွင် လိတ်စ်တက်စ်ကိုကိုလ်ရေကန်၊ အာဖရိကတိုက်တွင် ကင်ညာနိုင်ငံ၊ အီသီယိုးပီးယားနိုင်ငံနှင့် တရုတ်နိုင်ငံ ချန်ဟိုင်းရေကန်တို့တွင်သာတွေ့နိုင်ပါသည်။ မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုတည်းတွင်သာ စိမ်းပြာရေညှိရေခါးအင်းများကို တွေ့ရှိရပါသည်။ စစ်ကိုင်းရေခါးအင်း၊ ဘုတလင်မြို့နယ် တွင်းတောင်အင်းနှင့် ကနီမြို့နယ် လည်ရှည်ရွာတွင်း(တွင်းခြောက်)၊ တောင်ပျောက်တွင်း၊ တွင်းမအင်းတို့ ဖြစ်ပေသည်။

စစ်ကိုင်းရေခါးအင်းသည် စပီရူလိုင်းနား အဓိကထွက်ရှိရာ အင်းတစ်ခုဖြစ်၏။ စစ်ကိုင်းမြို့မြောက်ဘက် လေးမိုင်အကွာ စစ်ကိုင်းပြတ်ရွေ့ကြောပေါ်တွင် တည်ရှိပါသည်။ ဘုတလင်မြို့နယ် တွင်းတောင်အင်းသည် စပီရူလိုင်းနား အရည်အသွေးအကောင်းဆုံးနှင့် စပီရူလိုင်းနားရေညှိ အများဆုံးထွက်ရှိရာ နေရာတစ်ခုဖြစ်ပါသည်။ သို့သော် ၂၀၀၆ခုနှစ် ချင်းတွင်းမြစ်ရေတင် စီမံကိန်းတစ်ခုကြောင့် အင်းရေ၏ အခါးနှုန်း၊ အငန်နှုန်း၊ ချဉ်ဖန်နှုန်းပမာဏနှင့် PH အဆင့်တို့ကျဆင်းလာကာ စပီရူလိုင်းနားရေညှိရှင်သန်ပေါက်ပွားမှု မရှိတော့ပေ။ ယခုအခါ အင်းရေထဲတွင် တီလားဗီးယားငါးများ ရောက်နေသည်ကို တွေ့ရပြီး ရေချိုပြောင်းလဲစပြုလာပြီဖြစ်ပါသည်။

ကနီမြို့နယ် တွင်းမဒေသသည် မုံရွာမြို့နှင့် မိုင် ၂၀ အကွာတွင်ရှိပြီး မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းအတိုင်း မုံရွာမြို့မှ ထွက်လာခဲ့ပါလျှင် မိုင်တိုင်အမှတ် (၁၂/၄)ရွှေလည်ရှည်ကျေးရွာရေအိုးစဉ် ဇရပ်လမ်းခွဲမြေသားလမ်းအတိုင်း သွားရပါသည်။ ကနီမြို့နယ်အတွင်းရှိ တွင်းမအင်းများ၏ သက်တမ်းသည် လွန်ခဲ့သော ရှေးနှစ်သန်းပေါင်း (၁)သန်းခန့်ကတည်းက ပေါ်ပေါက်ခဲ့သည်ဟု သုတေသီများက ဆိုကြပါသည်။ ကောင်းကင်မြေပုံမှ ကြည့်မည်ဆိုလျှင် ဘုတလင်မြို့နယ်ရှိ တွင်းတောင်အင်းသည် ချင်းတွင်းမြစ်၏ မြောက်ဘက်၊ ကနီမြို့နယ်ရှိ တောင်ပျောက်တွင်း၊ တွင်းမအင်းနှင့် လည်ရှည်တွင်းတို့သည် ချင်းတွင်းမြစ်၏ တောင်ဘက် မြစ်တစ်ဖက်တစ်ချက်စီတွင် ထူးဆန်းစွာတစ်တန်းတည်းရှိကြပါသည်။ နည်းပညာမဖွံ့ဖြိုးခင်ကာလက ယင်းအင်းများသည် ဥက္ကာပျံများ ထိမှန်ရာမှ ပေါ်ပေါက်ခဲ့သည်ဟူသော အယူအဆတချို့ရှိခဲ့ဖူးပါသည်။ သို့သော် ၁၉၀၀ ပြည့်နှစ်နောက်ပိုင်း သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မီးတောင်များပေါက်ကွဲထွက်ရာမှ ပေါ်ပေါက်ခဲ့ပြီး သဘာဝ၏ ခါတ်ပြုမှုများကြောင့် ဖြစ်တည်ခဲ့သော အင်းများဖြစ်ကြောင်း သိရှိရပါသည်။ (Acient Volcano) မီးတောင်ဟောင်းကြီးများပင်ဖြစ်သည်။ မီးတောင်များ ပေါက်ကွဲရာမှ ပေါ်ထွက်လာခဲ့သော ကျောက်လွှာအမျိုးမျိုးကို ၎င်းတွင်းတောင်အင်းများ၏ တစ်မိုင်ခန့် ပတ်လည်တွင် တွေ့မြင်နိုင်ပါသည်။

ကနီမြို့နယ် လည်ရှည်ရွာတွင်းသည် စပီရူလိုင်းနားစိမ်းပြာရေညှိရှင်သန်ပေါက်ပွားနိုင်သော ရေအမျိုးအစားမဟုတ်ပါပေ။ တွင်း၏ဘေးပတ်လည်တွင် မီးတောင်များ ပေါက်ကွဲရာမှ ပေါ်ထွက်လာခဲ့သော ကျောက်လွှာအမျိုးမျိုးကို တွေ့မြင်ရပါသည်။ ယခုအခါ ရေများခန်းခြောက်နေပြီး ဇေဒါပင်များ၊ ကြာပင်များနှင့် ဖုံးလွှမ်းလျက်ရှိပါသည်။ တွင်း၏ဘေးပတ်လည်တွင် ထန်းပင်များ၊ အုန်းပင်များ၊ ငှက်ပျောပင်များ၊ လယ်ယာစိုက်ခင်းများရှိပါသည်။ ဒေသခံများက လည်ရှည်တွင်းကို တွင်းခြောက်ဟု ခေါ်ကြပါသည်။

ကနီမြို့နယ် တောင်ပျောက်တွင်းမှာ ချင်းတွင်းမြစ်၏ တောင်ဘက်ကမ်း၊ တွင်းမအင်း၏ အရှေ့မြောက်ဘက် တောင်ပျောက် ကျေးရွာအနီးတွင် တည်ရှိပါသည်။ တွင်းမှာ ဒယ်အိုးပုံသဏ္ဌာန်ရှိပြီး တွင်း၏ဘေးပတ်လည်တွင် အုန်းခြံများ၊ ကွမ်းခြံများကို တွေ့ရှိရပါသည်။ တောင်ပျောက်ရွာသူရွာသားတို့သည် ရှေးနှစ်များစွာကတည်းက တွင်းအားအမှီပြု၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် လုပ်ကိုင်စားသောက်ခဲ့ကြပါသည်။ တွင်းဘေးပတ်လည်တွင် ကျောက်လွှာအမျိုးမျိုးနှင့် ကျောက်တောင်များကို တွေ့ရပါသည်။

ကနီမြို့နယ် တွင်းမအင်းသည် တောင်ပျောက်တွင်း၏ အနောက်တောင်ဘက်၊ လည်ရှည်တွင်း၏ အရှေ့မြောက်ဘက်တွင် တည်ရှိပါသည်။ ၁၉၉၄-၁၉၉၅ ခုနှစ် တိုင်းထွာချက်များအရ အင်းရေ၏ အနက်ဆုံးနေရာတွင် ၁၀၉-၁၁၀ ပေ၊ အကျယ်အဝန်းမှာ ဧက ၁၅၀ ခန့် ၊ ပတ်ဝန်းကျင်မြေပြင်အမြင့်မှာ ပင်လယ်ရေ မျက်နှာပြင်အထက်ပေ ၄၀၀၊ အမြင့်ဆုံးတောင်ကုန်းနေရာတွင် ပေ ၈၀၀၊ တွင်းနှုတ်ခမ်းဝအကျယ်အဝန်းမှာ ရှစ်မိုင်ခွဲရှိပြီး တွင်းမှာ ဒယ်အိုးပုံသဏ္ဌာန်ဖြစ်သည်။

တွင်းထဲမှ ရေ၏အရောင်အဆင်းမှာ ရေညှိရောင်ဖြစ်ပြီး ကြည်လင်မှုမရှိ ချွဲပျစ်ပျစ်ဖြစ်သည်။ ရေ၏ ချဉ်ဖန်နှုန်း PH အဆင့်မှာ (၁၀ မှ ၁၀ ဒသမ ၅)ရှိသည်။ ဓာတ် ၁၆ မျိုး ပါဝင်သည်ဟု ဂျပန်နှင့် ဟော်လန်ပညာရှင်များက ဆိုကြသည်။ တွင်းအတွင်း ရေဆင်းချိုးလျှင် ဆပ်ပြာတိုက်ရန်မလိုဘဲ ဆပ်ပြာတိုက်ပြီးသကဲ့သို့ ဖြစ်နေသည်။ ထိုသို့ ရေဆင်းချိုးပြီးပါက ရေကြည်ပြန်ချိုးပေးရပါသည်။ မချိုးဘဲနေပါက နှာစေးတတ်၊ ဖျားတတ်သည်။ အင်း၏ ဘေးပတ်ပတ်လည်တွင် လက်ယက်တွင်း ရေကန်များ၊ ရေကြည် အိုင်များ၊ ရွာသူရွာသားများ အခိုင်အမာတူးဖော်ထားသော ရေတွင်းများ၊ တသွင်သွင် စီးဆင်းနေသော စမ်းချောင်းငယ်လေးများကိုလည်း တွေ့ရပါသည်။

တွင်းမအင်း၏ ဘေးပတ်လည်တွင် ဖြူဖျော့ဖျော့ပြန့်ပြူးသော သဲစပ်ကဝန်းရံထားပါသည်။ အင်းရေကျချိန်တွင် သဲဆပ်ပြာကြမ်းများ ကျန်ရှိခဲ့ပါသည်။ ထိုသဲဆပ်ပြာများကို အပေါ်ယံသပ်၍ အသာခြစ်ယူရသည်။ တွင်းမဒေသ၏ ဒေသထွက်ပစ္စည်းတစ်မျိုးပင် ဖြစ်၏။ အင်းရေထဲတွင် စပီရူလိုင်းနား Spirulina (ခေါ်)စိမ်းပြာရေညှိပင်မျိုးစိတ်၊ ဆပ်စပယ်လ်မြက်မျိုး ၊ တွင်းပိုးနှင့် အခြားပိုးလောက်လမ်းတစ်မျိုးတို့သာ တွေ့နိုင်သည်။ အခြားသက်ရှိများ၊ အပင်မျိုးများ နေထိုင်ရှင်သန်၍ရရှိသော ရေမျိုးမဟုတ်ဘဲ အင်းရေ၏ PH အဆင့် ကျဆင်းလာပါက အခြားအပင်များနှင့် သတ္တဝါများကိုတွေ့မြင်လာရတတ်သည်။ တွင်းမဒေသမှ အဓိကထွက်သော အစားအစာတစ်မျိုးမှာ တွင်းပိုးဖြစ်ပေသည်။ တွင်းပိုးခြောက်ကို ကြော်၍ လက်ဖက်နှင့် သုပ်စားလေ့ရှိကြသည်။ တွင်းပိုးအစိုကိုမူ ပြုတ်၍ ကြက်သွန်စိမ်း၊ ခရမ်းချဉ်သီးတို့နှင့် သုပ်စားလေ့ရှိကြသည်။ တွင်းပိုးအခြောက် နို့ဆီတစ်ဘူးကို ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ အထိပေး၍ ဝယ်ရပါသည်။

တွင်းပိုးသည် အခွံမာကောင်၊ ဝိုင်းပြားပြားပဲနီလုံးစေ့အရွယ်ရှိသည်။ အကောင်ကြီးဘဝတွင် ရေထဲ၌ မိတ်လိုက်၍ ပိုးမသည် ကမ်းစပ်သို့တက်ကာ အစုလိုက်ဥချသည်။ မနက်ပိုင်း ဥပါက ညနေပိုင်းလောက်တွင် အကောင်ပေါက်သည်။ အကောင်ပေါက်လေးများ၏ အရွယ်အစားမှာ အပ်ဖျားအရွယ်သာသာ ရှိသည်။ အကောင်ပေါက်ပြီးပါက ရေထဲသို့ ပြန်ဆင်းပြီး ၁၅ ရက်ခန့်ကြာလာပါက အကောင်ကြီးဖြစ်လာသည်။ လုံးပတ်မှာ မီးခြစ်ဆံလုံးခန့် အရှည်မှာ တစ်လက်မခန့်ရှိသည်။ ပိုးပေါက်ပွားမှုမှာ မိုးရာသီတွင် ပေါက်ပွားမှုနှုန်းများပြီး စားသုံးရန်သင့်သောအရွယ်မှာ ပိုးလောက်လမ်းအရွယ်ဖြစ်သည်။ ယခုကာလတွင် ပိုးမျိုးမတုံးစေရန် တွင်းပိုးဖမ်းရမည့် ကာလကို ပိုးလောက်လန်းအရွယ်ပိုးများ စတင်ကမ်းတက်သည့် ကာလဟု သတ်မှတ်ထားပါသည်။ တွင်းပိုးဖမ်းမည့်သူသည် တွင်းပိုး၏ နေထိုင်ကျက်စားမှုနှင့် တွင်းပိုး၏သဘောသဘာဝကို နားလည်ကြရပါသည်။

တွင်းမအင်း၏ ဘေးပတ်လည်တွင် အုန်းပင်များ၊ ငှက်ပျောခြံများ၊ ကွမ်းခြံများ၊ သနပ်ခါးခြံများကို တွေ့ရပါသည်။ အင်းဘေးပတ်လည်တွင် ထန်းလက်၊ အုန်းလက်များဖြင့် ဆောက်ထားသော တဲများ၊ ဧည့်ကြိုမဏ္ဍပ်များကို တွေ့ရပါသည်။ အပန်းဖြေလာရောက်သည့် ခရီးသွားဧည့်သည်များ ယခုချိန်တွင် ယခင်ကာလများထက် တစ်စတစ်စများပြားလာပါသည်။ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ခရီးသွားဦးရေ ၂၀၀ မှ ၃၀၀ ကြား ရှိပါသည်။ အင်းရေအတွင်း လှည့်လည်ကြည့်ရှုလေ့လာလိုပါက စက်လှေများကို ငှားရမ်းနိုင်ပါသည်။ အင်းထဲမှ လေကိုတစ်ဝကြီးရှူရှိုက်၍ ဒေသထွက် ပင်ကျထန်းရည်၊ အုန်းရည်၊ တွင်းပိုးကြော်တို့ကို အပန်းဖြေအနားယူရင်း သောက်သုံးနိုင်ပါသည်။

တွင်းမအင်းအတွင်းဆင်းသည့် လမ်းဘေးတွင် စိမ်းပြာရေညှိစက်ရုံကို တွေ့ရပါသည်။ စိမ်းပြာရေညှိမွေးမြူကန်များအနီး ဖြတ်သွားပါက စိမ်းစိုစိုအညှီနံ့နံ့သည်။ တချို့က ရေညှိကို အစိမ်းသုပ်၍ စားကြ၏။ အင်းရေအတွင်း စိမ်းညို့ညို့မြင်တွေ့နေရသောအရာများသည် စိမ်းပြာရေညှိပင်များဖြစ်ပါသည်။ PH 10 အဆင့်ရှိသော ရေတွင်သာပေါက်ပွားနိုင်ပြီး ရေညှိ၏ ထုထည်မှာ ၃ ပေမှ ၄ ပေအထိရှိသည်။ ကမ္ဘာပေါ်တွင် ၁၆ ရာစုအစပိုင်းကတည်းက မက္ကဆီကိုနိုင်ငံ၌ စပီရူလိုင်းနား အမည်ဖြင့် ဆေးဝါးထုတ်လုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံမှာမူ ၁၉၈၀ ပြည့်နှစ်မှ စတင်ကာ ပရိုဗီမင် " Provimin " အမည်ဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဆေးဝါးထုတ်လုပ်ခဲ့သည်။ ပရိုဗီမင်ဆေးတွင် သဘာဝအာဟာရဓာတ် ၁၆ မျိုးခန့် ပါဝင်သည်။ ထိုဆေးကို သောက်သုံးထားပါက အမောပန်းခံနိုင်သည်။ အာဟာရဖြစ်သဖြင့် ထိုဆေး ၁၀ ပြားနှင့် ရေကိုသောက်သုံးထားပါက ရက်ပေါင်း ၉၀ ခန့် မည်သည့်အစားအစာမှ မစားဘဲနေနိုင်သည်ဟု ကြားဖူးပါသည်။ သဘာဝမှပေးသော အစားအစာ ရတနာတစ်မျိုးပင် ဖြစ်ပေသည်။

တွင်းမအင်းထဲနှင့် တွင်းပေါ်ဘေးပတ်လည်တွင် အိမ်ခြေ ၁၆၂ အိမ်ခန့် ရှိပါသည်။ တွင်းအုပ်စုတွင် ဘုရားကြီးစု၊ ပတ်ကြားဝ၊ တောင်ပျောက်၊ တွင်းထဲ၊ တွင်းရွာမ စသည့်ရွာ ငါးရွာပါဝင်သည်။ တွင်းမဒေသသည် လူသားသမိုင်း စတင်ပေါ်ပေါက်ခဲ့ရာ ကျောက်ခေတ်ပစ္စည်းအချို့ကိုလည်း တွေ့ရှိခဲ့ဖူးသောဒေသ ဖြစ်သည်။ တိကျသော သမိုင်းအထောက်အထားတစ်ခုအရ တွင်းမအင်းအတွင်း ဆင်းရာလမ်းဘေးတွင် တည်ထားကိုးကွယ်ထားသော ရွှေမုဋ္ဌောဘုရားပရဝုဏ်အတွင်း ရေးထိုးထားသည့် ကျောက်စာ၌ တွေ့ရသည်။ သက္ကရာဇ် ၄၅၃ ခုနှစ်တွင် အလောင်းစည်သူမင်းကြီးမှ တည်ထားခဲ့တော်မူပြီး မုဋ္ဌောကိုးဆူဂူကိုးလုံးဝင် ဘုရားစေတီ တစ်ဆူဖြစ်သည်။ သက္ကရာဇ် ၈၄၃ တွင် ကနီမင်းသမီးမှ ပြုပြင်ခဲ့ပြီး မိမိ၏ အလှူဒါနများနှင့် ကျိန်စာကို တွေ့ရသည်။ ကသည်းလူမျိုး ဆရာတော်ဦးဉာဏမှ ကြေးသင်္ကန်းများ ကပ်လှူပူဇော်ခဲ့သော စေတီတော်ဖြစ်သည်။ ထိုရွှေမုဋ္ဌောစေတီတော်မြတ်ကြီးမှာ တစ်နှစ်လျှင် ကဆုန်လပြည့်ကျော်(၇)ရက် ညောင်ရေသွန်းပွဲတော်နှင့်တန်ဆောင်မုန်းလပြည့်နေ့တွင် ယခင်ကဆွမ်းလောင်းစာရေးတံမဲ ပြုလုပ်လေ့ရှိကြသည်။ ဘုရား၏ ဂေါစရဂါမ်မှာ အရှေ့ဘက်တွင် ချင်းတွင်းမြစ်အထိ၊ အနောက်ဘက်တွင် ယင်းမာပင်မြို့နယ် ညောင်ကိုင်းပေါက်ရွာအထိ၊ တောင်ဘက်တွင် ယမားနယ်အထိ၊ မြောက်ဘက်တွင် ရေဝါချောင်းအထိရှိကြောင်း မှတ်သားဖူးပါသည်။

တွင်းမဒေသသည် ထူးခြားသော ရာသီဥတုရှိပါသည်။ တွင်းမအင်းနှင့် တောင်ပျောက်အင်းအကြားတွင် ပိုဆိုလန်မြေသားများကို မြောက်မြားစွာ တွေ့နိုင်ပါသည်။ ထိုပိုဆိုလန်မြေသားများ၏အရောင်မှာ အညိုရောင်၊ဂုဏ်သတ္တိမှာ မာကြောသည်။ ချဉ်ငန်အရသာရှိပြီး စေးတွဲသောအရာများနှင့် တွဲလျှင်ဆေးကပ်လွယ်သည်။ တွင်းမဒေသလာရာလမ်းများတွင် ထိုပိုဆိုလန်မြေသားများ ခင်းထားသည်ကို တွေ့မြင်နိုင်သည်။ ပိုဆိုလန်အုတ်ထုတ်လုပ်မှုသည် တွင်းမဒေသထွက်ပစ္စည်းတစ်မျိုး ဖြစ်ပါသည်။ မီးဖုတ်ရန်မလို၊ နေလှန်းရပြီး မြေအုတ်များထက် ပိုမိုခိုင်ခံ့သည့်အတွက်လူကြိုက်များသည်။ သို့သော်ယခုကာလတွင် သဘာဝပိုဆိုလန်မြေများကို ထိန်းသိမ်းသည့်အနေဖြင့် အုတ်ထုတ်လုပ်မှုနှင့်မြေသားများ တူးဖော်မှုကို ခွင့်မပြုတော့ပေ။

ကျွန်တော်တို့ကနီမြို့နယ်ရှိ တွင်းမဒေသသည်ကား လေ့လာစရာများစွာတို့ဖြင့် ပြည့်နှက်နေပါသည်။ ယခင်ကလူသိနည်းခဲ့သော်လည်း ယခုအခါတွင်းမဒေသ ခရီးသွားလုပ်ငန်းတစ်ခု ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါသည်။ ကမ္ဘာ့ရှားပါးနေရာတစ်ခုဖြစ်သည့်အတွက် ဝိုင်းဝန်းထိန်းသိမ်းကြရမည်မှာ ကျွန်တော်တို့လူသားအားလုံး၏ တာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။ အညာဒေသ၏အိုအေစစ်သဖွယ် တင့်တယ်လှသော ကနီမြို့နယ်အတွင်းမှ တွင်းမဒေသကပေးစွမ်းသည့် သုတ၊ရသ၊ သဘာဝအလှတရားများမပျောက်ပျက်ရအောင် ထိန်းသိမ်းကြခြင်းဖြင့် ဝိုင်းဝန်းကူညီကြပါစို့ဟု တိုက်တွန်းချင်ပါသည် တွင်းမကန်၌အပန်းဖြေရင်းအုန်းရည်သောက်ကြစို့ ဟယ်သောက်စို့ဟယ်။ တစ်ခါတစ်ခေါက်တော့ ကနီမြို့တွင်းမဒေသ(မုံရွာချောင်းသာ)သို့ လာရောက်လှည့်ပါဟု ဖိတ်ခေါ်ချင်ပါသည်။

## သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)အနီးဝန်းကျင်တွင် အထပ်မြင့်အဆောက်အအုံတည်ဆောက်ခြင်းမပြုစေလို



**လွိုင်ကော် မေ ၁၅**

ကယားပြည်နယ် လွိုင်ကော်မြို့၏အထင်ကရ သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)၏ အနီးဝန်းကျင်တွင် တောင်တော်၏ သာယာလှပ တင့်တယ်မှုမြင်ကွင်းအား ပိတ်ဖုံးကွယ်ပျောက်စေနိုင်သည့် အထပ်မြင့်အဆောက်အအုံများတည်ဆောက်ခြင်းကို တားမြစ်ပေးနိုင်ရန် တောင်တော်ဂေါပကအဖွဲ့က ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြထားကြောင်း သိရသည်။

ယခင်က သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)သည် လွိုင်ကော်မြို့၏ တောင်ဘက်တွင် လူနေအိမ်ခြေများနှင့် ထိစပ်ခြင်းမရှိဘဲ သာယာလှပတင့်တယ်စွာသီးခြားတည်ရှိနေခဲ့သော်လည်း ယခုအခါလူနေအိမ်ခြေအဆောက်အအုံများ များပြားလာကာ တောင်တော်အား ပတ်လည်ဝန်းရံသည့်အနေအထားဖြစ်ပေါ်လာလျက်ရှိရာ တောင်တော်အနီးဝန်းကျင်တွင် အထပ်မြင့်အဆောက်အအုံများ တည်ဆောက်လာခဲ့ပါက တောင်တော်၏ သာယာလှပတင့်တယ်မှုမြင်ကွင်းမှာ ပိတ်ဖုံးကွယ်ပျောက်သွားနိုင်သည့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။

ယခုလက်ရှိ အခြေအနေတွင် တောင်တော်အနီးဝန်းကျင်၌ အထပ်မြင့်အဆောက်အအုံတည်ဆောက်မှုနည်းပါးသေးသော်လည်း လွိုင်ကော်မြို့ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြို့တွင်းတချို့နေရာများ၌ အထပ်မြင့်အဆောက်အအုံများဆောက်လုပ်မှုများပြားလာလျက်ရှိရာ နောက်နောင်တွင် လွိုင်ကော်မြို့၏အချက်အချာနေရာ ဒေသတစ်ခုဖြစ်သည့် သီရိမင်္ဂလာတောင်တော်(တောင်ကွဲ) အနီးတစ်ဝိုက်တွင်လည်း အထပ်မြင့်အဆောက်အအုံများတည်ဆောက်လာနိုင်ဖွယ်ရာ အခြေအနေရှိနေကြောင်း သိရသည်။

တောင်တော်၏သာယာလှပတင့်တယ်မှုမြင်ကွင်းပျောက်ကွယ်မည့်အခြေအနေကိုမြို့နေလူထုအများစုက မလိုလားသကဲ့သို့ တောင်တော်အနီးတစ်ဝိုက်တွင် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုသင့်ကြောင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားများကလည်း တောင်တော် ဂေါပကအဖွဲ့သို့ အကြံပြုချက်များပေးကြကြောင်း သိရသည်။

သို့ဖြစ်၍ သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)၏အနီးဝန်းကျင်တစ်ဝိုက်တွင် တောင်တော်၏သာယာလှပတင့်တယ်မှု မြင်ကွင်းအား ပိတ်ဖုံးစေနိုင်သည့် အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ခြင်းမပြုကြစေရေးအတွက် တောင်တော်ဂေါပက အဖွဲ့ကမြို့နေလူထုသို့ မေတ္တာရပ်ခံစာများလည်း ထုတ်ပြန်ကြေညာပေးပို့ထားကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

## သီပေါမြို့နယ်၌ ယာဉ်/လမ်းစည်းကမ်းများ ပညာပေးဟောပြော

**သီပေါ မေ ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် မော်တော်ယာဉ်၊ မော်တော် ဆိုင်ကယ်များကို အသုံးပြုမှုများပြားလာသည့်အလျောက်အန္တရာယ်ကင်းရှင်းစွာစီးနင်းသွားလာနိုင်ရေးအတွက် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ စီမံချက်ရေးဆွဲကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောမှုများကို ရပ်ကွက်/ကျေးရွာနှင့် လူစည်ကားရာနေရာများတွင် မေလဆန်းမှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ယာဉ်အန္တရာယ်ကင်းရှင်းရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မေ ၁၂ ရက်က မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များဖြစ်သည့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကျော်နှင့်တာဝန်ရှိသူများ ပူးပေါင်းကာ မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းရုံး၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပညာပေးဆွေးနွေးကြကြောင်း သိရသည်။

ဆက်လက်၍ အမှတ် (၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (သီပေါ) တပ်စိတ်မှ တပ်ကြပ်ကြီးဝင်းဇော်လတ်နှင့်အဖွဲ့က ညအချိန် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ရောင်ပြန်စတေကာများအား ဆိုင်ကယ်အစီးပေါင်း ၃၀၀ ကျော်ကို တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



**မွန်ပြည်နယ်သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ကျိုက္ကော်ရပ်ကွက် အပြန်အနန်းကုန်းပိုင်းအခြေခံပညာမူလတန်းကျောင်း(ပဲခူးစု)၌ မေ ၁၃ ရက်က သထုံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ရွှေ့ပြောင်းလုပ်သားများအား တာရှည်ခံဆေးစိမ်ခြင်ထောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့စဉ်**
ခွန်ဝင်းပ

## သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် ကြိုတင်ပြင်ဆင်ရေးနည်းပြသင်တန်းဖွင့်

**မော်လမြိုင် မေ ၁၅**

မွန်ပြည်နယ် စာသင်ကျောင်းအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် ကြိုတင်ပြင်ဆင်ရေးနည်းပြသင်တန်းဖွင့်ပွဲကို မေ ၁၂ ရက်က မော်လမြိုင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းရွှေက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဖြူဝင်းက ပြည်နယ်အဆင့် နည်းပြသင်တန်းကို Unicef နှင့် SDC အဖွဲ့တို့က ကူညီပံ့ပိုးမှုဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများကိုယ်တိုင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ပတ်သက်သော အသိပညာဗဟုသုတများရရှိပြီး မိသားစုမှတစ်ဆင့် ရပ်ရွာလူထုထံသို့ အသိပညာဖြန့်ဝေပေးပြီး မိမိကိုယ်ကိုယ် အပြည့်အဝယုံကြည်မှုရှိစွာရင်ဆိုင်ပြီး အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ကျောင်း ၁၂ ကျောင်းမှ ကျောင်းသား ကျောင်းသူများ လက်တွေ့လုပ်ဆောင်ချက်ကို ဗီဒီယိုအခွေဖြင့် ပြသခဲ့ပြီး သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် ကြိုတင်ပြင်ဆင်ရေး နည်းပြသင်တန်းကို မေ ၁၂ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**မုဒုံ-မောင်မောင်**

## လူသိနည်းပါးသည့် မိတ္ထီလာကန်အတွင်းမှ သာယာလှပသည့် ကြာတောအားလှေစီးရင်း ကြည့်ရှုလည်ပတ်နိုင်

**မိတ္ထီလာ မေ ၁၅**

မိတ္ထီလာကန်အား ရှေးမင်းများအဆက်ဆက်ဆည်ဖို့ပြုပြင်ခဲ့ပြီး ကန်ရေအား ဒေသခံပြည်သူများက သောက်သုံးရေ၊ စိုက်ပျိုးရေအဖြစ် မှီခိုအားထားခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ မိတ္ထီလာကန်နှင့် ပတ်သက်၍ ရှေးက စာချိုးတစ်ခုပေါ်ထွက်ခဲ့ဖူးသည်။

"ကြိုးကြာမသောက်၊ ရေမနောက်၊ မပေါက်ရွှေကြာ၊ မိတ္ထီလာ"ဟူ၍ ဖြစ်သည်။ ရှေးကမိတ္ထီလာကန်၏ တစ်နေရာတွင် ကန်ရေပြည့်မှတ်ကို တိုင်းတာသည့် ကြိုးကြာရုပ်တစ်ခုရှိခဲ့ပြီး ကြိုးကြာနှုတ်သီးဝအထိ ကန်ရေမလျော့ပါက ကန်ရေ နောက်ခြင်းမရှိ၊ မိတ္ထီလာကန်အတွင်း ကြာပန်း၊ ကြာပင် လုံးဝပေါက်ရောက်ခြင်းမရှိဟု ယင်းအတိတ်တဘောင် စာချိုးက ဆိုလိုပါသည်။ ယခုအခါ ကြိုးကြာရုပ်လည်းမရှိတော့ပါ။ မိတ္ထီလာကန်အတွင်းမှ ရေများသည်လည်း အစဉ်ကြည်လင်ခြင်းမရှိဘဲ မိတ္ထီလာမြောက်ကန်အတွင်း ကြာပန်း၊ ကြာတောပင်များလည်း ပေါက်ရောက်နေပြီ ဖြစ်သည်။



မိတ္ထီလာကန်အတွင်း ကြာပန်း၊ ကြာပင် ပေါက်ရောက်နေသည်မှာ လွန် ခဲ့သောနှစ်ပေါင်း ၃၀ ကျော်ကာလကပင်ဖြစ်သော်လည်း လူသိနည်းလှပါသည်။ ဝန်ဇင်းရပ်ကွက်အနောက်ဘက် မိတ္ထီလာမြောက်ကန်၏ မြောက်ဘက်အစွန်းဆုံးနေရာ ဘိုးဘွားရိပ်သာ၏ နောက်ကျောဘက်မိတ္ထီလာကန်စပ်အနီးမှ မိတ္ထီလာမြောက်ကန်၏ ကန်အလယ်တွင်တည်ရှိသည့် ကုလားမကျွန်းကျေးရွာအထိ ဧက ၃၀ ကျော် ကျယ်ပြန့်သည့်ကြာဖြူပွင့်များကို ယနေ့အချိန်တွင် တစ်မျှော်တစ်ခေါ် တွေ့မြင်ရပြီဖြစ်သည်။

ယင်းကြာပန်းတော၏ တောင်ဘက်အရပ်ကိုမျှော်ကြည့်လျှင် ရှေးဟောင်းသမိုင်းဝင် ကရဝိက်ဖောင်တော်ဦးစေတီတော်၊ နဂါးရုံမဟာဗောဓိစေတီတော်၊ ဓမ္မသုခရွှေစည်းခုံစေတီတော်၊ မိတ္ထီလာ-မြင်းခြံ မီးရထားလမ်းစသည့် မြင်ကွင်းများကို ကန်အတွင်းမှာ ကြာတောနှင့် တွဲဖက်ကြည့်ရှုခံစားမိလျှင် ကြည်နူးပျော်ရွှင်နိုင်သည်။

ထို့အပြင် မိတ္ထီလာကန်အတွင်း ငါးဖမ်းလှေငယ်များဖြင့် ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ၏ ကြမ်းတမ်းသည့် ဘဝဖြတ်သန်းမှုကို သာယာလှပသည့် ကြာတောအလှနှင့် တွဲစပ်ခံစားကြည့်ပါက အကြမ်းအနုရသပေါ်လွင်စွာခံစားနိုင်ပါသည်။

မိတ္ထီလာကန်အတွင်းမှလူသိနည်းပါးလှသည့် ကြာဖြူပွင့်များပွင့်သည့်ကာလမှာ မေလမှ ဇူလိုင်လ အထိဖြစ်ပြီး လာရောက်ကြည့်ရှုလေ့လာလိုသူများအနေဖြင့် ကန်အနီး ငါးဖမ်းလှေငယ်ပိုင်ရှင်များအား အခကြေးငွေပေး၍ ကြည့်ရှုနိုင်ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

စက်ရုံလွှင့်ထုတ်၊
လေညစ်ပုပ်
တောတွင်းသစ်ပင်၊
အကုန်စုပ်
တို့တွေရှုသွင်း၊
လေသန့်ရှင်း
မချွန်းရမှာ၊
တောကသာ

## ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**မိုးညှင်း မေ ၁၅**

ကချင်ပြည်နယ်မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်အတွင်းရှိ အင်းတော်ကြီးဒေသညောင်ပင်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ သဘာဝပတ်ဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောက ဦးဆောင်၍ မေ ၁၀ ရက်၌ ကျရောက်သည့် ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့ (World Migratory Bird Day) အထိမ်းအမှတ်ပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ တောအုပ်ကျော်ဇင်ထွန်းက ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့အကြောင်းကိုလည်းကောင်း၊ ဦးစောထူးမင်း(တောကြပ်)က အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဂေဟဗေဒစနစ်အကြောင်းကိုလည်းကောင်း ဆွေးနွေးကြသည်။

အင်းတော်ကြီးကန်သည် စတုရန်းမိုင် ၁၀၀ခန့်ကျယ်ဝန်းပြီး ကန်နှင့်အနီးဝန်းကျင်ရှိ လယ်ကွင်းများနှင့်မြက်ခင်းပြင်များတွင်ရေနေငှက်မျိုးစိတ်ပေါင်း ၉၉မျိုးခန့်၊ရေဝေရေလဲသစ်တောများအတွင်းတွင်နို့တိုက်သတ္တဝါ၃၇ မျိုး၊ကုန်းငှက်မျိုးစိတ်ပေါင်း ၃၅၀ ခန့်နေထိုင်ကျက်စားကြပြီး နှစ်စဉ်အင်းတော်ကြီးဒေသသို့ ဆောင်းခိုရန်လာရောက်ကြသည့် ရွှေ့ပြောင်းငှက်များမှာ ၂၀၀၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# လက်ကျန်ပွဲစဉ်မှာ မန်ယူတို့ အမှတ်ပြည့် ယူနိုင်ပါ့မလား

ပရီမီယာလိဂ်မှာ ချယ်လ်ဆီးတို့ ဖလားရယူသွားနိုင်ခဲ့ပေမယ့်ရာသီကုန်ချိန်မှာ ပွဲကျပ်တွေနဲ့ ဖြတ်သန်းနေရတဲ့ ပရီမီယာလိဂ် ထိပ်တန်းအသင်းတွေကတော့ အကြိတ်အနယ်ပွဲစဉ်တွေ နွှဲနေရဆဲ ဖြစ်ပါတယ်။ ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ မေ ၁၇ ရက်နဲ့ ၁၈ ရက်တွေမှာ လက်ကျန်ပွဲစဉ် အချို့ကစားဖို့ရှိနေပါတယ်။ ပရီမီယာလိဂ်ပွဲစဉ် (၂၈) ပွဲကျန်အဖြစ် ဆောက်သမ်တန်နဲ့ မန်ယူတို့ ကစားရမှာဖြစ်သလို ပွဲစဉ်(၃၄) လက်ကျန်အဖြစ် လက်စတာနဲ့ စပါးတို့ ယှဉ်ပြိုင်ရဖို့ ရှိနေတာမို့ ကြားရက်မှာ ပရိသတ်အကြိုက်ပွဲစဉ်တွေအဖြစ် အားပေးရဦးမှာဖြစ်ပါတယ်။

**ဆောက်သမ်တန်နှင့် မန်ယူ**

ပရီမီယာလိဂ် ရာသီကုန်ချိန်မှာ ပွဲတိုင်း အကြိတ်အနယ် ဆင်နွှဲဖြတ်သန်းနေရတဲ့ မန်ယူဟာ ကစားသမားတွေ ဒဏ်ရာရ ပွဲပယ်တွေဖြစ်နေပါတယ်။ အမှတ်လိုအပ်နေတဲ့ မန်ယူဟာ အခုပွဲကို အဝေးကွင်းဆိုပေမယ့် အနိုင်ကစားဖို့ ချီတက်လာပါလိမ့်မယ်။ တိုက်စစ်မှာ ရက်ဖို့ဒ်က အားကိုးနေရပြီး အထောက်အကူရရှိနေလို့ မန်ယူတိုက်စစ်ဟာ အသက်ဝင်နေပါတယ်။ မန်ယူမှာ ဖယ်လိုင်နီ ပွဲပယ်ခံနေရပြီး မိုဇစ်၊ လုခ်ရှော၊ ဝီလ်ဆင်၊ အက်ရှ်လေယန်း၊ ရိုဂျိုတို့ ဒဏ်ရာတွေရရှိနေပါတယ်။ မန်ယူရဲ့ကစားအားက ရာသီကုန်မှာ ယိုင်သလိုရှိနေပြီး အဓိက ကစားသမားအစုံအလင်နဲ့ ပွဲမထွက်နိုင်ဘူးဖြစ်နေပါတယ်။ မန်ယူရဲ့နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တိုက်စစ်မှူးတွေက သုံးဂိုးသာသွင်းနိုင်ခဲ့တာက အားရစရာ မကောင်းသလို စိုးရိမ်စရာလည်း ဖြစ်နေပါတယ်။ ခံစစ်ပိုင်းမှာလည်း အားနည်းချက်ရှိနေတာမို့ နည်းပြ မော်ရင်ဟိုရဲ့ အခင်းအကျင်းကို ကြည့်ရမှာဖြစ်ပါတယ်။ ယူရိုပါလိဂ်ဖလားကို အာရုံစိုက်နေတဲ့ မန်ယူဟာ အခုပွဲစဉ်အတွက် ပါဝါပြည့်ကစားပါ့မလားဆိုတာ တွေးဆစရာပါပဲ။ ပရီမီယာလိဂ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ထက် ယူရိုပါလိဂ်ကို ပိုပြီး အလေးထားနေတဲ့ နည်းပြမော်ရင်ဟိုဟာ လူငယ်တွေနဲ့ ပွဲထွက်ဖို့များနေပါတယ်။ ဆောက်သမ်တန်တို့က ဒီနှစ်အတွက် အပူတပြင်း အမှတ်လိုအပ်မှု မရှိတော့တာမို့ အားထည့်ကစားမှာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ပထမအကျော့ မန်ယူကွင်းမှာ သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးခဲ့တဲ့ အကြွေးကို ပြန်ချေပဖို့အတွက် အခုပွဲမှာ ရသမျှ ဂိုးသွင်းပြီး မန်ယူကို အခက်တွေ့အောင် ကစားသွားနိုင်ပါတယ်။ ဒါပေမယ့် အခုတလော ရာသီကုန်ချိန်မှာ ခြေစွမ်းကျဆင်းပြီး နိုင်ပွဲတွေ ဆက်တိုက်ပျောက်ဆုံးနေတဲ့ဆောက်သမ်တန်ဟာ မန်ယူကို အမြင့်ဆုံး မျှော်မှန်းနိုင်မှ တစ်မှတ်ပါပဲ။ မန်ယူအတွက် ဒီပွဲဟာ သရေနဲ့ အနိုင်ရလဒ်ကိုသာ ဖော်ထုတ်ပါလိမ့်မယ်။

**လက်စတာနှင့် စပါး**

ချယ်လ်ဆီးကို ဆက်တိုက်ဖိအားပေးခဲ့ပေမယ့် ဒီနှစ်ဘောလုံးရာသီမှာ ချယ်လ်ဆီးတို့ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးခဲ့ပြီဖြစ်လို့ စပါးဟာ တန်းစီဇယား ဒုတိယနေရာနဲ့ ကျေနပ်ရပေမယ့် ရသမျှ အမှတ်တွေကို ဂုဏ်သိက္ခာအတွက် ရအောင်ယူပါလိမ့်မယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ပွဲစဉ်မှာ ဝက်စ်ဟမ်းကိုရှုံးခဲ့တဲ့ စပါးဟာ ပုံမှန်ခြေစွမ်းရပြီး ရာသီကုန်ချိန်မှာ နိုင်ပွဲတွေဆက်တိုက်ရလာတဲ့ လက်စတာကို လျှော့တွက်လို့တော့ မရပါဘူး။ ဒီနှစ် ပရီမီယာလိဂ်မှာ အမှတ်မလိုအပ်တော့တဲ့ လက်စတာတို့က အခုပွဲ အိမ်ကွင်းဖြစ်တာမို့ စပါးကို အသာစီးရအောင် ကြိုးစားဦးမှာ ဖြစ်ပါတယ်။ ခံစစ်ရှော တိုက်စစ်ပါ ကောင်းမွန်လာတဲ့ လက်စတာဟာ ပထမအကျော့စပါးကွင်းမှာ တစ်ဂိုးစီ သရေပွဲရအောင် အားထုတ်နိုင်ခဲ့တာမို့ အခုပွဲမှာလည်း အနိမ့်ဆုံး တစ်မှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ အာဆင်နယ်နဲ့ ပဲလေ့စ်အသင်းတွေကို အနိုင်ကစားခဲ့တဲ့ စပါးတို့က အခုပွဲမှာ အဝေးကွင်းဆိုပေမယ့် ဂုဏ်သိက္ခာအရ အနိုင်ရအောင် စွမ်းဆောင်မှာ သေချာပါတယ်။ လောလောဆယ်မှာ နှစ်သင်းစလုံး ခြေစွမ်းတူညီနေပေမယ့် လက်စတာမှာ ဒရင့်ဝါးတာ၊ ဝါဂူး၊ မန်ဒီနဲ့ မော်ဂန်တို့ ဒဏ်ရာရရှိနေသလို စပါးမှာလည်း လာမယ်လာ၊ ဒန်နီရိုစ့်၊ ဗစ်တာနဲ့ ဝင့်စ်တို့ ဒဏ်ရာတွေရရှိနေကြပါတယ်။ သို့ပေမယ့် နှစ်သင်းစလုံးမှာ အဓိက ကစားသမားတွေ ပါဝင်လာမှာမို့ ဒီပွဲရလဒ်ဟာ အမှတ်ခွဲယူရကိန်း ဆိုက်သွားနိုင်ပါတယ်။

**မိုးမြင့်လင်းလက်**

# ထိပ်ဆုံးလေးနေရာ မျှော်လင့်ချက်ရှိလာတဲ့ အာဆင်နယ်



အာဆင်နယ်က စတုတ်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်ပြီးနောက် အာဆင်နယ်တို့ ထိပ်ဆုံးလေးနေရာအတွက် မျှော်လင့်ချက် ပိုရှိလာခဲ့ပါတယ်။ အာဆင်နယ်အသင်းဟာ ချန်ပီယံလိဂ် ဝင်ခွင့်နေရာဖြစ်တဲ့ စတုတ္ထနေရာကို လီဗာပူးနဲ့ အပြိုင်လုရမှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းဟာ ပရီမီယာလိဂ် လက်ကျန်ပွဲ နှစ်ပွဲမှာ အဆုံးအဖြတ်ယူရမှာ ဖြစ်ပါတယ်။ မေ ၂၁ ရက်မှာတော့ လီဗာပူးက မစ်ဒယ်ဘရော့နဲ့ ကစားရဖို့ရှိပါတယ်။ အာဆင်နယ်အသင်းကတော့ မေ ၁၆ ရက်မှာ ဆန်းဒါးလန်းနဲ့တွေ့ပြီး နောက်ဆုံး မေ ၂၁ ရက်မှာတော့ အဲဗာတန်နဲ့တွေ့မှာ ဖြစ်ပါတယ်။ အာဆင်နယ်က တန်းဆင်းဇုန်ရောက်နေတဲ့ ဆန်းဒါးလန်းကိုနိုင်ပြီး စတုတ္ထနေရာ ရောက်ရှိလာနိုင်ပါတယ်။ ပွဲစဉ်(၃၆) အပြီးမှာ လီဗာပူးက ရမှတ် ၇၀၊ အာဆင်နယ်က ၆၉ မှတ်နဲ့ ရှေ့နောက် တစ်မှတ်သာ ကွာခြားမှုရှိပါတယ်။ နောက်ဆုံးနှစ်ပွဲ ကစားပြီးချိန်မှာ အာဆင်နယ်က စတုတ္ထနေရာမှ ပန်းဝင်သွားဖွယ်ရှိနေပါတယ်။

# ဖလားများထပ်ယူဖို့ ပထမဆုံးခြေလှမ်းလို့ ချယ်လ်ဆီးနည်းပြ ပြောဆို

ချယ်လ်ဆီးအသင်းကို လာမယ့်ရာသီမှာ ပိုမိုတောင့်တင်းခိုင်မာတဲ့အသင်းအဖြစ် တည်ဆောက်သွားမယ်လို့ နည်းပြကွန်တီက ပြောဆိုလိုက်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ဝက်စ်ဘရွန်းကို နိုင်ပြီး ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ကွန်တီအနေနဲ့ ချယ်လ်ဆီးအသင်းကို အကောင်းဆုံး ဦးဆောင်နိုင်ခဲ့သော်လည်း ငွေကြေးပံ့ပိုးပေးမှုအပိုင်းမှာ အားနည်းနေသေးတယ်လို့ ဆိုပါတယ်။ အင်တာမီလန်က ကွန်တီကို ပြန်ခေါ်ဖို့ ကြိုးစားနေပေမယ့် ကွန်တီက လာမယ့်ရာသီမှာလည်း ချယ်လ်ဆီးအသင်းကို အောင်မြင်တဲ့ အသင်းအဖြစ် ရပ်တည်သွားနိုင်အောင် စီစဉ်နေတယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ လက်ရှိအချိန်မှာ ကွန်တီကို တစ်နှစ် ပေါင် ၆ သန်းနဲ့ စာချုပ်ထားတာဖြစ်ပါတယ်။ မော်ရင်ဟိုနဲ့ ဂွာဒီယိုလာတို့က ကွန်တီထက် နှစ်ဆမက လုပ်ခလစာပိုရရှိနေပါတယ်။ ဒီအတွက်ကြောင့်လည်း ချယ်လ်ဆီးအသင်းပိုင်ရှင်အနေနဲ့ ဖလားရယူပေးနိုင်ခဲ့တဲ့ ကွန်တီကို လုပ်ခလစာတွေ တိုးမြှင့်ရတော့မယ့် အနေအထားဖြစ်လာပါတယ်။ ချယ်လ်ဆီးအသင်း ပိုင်ရှင်အနေနဲ့ လာမယ့်ရာသီမှာ အောင်မြင်မှုတွေ ဆက်လက်ရရှိနိုင်ဖို့ ငွေပိုသုံးစွဲရတော့မယ့်အနေအထား ဖြစ်ပါတယ်။



# ဘာစီလိုနာက ကမ်းလှမ်းသော်လည်း ကွင်းသစ်ကြီးနဲ့အတူ စပါးကို ဆက်လက်ဦးဆောင်သွားမယ့် ပိုချက်တီနို

စပါးနည်းပြ ပိုချက်တီနိုကို ဘာစီလိုနာက ကမ်းလှမ်းခဲ့သော်လည်း သူ့အနေနဲ့ ကွင်းသစ်ကြီးနဲ့အတူ စပါးအသင်းကို ဆက်လက်ဦးဆောင်သွားမယ်လို့ ပြောဆိုလိုက်ပါတယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပရီမီယာလိဂ်ဖလားကိုရယူပြီး ချန်ပီယံလိဂ်အသင်းအဖြစ် ရပ်တည်သွားနိုင်ဖို့ စပါးအသင်းနဲ့အတူ ဆက်လက်ရှိနေမယ်လို့လည်း သူက ဆိုပါတယ်။ အသက် ၄၅ နှစ်အရွယ်သာ ရှိသေးတဲ့ နည်းပြ ပိုချက်တီနိုကို ဘာစီလိုနာက အဆက်အသွယ်ပြုလုပ်ထားပါတယ်။ သူ့အနေနဲ့ ဒီနှစ်ရာသီမှာ စပါးအသင်းကို ဒုတိယနေရာအထိ အရောက်ပို့ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ စပါးအသင်းဟာ ဖလားရနိုင်တဲ့အသင်း ဖြစ်ပါတယ်။

သို့သော်လည်း ချယ်လ်ဆီးအသင်းကလည်း စပါးရဲ့ အမီလိုက်လာမှုကို ဖြတ်တောက်နိုင်ဖို့ တစ်ပွဲချင်း အနိုင်ရအောင် ကစားခဲ့ရတာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းသာ အကျပ်အတည်းနဲ့ ရင်ဆိုင်ရမယ်ဆိုရင် စပါးအသင်းက ကျော်တက်ပြီး ဖလားရယူသွားနိုင်တဲ့ အနေအထားဖြစ်ပါတယ်။ လာမယ့် ရာသီမှာတော့ စပါးအသင်းရဲ့အိမ်ကွင်းပွဲတွေကို ဝင်ဘလေကွင်းမှာ ကစားရမှာ ဖြစ်ပါတယ်။



**ကောင်းမြတ်သူ - စုစည်းသည်။**

# ပုဂံ ဥမင်များ

**ဆောင်းပါး - မောင်သာ(ရှေးဟောင်းသုတေသန)၊ ဓာတ်ပုံ- ဇေယျာထွန်းနှင့် မြတ်ဖြူဖြူကျော်(ဒဂုံတက္ကသိုလ်)**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် နယ်မြေတစ်ခုဖြစ်သည့် ပုဂံကို ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စ်ကိုအဖွဲ့၏ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရန် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပုဂံတွင် ရှေးဟောင်းအဆောက်အအုံများသည် အရွယ်မျိုးစုံ၊ ပုံသဏ္ဌာန်မျိုးစုံ တည်ရှိနေရာ မြေပေါ်အဆောက်အအုံများသာမက မြေအောက်အဆောက်အအုံများဟုဆိုနိုင်သည့် လိုဏ်၊ ဂူ၊ ဥမင်များလည်း ပါဝင်သည်။ ဥမင်သည် ပါဠိဝေါဟာရ ဥမင်္ဂမှ ဆင်းသက်လာသည့်စကားလုံးဖြစ်ပြီး မြန်မာအဘိဓာန်တွင် လိုဏ်ခေါင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

ပုဂံခေတ်တွင် စေတီ၊ ဘုရား၊ ပုထိုး၊ ကျောင်း အဆောက်အအုံများကို မြေပေါ်တွင် တည်ဆောက်ခဲ့ကြပြီး ဥမင်များကို သဘာဝမြေကုန်းများအား တူးဖော်ဖောက်လုပ်ခဲ့ကြရာ မှတ်တမ်းများအရ ပုဂံတွင် ဥမင် ၂၁ ခု ရှိသည်။ ဥမင်များသည် မြေမာကမ်းပါးများ၊ မြေကုန်းများကိုတူး၍ အခန်းများဖွဲ့ထားသည့် လိုဏ်များဖြစ်သည်။ အချို့ဥမင်များ၏ မျက်နှာစာတွင် အုတ်အဆောက်အအုံများ ပြုလုပ်ထားပြီး ဥမင်အချို့တွင် အတွင်း၌ ဆင်းတုများထုလုပ်ကာ အင်္ဂတေဖြင့် အချောကိုင်ထားသည်ကို မြင်တွေ့နိုင်သည်။

ပုဂံရှိဥမင်အများစုသည် မြေမာကမ်းပါးများ၊ ကုန်းစွန်းများကိုတူးကာ အုတ်နံရံများ ပြုလုပ်ထားလေ့ရှိသည့်အနက် နန္ဒမညာဥမင်မှာမူ မြေပြင်တွင် လေးထောင့်ပုံချိုင့်ကိုတူးဖော်ပြီး ယင်းချိုင့်၏နံရံများမှ အတွင်းဘက်သို့ ဥမင်တူးထားသည်။

ပုဂံဒေသ၌ ညောင်ဦးမြို့အနီးရှိ ငှက်ပစ်တောင်ဝန်းကျင်တွင် ဥမင်များကို အများဆုံးမြင်တွေ့နိုင်ပြီး ကျောက်ဂူဥမင်၊ ကျန်စစ်သားဥမင်၊ သမီးဝှက်ဥမင်နှင့် မြာသဥမင်တို့သည် ပုဂံ၏ ထင်ရှားသောဥမင်များ ဖြစ်ကြပေသည်။

**ငှက်ပစ်တောင်၊ သမီးဝှက်နှင့် မြာသဥမင်**

သမီးဝှက်ဥမင်နှင့် မြာသဥမင်တို့သည် ညောင်ဦးမြို့အဝင် ဆပဒစေတီအနီးရှိ ငှက်ပစ်တောင်ဝန်းကျင်တွင် တည်ရှိသည်။ ငှက်ပစ်တောင်သည် ပုဂံနှုတ်ပြောရာဇဝင်တွင် ထင်ရှားခဲ့သည့် ပျူစောထီးမင်းနှင့် ဆက်စပ်နေသည်။ ပုဂံရာဇဝင်အချို့တွင် ပါရှိသည့် ပျူစောထီးမင်းသားက ငှက်ကြီး၏ရန်ကို ဖြိုခွင်းသည်ဟူသည့် အစဉ်အလာပြောစကားများနှင့် ဆက်စပ်၍ ငှက်ပစ်တောင်ဟု ထင်ရှားသည့်နေရာသည် တောင်ဟုခေါ်ဆိုနိုင်လောက်အောင် မြင့်မားသောနေရာတစ်ခု မဟုတ်ချေ။

မြေမျက်နှာပြင်အထက် ၂၅ ပေမြင့်သည့် ကုန်းမို့နေရာကို တောင်ဟု တင်စားခေါ်ဆိုသည့် ငှက်ပစ်တောင်ဟူသည့် အမည်ကို ပုဂံကျောက်စာတစ်ချပ်တွင် တွေ့ရှိရကြောင်း ပုဂံသုတေသန လမ်းညွှန်စာအုပ်တွင် ဖတ်ရှုရသည်။ ငှက်ပစ်တောင်ဒေသ၌ ရဟန်းတော်များသီတင်းသုံးသည့် ကျောင်းများသည် အနော်ရထာမင်းလက်ထက်ကပင်ရှိခဲ့ပြီး ပုဂံခေတ်၊ အင်းဝခေတ်မှ ကုန်းဘောင်ခေတ်အထိ ပြည့်ရှင်မင်းတို့၏ ဘွဲ့တံဆိပ်တော်များနှင့် ကျောင်းများကို ငှက်ပစ်တောင်သံဃာ အစဉ်အဆက် တင်လှူခဲ့ကြောင်း သမိုင်းမှတ်တမ်းများရှိခဲ့သည်။ ပုဂံခေတ်တွင် ငှက်ပစ်တောင်၌ ရဟန်းသံဃာများ သီတင်းသုံးနေထိုင်ခဲ့ကြရာမှ ငှက်ပစ်တောင်သံဃာဂိုဏ်း ပေါ်ပေါက်ခဲ့သည်။

ငှက်ပစ်တောင်ရှိ ဂေါတမရုပ်ပွားတော် ပူဇော်ထားသည့် တိုက်အတွင်း၌ ကုန်းဘောင်ဘုရင် အလောင်းမင်းတရားဦးအောင်ဇေယျလက်ထက်တွင် ငှက်ပစ်တောင်ကျောင်းတိုက်သို့ တံဆိပ်ကပ်လှူပြီး ငှက်ပစ်တောင်အနီးဝန်းကျင်ကို အဘယဒါန ဘေးမဲ့ပေးကြောင်းရေးထိုးထားသည့် ကျောက်စာစိုက်ထူခဲ့သည်။ အလောင်းမင်းတရားသည် မိမိအလှူဒါနကို ငှက်ပစ်တောင်ဂိုဏ်းဆရာတော် ရှင်ဓမ္မသာနကိတ္တိထံ ဆက်ကပ်ခဲ့ပြီး ၁၇၅၈ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်တွင် ကျောက်စာရေးထိုးခဲ့သည်ဟု ဆရာတင်နိုင်တိုးက ရေးသားခဲ့သည်။

ငှက်ပစ်တောင်အနီးရှိ ဥမင်များသည် မမာလွန်း၊ မပွလွန်းသော မြေကုန်းစောင်းများကို ဖောက်ထွင်းပြုလုပ်ထားသည့် ဂူများ ဖြစ်ကြပြီး အတွင်း၌ အခန်းများဖွဲ့စည်းထားကာ တစ်နေရာမှတစ်နေရာ သွားလာနိုင်ရန် လှျောက်လမ်းများ ဆက်သွယ်ထားသည်။ တူးထားသည့်လိုဏ်များကို အပြင်မှ အုတ်များစီ၍ အခိုင်အမာပြုလုပ်ထားသဖြင့် ဥမင်များသည် ပုဂံဒေသ၏အပူဒဏ်ကို ကောင်းစွာကာကွယ်နိုင်ပေသည်။

ရဟန်းတော်များသည် ပုဂံဒေသ၏ ပူပြင်းသောအပူရှိန်ဒဏ်မှ သက်သာစေသည့် ဥမင်များအတွင်း သီတင်းသုံး၍ တရားဘာဝနာအားထုတ်နိုင်ရန် ငှက်ပစ်တောင်ကျောင်းများအနီးတွင် ဥမင်များကို ပြုလုပ်ခဲ့ဟန်ရှိကြောင်း ယူဆကြသည်။ ငှက်ပစ်တောင်အနီးရှိ ဥမင်များအနက် ငှက်ပစ်တောင်၏ အရှေ့မြောက်ယွန်းယွန်းတွင် တူးဖော်ထားသည့် သမီးဝှက်ဥမင်နှင့် မြာသဥမင်တို့သည် ပျူစောထီးမင်းသား၊ ငှက်ကြီးတို့နှင့် ဆက်စပ်လျက် အထင်ရှားဆုံးဥမင်များ ဖြစ်လာခဲ့ကြသည်။

မြာသဥမင်သည် သမီးဝှက်ဥမင်၏ မြောက်ဘက်တွင် တည်ရှိပြီး ၁၂ ရာစုတွင် တူးဖော်ခဲ့ကြောင်း ယူဆကြသည်။ ရာဇဝင်များအလိုအရ သမုဒ္ဒရာဇ်မင်းလက်ထက်တွင် ပျူစောထီးသည် ပုဂံတွင်ပေါ်ပေါက်နေသည့် ကျားကြီး၊ ဝက်ကြီး၊ ငှက်ကြီးနှင့် ရှူးပျံကြီးတို့ကိုနှိမ်နင်းရန် လာခဲ့စဉ် မြားချွန်ခဲ့သည့် နေရာသည် မြာသဥမင်ဖြစ်သည်ဟု ဆိုပေသည်။ နှုတ်ပြောရာဇဝင်များသည် ခိုင်မာသောအထောက်အထား နည်းပါးလေ့ရှိသဖြင့် ပညာရှင်နှင့် သုတေသီများ အကိုးအကားပြုနိုင်သည့် သမိုင်းအချက်အလက်များ ဖြစ်လာလေ့မရှိကြပါချေ။

မြာသဥမင် ဂူပေါက်အခန်းများကို တူးဖော်ခဲ့စဉ် ဗုဒ္ဓရုပ်ပွားတော်များကိုပါ တစ်ပါတည်း ထုလုပ်ခဲ့ကြသည်။ ဥမင်အတွင်းရှိ

**ကျန်စစ်သားဥမင်အဆောက်အအုံသည် အုတ်ဖြင့်တည်ဆောက်ထားသော ဥမင်ပုံသဏ္ဌာန် လိုဏ်ဂူကျောင်း ဖြစ်ဟန်ရှိကြောင်း၊ အတွင်းလိုဏ်ပတ် ဝင်္ကပါလမ်းနံရံနှင့် ပေါင်းကူးများတွင် ၁၁ ရာစုမှ ၁၃ ရာစုအတွင်း ရေးဆွဲထားသည်ဟု ခန့်မှန်းရသော နံရံပန်းချီများရှိကြောင်း၊ ကုဗလိုင်ခန်၏ မွန်ဂိုစစ်သည်တော်များ ပုဂံသို့ရောက်ရှိခဲ့ပြီး နံရံပန်းချီဆေးရေးအချို့ကို ရေးဆွဲမှတ်တမ်းတင်ခဲ့သည်ဟု ယူဆရကြောင်း ရေးသားထားသည်**

အချို့ဂူပေါက်ဝများတွင် အုတ်များစီ၍ မျက်နှာဝများ ပြုလုပ်ထားသည်။ မြာသဥမင်အရှေ့ဘက်ပိုင်း ဂူနံရံများပေါ်တွင် ပုဂံခေတ်လက်ရာ နံရံဆေးပန်းချီအချို့ ကျန်ရှိနေသည်။

သမီးဝှက်ဥမင်သည် ငှက်ပစ်တောင်၏အရှေ့မြောက်တွင် တည်ရှိပြီး ပုဂံခေတ် ငှက်ကြီးရန်ကို ကြောက်ရွံ့သဖြင့် ပုဂံပြည်သူပြည်သားများသည် မိမိတို့၏သမီးကညာများကို ဝှက်ခဲ့သည့်နေရာဟု အစဉ်အဆက် ပြောဆိုခဲ့ကြသည်။ ဥမင်အတွင်းမှ တွေ့ရှိခဲ့ရသည့် အင်းဝမိုးညှင်းမင်းတရား (ခရစ်နှစ် ၁၄၂၇-၁၄၄၀)လက်ထက် တောင်တွင်းမင်းသခ်ယာ ကျောက်စာ (ခရစ်နှစ် ၁၄၃၅ )တွင် သမီးဝှက်ဥမင်ကို ဝမ်းဘဲကျဥမင်ဟု ရေးထိုးထားသည်။

သမီးဝှက်ဥမင်၏ တောင်ဘက်ကမ်းပါးရံတွင် ဝင်ပေါက်ခုနစ်ပေါက် ဖောက်လုပ်ထားပြီး ဥမင်အတွင်း၌ ဘဲဥပုံ ဂန္ဓကုဋိတိုက်ငါးခု ပြုလုပ်ထားသည်။ ဂန္ဓကုဋိတိုက်များအတွင်း၌ ဗုဒ္ဓရုပ်ပွားတော်နှင့် ပုဂံခေတ်နှင့် အင်းဝခေတ်လက်ရာ နံရံဆေးရေးပန်းချီအချို့ကို မြင်တွေ့နိုင်ပေသည်။





**ကျန်စစ်သားဥမင်**

ကျန်စစ်သားဥမင်သည် ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီ တောင်ဘက်စောင်းတန်းထိပ်၏ အနောက်ဘက်တွင် တည်ရှိသည်။ ကျန်စစ်သားဥမင်ကို ၁၁ ရာစုတွင် ဖောက်လုပ်ခဲ့သည်ဟု ယူဆကြပြီး ကျန်စစ်သားဥမင်ဟု အမည်တွင်နေသော်လည်း အနော်ရထာမင်းလက်ထက်ကပင် ရှိခဲ့ကြောင်း မှတ်ယူခဲ့ကြသည်။

ကျန်စစ်သားဥမင်၏အဝင် မုခ်ပေါက်နှစ်ခုအကြား ဥမင်အလယ်ရှိအခန်း၌ တရားဟောပလ္လင်ရှိပြီး ဥမင်အတွင်း စင်္ကြံပတ်လမ်းများနှင့် တရားအားထုတ်ရန်အခန်းများကို ပြုလုပ်ထားသည်။ ကျန်စစ်သားဥမင်၏ ထူးခြားချက်မှာ ဥမင်ဖောက်လုပ်ရာတွင် အခြားဥမင်များနှင့်မတူဘဲ မြေပေါ် တစ်ဝက်၊ မြေအောက်တစ်ဝက် အုတ်များစီကာ တည်ဆောက်ထားခြင်းဖြစ်သည်။ ဥမင်အတွင်းပိုင်းသည် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် တူနေသဖြင့် အချို့က ဥမင်ကျောင်း(Cave Monastery)ဟု ခေါ်ဆိုခဲ့ကြသည်။ ကျန်စစ်သားဥမင်၏ မျက်နှာဝဖြစ်သည့် မြောက်ဘက်ဥပစာတွင် ဓမ္မသာလာဆောင်တစ်ခု ရှိခဲ့သည်။ တောင်ဘက်တွင်လည်း ဓမ္မသာလာဆောင်တည်ရှိခဲ့သည့် အရာများရှိပြီး အောက်ခံကျောက်တုံးများ ကျန်ရှိနေသည်။

ကျန်စစ်သားဥမင် မြောက်ဘက်တွင် တံတိုင်းပတ်လည်နှင့် တံတိုင်းမုခ်ရှိပြီး ဥမင်အတွင်း၌ ရှေးဟောင်းနံရံဆေးရေးပန်းချီများ ရှိသည်။ ပန်းချီများတွင် ပြာသာဒ်များ၊ မြင့်မိုရ်တောင်၊ မွန်ဂိုစစ်သည်များ၊ စစ်သူကြီး စသည့်ပုံများကို ရေးဆွဲထားကာ မြောက်ဘက်မုခ်မျက်နှာကြက်ပေါ်တွင် ဆွမ်းစားနေသည့် ရှင်ဥပဂုတ္တမထေရ်ပုံကို မြင်တွေ့နိုင်ပေသည်။

ဥမင်အတွင်း ကျန်စစ်သားပုန်းအောင်းနေထိုင်ခဲ့ကြောင်း အဆိုရှိသော်လည်း ကျန်စစ်သားဥမင်သည် ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာများ သီတင်းသုံးနေထိုင်ခဲ့သည့် နေရာတစ်ခုသာဖြစ်ပြီး အနော်ရထာဥမင်ဟု ခေါ်ဆိုမှုများလည်း ရှိခဲ့သည်။

ကျန်စစ်သားဥမင်ရှေ့၌ စိုက်ထူထားသည့် အညွှန်းစာဆိုင်းဘုတ်တွင် ကျန်စစ်သားဥမင် အဆောက်အအုံသည် အုတ်ဖြင့်တည်ဆောက်ထားသော ဥမင်ပုံသဏ္ဌာန်လိုဏ်ဂူကျောင်းဖြစ်ဟန်ရှိကြောင်း၊ အတွင်းလိုဏ်ပတ် ဝင်္ကပါလမ်းနံရံနှင့် ပေါင်းကူးများတွင် ၁၁ ရာစုမှ ၁၃ ရာစုအတွင်း ရေးဆွဲထားသည်ဟု ခန့်မှန်းရသော နံရံပန်းချီများရှိကြောင်း၊ ကုဗလိုင်ခန်၏ မွန်ဂိုစစ်သည်တော်များ ပုဂံသို့ရောက်ရှိခဲ့ပြီး နံရံပန်းချီဆေးရေးအချို့ကို ရေးဆွဲမှတ်တမ်းတင်ခဲ့သည်ဟု ယူဆရကြောင်းနှင့် အဆောက်အအုံနံရံတွင် မွန်ဂိုစစ်ဗိုလ်စစ်သားများနှင့် အခြားသူကောင်းပုံမျိုးစုံများ ရေးဆွဲထားသည်ကို တွေ့ရှိရကြောင်းဟု ရေးသားထားသည်ကို ဖတ်ရှုရပေသည်။

**ကျောက်ဂူဥမင်**

ကျောက်ဂူဥမင်သည် ပုဂံခေတ်တွင်တည်ဆောက်ခဲ့သည့် ဥမင်အဆောက်အအုံလေးခုအနက် ကျောက်ဖြင့်ဆောက်ထားသည့် တစ်ခုတည်းသောဥမင်ဖြစ်ပြီး ညောင်ဦးမြို့မှ အရှေ့မြောက်ဘက် နှစ်မိုင်အကွာ ဧရာဝတီမြစ်ကမ်းဘေးတွင် ရှိကာ ပုဂံတစ်ဝိုက်ရှိ ဥမင်များအနက် အကြီးဆုံးဖြစ်သည်။

ကျောက်ဂူဥမင်ကို ဧရာဝတီမြစ်ကမ်းမှ မနီးမဝေးရှိ ကုန်းစောင်းတစ်ခုကို လိုဏ်တူး၍ တည်ဆောက်ထားပြီး ရှေ့ခန်းမဆောင်ကို ကျောက်ချပ်များဖြင့် ဖွဲ့စည်းထားသည်။ သဲကျောက်ကမ်းပါးယံကိုထွင်း၍ အုတ်၊ ကျောက်အုတ်များဖြင့် ဥမင်တည်ထားသဖြင့် ကျောက်ဂူဥမင်ဟု ထင်ရှားခဲ့ပြီး အဆင့်သုံးဆင့်ရှိသည့် ကျောက်ဂူဥမင်၏ အောက်ပိုင်းကို ကျောက်အုတ်များဖြင့်တည်ဆောက်ကာ အပေါ်ပိုင်းနှစ်ဆင့်ကို ရိုးရိုးအုတ်များဖြင့် ဆောက်လုပ်ထားသည်။ ဥမင်ကို ခရစ်နှစ် ၁၁၁၈ ခုနှစ်တွင် တူးဖော်တည်ဆောက်ခဲ့သည်။

ကျောက်ဂူဥမင်သည် မြောက်ဘက်သို့မျက်နှာမူနေပြီး ရှေ့မျက်နှာစာတွင် ဂန္ဓကုဋိတိုက်မနှင့် မြောက်ဘက်တွင် အဝင်မုခ်နှင့် အာရုံခံခန်းမဆောင်ရှိသည်။ အရှေ့၊ အနောက်နှင့် မြောက်ဘက်တွင် စင်္ကြံပတ်လမ်းများ ပြုလုပ်ထားပြီး ဥမင်အတွင်းရှိလမ်းကြောင်းများကို ဝင်္ကပါပုံစံ အကွေ့အကောက်များ ဖောက်လုပ်ထားကာ တရားအားထုတ်သည့်နေရာများဟု ယူဆနိုင်ဖွယ်ရှိသည့် အခန်းငယ်များရှိသည်။ ကျောက်ဂူဥမင်၏ ထူးခြားသည့် ဗိသုကာလက်ရာမှာ ဥမင်၏အောက်ထပ်လိုဏ်အတွင်းသို့ အလင်းရောင်ဝင်ရောက်စေရန် မွန်းတည့်ပေါက်များ ဖောက်လုပ်ထားခြင်းဖြစ်သည်။ အလင်းရောင်က ဥမင်အပေါ်ထပ်အမိုးမှတစ်ဆင့် အတွင်းသို့ဝင်ရောက်ခြင်းဖြင့် အတွင်း၌ မှောင်မိုက်နေခြင်းမရှိစေရန် စီစဉ်ထားသည်။

ကျောက်ချပ်ကြီးတစ်ချပ်ကို ညီညာသပ်ရပ်သော အပေါက်များ ဖောက်ထားသည့် ကျောက်ပြူတင်းများကို ကျောက်ဂူဥမင်တွင် ယခုတိုင်မြင်တွေ့နိုင်သည်။ ယင်း ကျောက်ပြူတင်းများကို နန်းဘုရားတွင်လည်း တွေ့ရှိနိုင်သည်။ ခန်းမအတွင်း၌ သဲကျောက်ဖြင့်ထွင်းထုထားသည့် ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူရှိပြီး ဝဲယာနှစ်ဖက်တွင် ဖောင်းကြွထုထားသည့် အဂ္ဂသာဝကနှစ်ပါး ရုပ်တုများရှိသည်။ ကျောက်ဂူဥမင် မျက်နှာကြက်တွင်လည်း ရဟန္တာနှစ်ပါးရုပ်တုတို့ကို ဖောင်းကြွထုလုပ်ထားသည်။

ကျောက်ဂူဥမင်အတွင်း တွေ့ရှိရသည့် ကျောက်စာအရ သက္ကရာဇ် ၅၅၀ ပြည့်နှစ်တွင် စည်သူမင်းကြီးသည် နတ်ထမင်းရသော 'သခင်ထံပါ'၏ ဘုရားကို ကျွန်စသည်တို့ လှူဒါန်းခဲ့ကြောင်းနှင့် ဥဇနာမင်းလက်ထက်တွင်လည်း ဆက်လက်လှူဒါန်းကြောင်း ရေးထိုးထားသည်ဟု ပုဂံသုတေသန လမ်းညွှန်စာအုပ်တွင် ဖတ်ရှုရသည်။ ကျောက်စာပါ စာသားများအရ နရပတိစည်သူမင်းလက်ထက်တွင် ကျောက်ဂူဥမင်၌ 'သခင်ထံပါ'ဟု ဘွဲ့အမည်ရှိသောမထေရ် သီတင်းသုံးခဲ့ကြောင်း ပညာရှင်များက ယူဆခဲ့ကြသည်။

ဥမင်အပြင် နံရံအပေါ်ပိုင်းတွင် ဘီလူးပန်းဆွဲများ၊ အောက်ပိုင်းတွင် ရွက်ချွန်းပုံပန်းထောင်များဖြင့် အလှဆင်ထားသည်။ အဝင်မုခ်ဝ ဝဲယာနှစ်ဖက်တွင် ယက္ခဂုမ္ဘဏ်ရုပ်နှင့် ကြာပန်းများကြား၌ ကိန္နရီ၊ ကိန္နရာရုပ်၊ ခြင်္သေ့၊ ကျား၊ သမင်စသောပုံများကို ကျောက်အုတ်များစီ၍ ထွင်းထုထားသည်။ အာရုံခံတိုက်မ ပတ်လည်တွင်လည်း ကျောက်ပန်းခက်ကြီးများကို လှပစွာပြုလုပ်ထားပေသည်။

အစဉ်အလာ ဆိုစကားများအရ နရပတိစည်သူမင်းလက်ထက်တွင် အရှင်ပဏ္ဍိတမထေရ်သည် မိမိ၏ စင်ကြယ်သောသီလကို သစ္စာဆိုလျက် ခဲသွေးကျောက်နှင့် ခဲမကို ဧရာဝတီမြစ်အတွင်းသို့ ပစ်ချခဲ့ရာ ကျောက်နှင့်ခဲသည် ရေတွင်ကူးခတ်သွားခဲ့သည်။ နရပတိစည်သူသည် မထေရ်မြတ်ကိုကြည်ညိုကာ ဧရာဝတီမြစ်ချောက်ကမ်းပါးတွင် ဥမင်တူး၍လှူဒါန်းခဲ့ပြီး ခဲသွေးကျောက်ရေကူးသွားခဲ့သည်ကို အစွဲပြု၍ ကျောက်ကူးဥမင်ဟုလည်း ခေါ်ဆိုခဲ့ကြောင်း ပြောဆိုကြသော်လည်း ပညာရှင်များက ဥမင်နှင့် ကျောက်ဆင်းတုလက်ရာများအရ ကျောက်ဂူဥမင်သည် နရပတိစည်သူမင်းလက်ထက်မတိုင်မီ နှစ် ၁၀၀ ဝန်းကျင်ကပင် တည်ရှိနိုင်ခဲ့ကြောင်း သုံးသပ်ခဲ့ကြသည်။

ဥမင်လိုဏ်ဂူများသည် ပုဂံဒေသ၏ပြင်းထန်သောအပူဒဏ်ကို ကောင်းစွာကာကွယ်နိုင်သည့် မြေအောက်အဆောက်အအုံများဖြစ်ကြပေရာ နှုတ်ပြောစကားများက မည်သို့ပင်ဆိုစေသော်လည်း ပုဂံဒေသတွင်နေထိုင်ခဲ့သည့် ရဟန်းသံဃာများ သီတင်းသုံးခဲ့သည့်နေရာများဖြစ်နိုင်ကြောင်း ယူဆနိုင်ပေသည်။ ထို့အတူပင် စစ်သည်များအပါအဝင် လူပုဂ္ဂိုလ်များသည်လည်း ဥမင်များအတွင်း ခိုအောင်းခဲ့ဖွယ်ရှိပေသည်။

ဥမင်များအတွင်းတွေ့ရှိရသည့် တရားဟောပလ္လင်များသည် တစ်ချိန်သောအခါက ဥမင်များအတွင်း ရဟန်းသံဃာများရှိခဲ့ကြောင်း သက်သေပြလျက်ရှိနေသည်။ ထို့အတူပင် ဥမင်နံရံများတွင်ရေးဆွဲခဲ့သည့် ကျောက်စာနှင့် နံရံဆေးရေး ပန်းချီများသည်လည်း ပုဂံ၏သမိုင်း တစ်စွန်းတစ်စကို ဖော်ပြလျက်ရှိနေပေသည်။ ။

# ရွှေမြင်တင်ဘုရား၌ ဓာတ်လှေကားအသစ်တပ်ဆင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အလှူငွေပေးအပ်

**ရမည်းသင်း မေ ၁၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြင်းနားကျေးရွာအုပ်စုရှိ ရှေးဟောင်းသမိုင်းဝင် ရွှေမြင်တင်တောင် စေတီတော်မြတ်၌ ဓာတ်လှေကားအသစ်တစ်စင်းကို တည်ဆောက်တပ်ဆင်လျက်ရှိရာ အဆိုပါ ဓာတ်လှေကားသစ်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)မှ အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်ပွဲကို မေ ၁၃ ရက်က ဘုရားရင်ပြင်၌ ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် သြဝါဒဆရာတော်ကြီး ဦးနန္ဒောဘာသထံမှ သီလခံယူကြပြီး မန္တလေးတိုင်းဒေသကြီး ဆက်သွယ်ရေးမန်နေဂျာ ဦးဌေးလုက ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းညွှန့်ထံသို့ အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းကာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် တိုင်းဆက်သွယ်ရေးမန်နေဂျာက အလှူငွေများလှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး ဆက်လက်၍ တိုင်းဆက်သွယ်ရေးမန်နေဂျာမိသားစုက အလှူငွေ ကျပ် ၂၅၀၀၀၀ နှင့် ဆက်သွယ်ရေးဝန်ထမ်းများစုပေါင်း၍ အလှူငွေကျပ်သုံးသိန်းကို ထပ်မံလှူဒါန်းခဲ့ကြသည်။

ရမည်းသင်းမြို့ ရွှေမြင်တင်စေတီတော်ကြီး၌ ဓာတ်လှေကားအသစ် တပ်ဆင်တည်ဆောက်လျက်ရှိရာတွင် စုစုပေါင်း ကျပ်သိန်းပေါင်း ၃၅၀၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားပြီး လက်ရှိအချိန်တွင် စုပေါင်းအလှူခံရငွေ ကျပ်သိန်း ၁၀၀၀ ကျော်ဖြင့် အောက်ခံအုတ်ခုံများတည်ဆောက်ခြင်း၊ လျှောက်လမ်းခင်းခြင်းနှင့် သံတိုင်ကြီးများ စိုက်ထူခြင်းတို့ကို စတင်ဆောင်ရွက်ထားပြီဖြစ်ကြောင်း၊ အဆိုပါ ဓာတ်လှေကားတပ်ဆင်ခြင်းအတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းညွှန့်၊ ဖုန်း ၀၉-၇၉၉၂၆၀၀၈၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ရွှေမြင်တင်ဘုရားရင်ပြင်တွင်လည်း နေ့စဉ် အလှူခံဌာန ဖွင့်လှစ်ထားကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**



# လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးရန်ပုံငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**ငါန်းဇွန် မေ ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက မြို့နယ်အတွင်းမှ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးရန်ပုံငွေနှင့် ပစ္စည်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် မေ ၁၂ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သားကျင်အုပ်စု ညောင်ပင်ရိုးကျေးရွာ၌ ပြုလုပ်ခဲ့သည့် ကယ်ဆယ်ရေးရန်ပုံငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် မြို့နယ်အတွင်းရှိ ကျေးရွာအလိုက် လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးရန်ပုံငွေနှင့် ပစ္စည်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် လေဘေးသင့်ပြည်သူများအတွက် ကျားဝတ်လုံချည်၊ မဝတ်လုံချည်၊ စောင်၊ တဘက်၊ ဒန်အိုး၊ ဇလုံ၊ တီရှပ်၊ ဆပ်ပြာ၊ နှစ်ယောက်အိပ်ခြင်ထောင်၊ စတီးခွား၊ စတီးဇွန်း၊ စတီးသောက်ရေခွက်၊ စတီးပန်းကန်ပြား၊ ပလတ်စတစ်ဖျာ၊ လေးထောင့်ပလတ်စတစ်ပုံး စသည့် ထောက်ပံ့ပစ္စည်းများအပြင် လေဘေးသင့်ပြည်သူတစ်ဦးလျှင် တစ်ပတ်စာ ဆန်ဖိုးငွေကျပ် ၂၁၀၀ နှုန်းစီကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**



# လေပြင်းတိုက်၍ပျက်စီးသည့် ကျောင်း ၅၁ ကျောင်းကို ကျောင်းဖွင့်ချိန်အမီ ပြန်လည်ပြုပြင်နေ

**စစ်ကိုင်း မေ ၁၅**



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်ခြင်းနှင့် မိုးသီးကြွေခြင်းများကြောင့် မြို့နယ် ၂၄ ခုမှ အဆောက်အအုံများ ပျက်စီးသည့်အထဲတွင် စာသင်ကျောင်းများလည်းပါဝင်ရာ ကျောင်းဖွင့်ချိန်အမီ ပြီးစီးအောင် ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းထံမှ သိရသည်။

"လေဘေးသင့်တဲ့အထဲမှာ စာသင်ကျောင်းတွေလည်း ပါပါတယ်။ ကျောင်းဖွင့်ချိန်အမီ အဓိကဦးစားပေး ပြင်ဆင်ဖို့ ဆောင်ရွက်နေပါပြီ။ စစ်ကိုင်းတိုင်းဒေသကြီးမှာ လေတိုက်လို့ စာသင်ကျောင်း ၅၁ ကျောင်း ပျက်စီးတယ်လို့ စာရင်းတွေအရ သိရပါတယ်။ ပျက်စီးဆုံးရှုံးတဲ့ စာသင်ကျောင်းတွေထဲမှာ ၁၇ ကျောင်းအတွက် ၁၅၃ သိန်းကျော် ပြင်ဆင်ဖို့ ထုတ်ထားပေးပြီးလည်းဖြစ်ပါတယ်။ ကျန်တဲ့ ၁၃၄ ကျောင်းအတွက်ကလည်း ကျောင်းဖွင့်ချိန်အမီ ပြင်ဆင်နိုင်အောင် အခုပဲ ငွေထုတ်ပေးဖို့ ဆောင်ရွက်နေပါပြီ"ဟု လူမှုရေးဝန်ကြီးက ပြောသည်။

တိုင်းဒေသကြီး အစိုးရအနေဖြင့် တိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်ဖြစ်လာလျှင် အရေးကြီးပစ္စည်းများထိန်းသိမ်းရာ၌ အဆင့်(A)(B)နှင့်(C)ဟူ၍ အဆင့်များခွဲကာ ထိန်းသိမ်းစောင့်ရှောက်ကြရန် ဌာနဆိုင်ရာများ၊ ကျောင်းများ၊ ဆေးရုံများစသည်တို့တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား မှာကြားစီမံထားပြီးဖြစ်ကြောင်း၊ လေပြင်းနှင့် မိုးသည်းထန်စွာရွာလျှင် အရေးအကြီးဆုံး မည်သည့်ပစ္စည်းကို မည်သည့်နေရာသို့ မည်သည့်နည်းဖြင့် ရွှေ့ပြောင်းကြရမည်ကိုလည်းကောင်း၊ အရေးကြီးပစ္စည်းများ စာရွက်စာတမ်းများ မပျောက်ပျက်အောင် မည်သို့ ဆောင်ရွက်ရမည်ကိုလည်းကောင်း တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်၊ ကျေးလက်အဆင့်ဆင့်သို့ ညွှန်ကြားထားပြီးဖြစ်ကြောင်းလည်း လူမှုရေးဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မတ် ၂၅ ရက်မှ မေ ၁၂ ရက်အထိ ဖြစ်ပွားခဲ့သော သဘာဝဘေးများဖြစ်သည့် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းများကြောင့် အဆောက်အအုံ ပျက်စီးမှုများရှိခဲ့သည့်အနက် ပညာရေးအနေဖြင့် ကျောင်းဆောင်အများဆုံးပျက်စီးမှုသည် ကနီမြို့နယ်တွင်ဖြစ်ပြီး ဟုမ္မလင်းမြို့နယ်က ဒုတိယအများဆုံးနှင့် တမူးမြို့နယ်က တတိယအများဆုံးဖြစ်ကြောင်း၊ လူအသေအပျောက်စာရင်းအရ ရှစ်ဦးရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စိုက်ဧက ၂၀၀ ကျော်ကို အကျိုးပြုနိုင်မည့် ထိန်ချောင်းရိုးရေနုတ်မြောင်း တူးဖော်နေ

**ထီးချိုင့် မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ဒိုးပင်ကျေးရွာအုပ်စုအတွင်း မိချောင်းအိုက်ကျေးရွာမှ ကွင်းများဖြစ်သည့် ဆောက်တောကွင်းနှင့် ကျောရေကွင်းတို့မှစ၍ မဲဇာချောင်းအထိတွင် ထိန်ချောင်းရိုးရေနုတ်မြောင်းကို တူးဖော်လျက်ရှိကာ အဆိုပါရေနုတ်မြောင်း တူးဖော်ပြီးပါက စိုက်ပျိုးမြေဧက ၂၀၀ ကျော်၏ စိုက်ပျိုးရေးအတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆောက်တောကွင်းနှင့် ကျောရေကွင်းတို့သည် မိုးတွင်းကာလ ရေကြီးရေလျှံမှုဖြစ်ပေါ်သောအခါ ရေထွက်ပေါက်မရှိသည့်အတွက် ရေများ ဝပ်ပြီး သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ခြင်းမရှိသဖြင့် အထွက်နှုန်းလျော့ကျခြင်း၊ လက်ရှိ စိုက်ဧကများကို အပြည့်အဝ မစိုက်ပျိုးနိုင်ခြင်း၊ သီးနှံများဈေးကောင်းမရခြင်း စသည့်ပြဿနာများနှင့် ဒေသခံတောင်သူများ ရင်ဆိုင်နေကြရ၍ ယခု ထိန်ချောင်းရိုးရေနုတ်မြောင်းကို တူးဖော်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"အခုလို ထိန်ချောင်းရိုးရေနုတ်မြောင်းတူးဖော်ပေးတဲ့အတွက် ကျွန်တော်တို့ကွင်းထဲမှာရှိတဲ့ တောင်သူတွေအနေနဲ့ကတော့ ဝမ်းသာရပါတယ်။ ယခင်က ဒီထိန်ချောင်းရိုးဆိုတာ ရှိပါတယ်။ မဲဇာချောင်းကိုထွက်တဲ့ ချောင်းရိုးပါ။ ကာလကြာလာတော့ ချောင်းကောပြီး မြောင်းပိတ်သွားတဲ့သဘောရှိပါတယ်။ မြောင်းမရှိတော့ ဒီကွင်းထဲမှာရှိတဲ့ရေက ဘယ်မှမထွက်ဘဲ ကျန်နေပါတယ်။ ရေခမ်းမှ အခင်းဆင်းရတော့ စိုက်ချိန်ပျိုးချိန်နောက်ကျပြီး သီးနှံအထွက်လည်းလျော့၊ နောက်ကျမှရောင်းရတော့ ဈေးကောင်းလည်းမရ၊ ရှိတဲ့ကေလည်း အပြည့်အဝ မစိုက်နိုင်တဲ့ ဒုက္ခတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အခု တူးဖော်ပေးတဲ့ ရေနုတ်မြောင်းရှိနေရင်တော့ ရေဝပ်စရာမရှိတော့လို့ အချိန်မီ စိုက်နိုင်ပျိုးနိုင်တော့မှာ ဖြစ်ပါတယ်။ ဆောက်တောကွင်းကတော့ မတ်ပဲ၊ ပဲယင်း၊ ပန်းနှမ်းများစိုက်ပြီး ကျောရေကွင်းကတော့ နွေစပါး စိုက်ပျိုးကြပါတယ်။ စုစုပေါင်းဆို ဧက ၂၀၀ ကျော်ရှိပါတယ်။ မတည်တူးဖော်ပေးတဲ့ အလှူရှင်နဲ့ မြို့နယ်က ကြီးကြပ်ဆောင်ရွက်ပေးတဲ့ ဌာနဆိုင်ရာအသီးသီးကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးဖြစ်သည့် ဦးထွန်းနိုင်က ပြောသည်။



အဆိုပါရေနုတ်မြောင်းသည် ဆောက်တောကွင်းနှင့် ကျောရေကွင်းတို့မှစ၍ မဲဇာချောင်းအထိ အရှည် တစ်မိုင်ကျော်ရှိပြီး အကျယ် ၁၈ ပေနှင့် အနက်ငါးပေရှိမည်ဖြစ်သည်။ ရေနုတ်မြောင်း တူးဖော်ရန်အတွက် မိချောင်းအိုက်ကျေးရွာမှ အလှူရှင် ဦးသန်းကြိုင်က ကျပ် သိန်း ၆၀ ကျော် အကုန်ကျခံ လှူဒါန်းခဲ့ပြီး ဒေသခံတောင်သူများ၏လုပ်အားဖြင့် တူးဖော်နေခြင်းဖြစ်သည်။ အဆိုပါ ထိန်ချောင်းရိုးရေနုတ်မြောင်း တူးဖော်နေမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းတို့အဖွဲ့က မေ ၁၃ ရက်တွင် လာရောက်ကြည့်ရှုပြီး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည် ။

**(မြို့နယ် ပြန်/ဆက်)**

## နွေရာသီ ကင်းထောက်လူငယ် သင်တန်းဆင်းပွဲကျင်းပ

**သီပေါ မေ ၁၅**

သီပေါမြို့နယ် ကင်းထောက်အဖွဲ့က ကြီးမှူးဖွင့်လှစ်ခဲ့သော နွေရာသီ ကင်းထောက်လူငယ်သင်တန်းဆင်းပွဲကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြည်ီလာခန်းမ၌ မေ ၁၁ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး အလှူရှင်များက ကင်းထောက်မောင်မယ်များ၏ ကင်းထောက်ဝတ်စုံများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်သူများအား ထူးချွန်ဆုများနှင့် သင်တန်းသားသင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**စိုင်း(သီပေါ)**

# မိုးညှင်းမြို့၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးမည်



**မိုးညှင်း မေ ၁၅**
ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ရန်ကုန်မြို့မှ မျက်စိပါရဂူကြီးများနှင့် ကျွမ်းကျင်ပညာရှင်များ လာရောက်၍ ပုညရှင်တောရ အပြည်ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာ၌ အခမဲ့ စမ်းသပ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ဆရာတော် ဒေါက်တာအရှင်ကစ္စာယန(သြစတြေးလျ)၊ ဆရာတော် အရှင်ဝါယမသာရ (အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ) (ရန်ကုန်)တို့၏ ဦးဆောင်မှုဖြင့် အာယုဗုန ကုသိုလ်ဖြစ်ဆေးကုသအသင်းတို့က မတည်ကာ ချယ်ရီမေတ္တာဖောင်ဒေးရှင်း ဆရာဝန်ကြီးများက ပညာဒါနဖြင့် ကုသိုလ်ဖြစ် မျက်စိကုသပေးမည်ဖြစ်ကာ မေ ၁၇ ရက်မှ ၁၉ ရက်အထိ ပုညရှင်တောရကျောင်း၌ မျက်စိစမ်းသပ်ပေးပြီး မေ ၂၀ ရက်နှင့် ၂၁ရက်တွင် မျက်စိခွဲစိတ်မည် ဖြစ်သည်။

ယခုလို ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဒေါက်တာအောင်ထိန်းလင်း အတွင်းရေးမှူး (၁)က "အခုလိုဆောင်ရွက်တာဟာ ပထမဆုံးအကြိမ်ဖြစ်တယ်၊ အခုလက်ရှိအချိန်အထိဆို လူနှစ်ထောင်လောက် စာရင်းပေးထားတယ်၊ အဲဒီအထဲက ဆိုးဆိုးရွားရွားဖြစ်တဲ့ လူတစ်ရာလောက်ကို ခွဲစိတ်ကုသပေးမယ်၊ ခွဲစိတ်ကုသခ၊ စမ်းသပ်ခတွေကို အားလုံး အခမဲ့ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ချယ်ရီမေတ္တာ ဖောင်ဒေးရှင်းမှ ဆရာဝန်ကြီးများသည် တစ်နိုင်ငံလုံး လှည့်လည်၍ မျက်စိကုသပေးနေသည်မှာ ယခုအကြိမ်နှင့်ဆိုလျှင် အကြိမ်(၂၀)မြောက် နယ်လှည့်ကုသပေးခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဇလုံတောင်ဘုရားလမ်းပေါ်ရှိ လမ်းတံတားများကို ကွင်းဆင်းစစ်ဆေး



**ဖန်းမောက် မေ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ် ဇလုံတောင်ဘုရားလမ်းပေါ်တွင် Great Yaw ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခဲ့သည့် လမ်းတံတားများကို မြို့နယ်လမ်းစစ်ဆေးရေးကော်မတီအဖွဲ့က မေ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဇလုံတောင်ဘုရားလမ်းပေါ်တွင် အရှည် ၁၅ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ၁၀ ပေရှိ အာရ်စီကွန်ကရစ်တံတား နှစ်စင်း၊ အရှည်ပေ ၂၀၊ အကျယ် ၁၅ ပေ၊ အမြင့် ၁၀ ပေရှိ တံတားလေးစင်း၊ အရှည်ပေ ၂၀၊ အကျယ် ၁၀ ပေနှင့် အမြင့် ခုနစ်ပေရှိ တံတားတစ်စင်း၊ အရှည် ၁၈ ပေ၊ အကျယ် ခြောက်ပေနှင့် အမြင့် ခြောက်ပေရှိ တံတားတစ်စင်း စုစုပေါင်းတံတား ရှစ်စင်းကို Great Yaw ကုမ္ပဏီလီမိတက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၂၂ သန်းဖြင့် တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်အာကာကျော်က ပြောသည်။

အဆိုပါ တံတားများကို စစ်ဆေးရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီဆွေ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဌေးနှင့် မြို့နယ် လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးမျိုးဇော်ထွန်းတို့က သွားရောက်စစ်ဆေးခဲ့ကြပြီး လမ်းစစ်ဆေးရေးကော်မတီအဖွဲ့ခေါင်းဆောင် မြို့နယ်ရဲတပ်ဖွဲ့မှူးက လိုအပ်သည်များကို ပြုပြင်ဆောင်ရွက်သွားရန် ကုမ္ပဏီမှ တာဝန် ရှိသူများအား မှာကြားခဲ့သည်။

**ကျော်စွာ(ဖန်းမောက်)**

# ရေရှားပါးနေသည့်ကျေးရွာသို့ သောက်ရေသန့်နှင့် သုံးရေများလှူဒါန်း




**ဘားအံ မေ ၁၅**
ကရင်ပြည်နယ် ဘားအံမြို့နယ် အထက်ကော့ရင်းကျေးရွာ၌ သောက်သုံးရေရှားပါးလျက်ရှိသဖြင့် ဒေသခံပြည်သူများ သောက်ရေနှင့် သုံးရေများ အဆင်ပြေစေရေးအတွက် အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းကာ အဆိုပါကျေးရွာသို့ သောက်ရေသန့်နှင့် သုံးရေများ မေ ၁၀ ရက်က သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ်တပ်ခွဲမှူး ရဲမှူးအောင်ဇင်ဦးနှင့် မြိုင်ကလေးရဲကင်းစခန်းမှူး ရဲအုပ်ဝင်းနိုင်တို့ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မြိုင်ကလေးမီးသတ်စခန်းမှ ဒုတပ်ခွဲမှူးဦးဝင်းခိုင် ဦးဆောင်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အထက်ကော့ရင်းကျေးရွာနေ ပြည်သူများထံသို့ သောက်ရေအတွက် ၂၀ လီတာဆံ့ သောက်ရေသန့်ဘူးကြီး ၇၂ ဘူးနှင့် သုံးရေအတွက် ဂါလန် ၁၂၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် ရေများ သွားရောက်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ကျေးလက်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

သံတွဲမြို့နယ်အတွင်း ပြည်ထောင်စုအထူးသီးသန့်ရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်လျက်ရှိသည့် တံခွန်တိုင်-ဖိုးဝကုန်း-ဂုံမင်းချောင်-တောင်ပေါက်လမ်း (၃/၀)မိုင် ကျောက်ချောလမ်းခင်းခြင်းနှင့် ၎င်းလမ်းပေါ်ရှိ Box Culvert တံတား ၁၁ စင်း ဆောက်လုပ်နေမှုတို့ကို မေလပထမပတ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးပြတ်အောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သန့်ဇင် (ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### ပိုင်ရှင်မဲ့သစ်ခွဲသား ၂၇တန်ကျော် သိမ်းဆည်းရမိ

ကော့သောင်းခရိုင် ခမောက်ကြီးမြို့ရှိ လုံးဖောလမ်းသစ်တောကြိုးဝိုင်းအတွင်း၌ တရားမဝင်ခိုးထုတ်ထားသည့် ပိုင်ရှင်မဲ့သစ်ခွဲသားများကို မေ ၁၃ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ အဆိုပါနေရာတွင် တရားမဝင် သစ်ထုတ်လုပ်လျက်ရှိကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ကော့သောင်းခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးရာ ကော့သောင်း-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီးနှင့် လေးမိုင်အကွာ လုံးဖောလမ်းဘေး ဆီအုန်းတောအတွင်း၌ သစ်ခိုးထုတ်သူများ ယာယီနေထိုင်သည့်တဲနှင့် လုပ်ငန်းခွင် အနေအထားများကို တွေ့ရှိရသော်လည်း ပိုင်ရှင်ကိုမတွေ့ရဘဲ သစ်ခွဲသား ၁၇၄ ချောင်း (အလေးချိန် ၂၇ ဒသမ ၅၁၁၈ တန်)ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ တရားမဝင်သစ်ခိုးထုတ်သည့် အဖွဲ့များအား ဖော်ထုတ်အရေးယူနိုင်ရန် ကော့သောင်းခရိုင် သစ်တောဦးစီးဌာနက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



### တရားရုံးစစ်ဆေးဆဲ အချုပ်ကျနေသူတစ်ဦး သေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့မရဲစခန်း အချုပ်ခန်းတွင် တရားရုံးစစ်ဆေးဆဲ အချုပ်ကျနေသူတစ်ဦး မေ ၁၂ ရက်က သေဆုံးသွားခဲ့ကြောင်း သိရသည်။ ပင်လည်ဘူးမြို့မရဲစခန်း အချုပ်ခန်းတွင် ပြည်သူပိုင်ပစ္စည်းဆိုင်ရာအမှုအရ အချုပ်ကျနေသည့် လုမင်းထွန်း(၂၇ နှစ်)သည် အချုပ်ခန်းအတွင်း တုံးလုံးလှဲအိပ်နေရာမှ ခေါင်းမူးသည်ဟုပြောပြီး သတိလစ်မေ့မြောသွားခဲ့သဖြင့် တာဝန်မှူး ရဲအုပ်ဇော်ဝေလင်းက စခန်းမှူးထံသတင်းပို့ကာ ပင်လည်ဘူးမြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့သော်လည်း ဆေးရုံရောက်ပြီး ၁၀ မိနစ်ခန့်အတွင်း သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်/မဟုတ် စစ်ဆေးသိရှိနိုင်ရန် ပင်လည်ဘူးမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့်၍ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### စွန်ချောင်းအတွင်းရေကစားရာမှ ကလေးငယ်တစ်ဦး ရေနစ်သေဆုံး

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ချောက်ကြားကျေးရွာအနီး စွန်ချောင်းအတွင်း ရေကစားသည့်ကလေးငယ်တစ်ဦး ရေနစ်သေဆုံးမှု မေ ၁၂ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဇီးတောကျေးရွာနေ ဦးသာချိုသည် ချောင်းသဲများကိုသယ်ယူရန် တစ်ရွာတည်းနေ ဦးမြင့်စိုး၊ ဦးစံမောင်၊ ဦးအောင်ပြည့်တို့နှင့်အတူ နွားလှည်းလေးစီးဖြင့် စွန်ချောင်းသို့လာရောက်စဉ် ဦးသာချို၏ မြေးဖြစ်သူ မဝင်းသူဇာ(၁၂ နှစ်)နှင့် မသိန်းသိန်းဌေး(၈ နှစ်)တို့လည်း လိုက်ပါလာခဲ့ကြောင်း၊ လူကြီးများက သဲများတင်ဆောင်နေစဉ် ကလေးနှစ်ဦးက စွန်ချောင်းကမ်းစပ်ရေထဲတွင် ဆော့ကစားနေကြရာမှ မသိန်းသိန်းဌေးမှာ ချောင်းရေအတွင်းနစ်သွားခြင်းဖြစ်ကြောင်း၊ ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းခံခဲ့ရာ ချောင်းအတွင်း ရေချိုးနေသူတစ်ဦးက လာရောက်ဆယ်ယူပေးခဲ့သော်လည်း မသိန်းသိန်းဌေးမှာ ရေမွန်း၍ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မသိန်းသိန်းဌေး ရေနစ်သေဆုံးမှုမှာ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်/မဟုတ် စစ်ဆေးဆောင်ရွက်နိုင်ရန် ဒန့်ဒလွန်ပင်နယ်မြေရဲစခန်း၌ သေမှုသေခင်းဖွင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေး

**သထုံ မေ ၁၅**
မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို လွတ်လပ်စွာ ပြောဆိုတင်ပြပြီး ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားများ တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၃ ရက်က နောင်ကုလားရှမ်းရွာအထကကျောင်း၌ ကျင်းပခဲ့သည်။

"ပအိုဝ်းလူမျိုးတွေက တအားရိုးသားတယ်။ ဘာသာတရားကိုင်းရှိုင်းတယ်။ အေးအေးချမ်းချမ်း နေတတ်ကြတယ်။ ကျွန်မတို့ ပြည်သူနဲ့အတူ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ချီတက်မယ်ဆိုတဲ့အခါမှာ ပြည်သူတွေကလည်း အတူတကွ ဘယ်လိုပူးပေါင်းချီတက်ရမလဲဆိုတာကို သိရှိနားလည်ဖို့အတွက်ရယ်၊ တိုင်းရင်းသားတွေကို မျက်နှာကြီးငယ်မလိုက် ဘာတွေဆောင်ရွက်ပေးရမလဲ၊ ဘာလိုအပ်ချက်ရှိနေလဲဆိုတာကို တစ်နေရာတည်းမှာ ပွင့်လင်းစွာ ထုတ်ဖော်ပြောကြားနိုင်ဖို့၊ ဌာနဆိုင်ရာတွေကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားမှုတွေကို အများပြည်သူသိအောင် ရှင်းလင်းနိုင်ဖို့၊ ပြည်သူကသိချင်တဲ့ လိုအပ်ချက်တွေ၊ ပြဿနာတွေကို လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ သက်ဆိုင်ရာ ဌာနဆိုင်ရာတွေက ပြန်လည်ဖြေကြားရှင်းလင်းဖို့ ဒီတွေ့ဆုံပွဲကို ကျင်းပတာပါ"ဟု ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်က ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်ရေးဦးစီးဌာန မွန်ပြည်နယ်ညွှန်ကြားရေးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး ဦးချစ်ဇော်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ယူဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဒေသခံ တိုင်းရင်းသားများက သိရှိလိုသည်များနှင့် ဆောင်ရွက်ပေးစေလိုသည်များကို မေးမြန်းဆွေးနွေးကြကာ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများအပြင် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ၊ မြေယာပြဿနာများ၊ မြို့သာယာလှပရေး ကိစ္စရပ်များ၊ ရေရှားပါးမှုပြဿနာများ၊ လျှပ်စစ်မီးရရှိရေး စသည့် ကိစ္စရပ်များကိုလည်း ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားပြည်သူများ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် သစ်ပင်၊ ချုံနွယ်များကို စုပေါင်းခုတ်ထွင်ရှင်းလင်း

**မိုင်းပန် မေ ၁၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမဖြစ်ဘဲ ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် နောင်ပါမွန်ကျေးရွာ၊ ကန်မောက်လျှံကျေးရွာ၊ ဆုပ်ဟွေ့ကျေးရွာနှင့် မိုင်းပန်-လင်းခေး နယ်ခြားမှတ်တိုင်အတွင်းရှိ လျှပ်စစ်ဓာတ်အားလိုင်း လမ်းကြောင်းတစ်လျှောက်မှ ဓာတ်ကြိုးများနှင့်မလွတ်ကင်းသော သစ်ကိုင်းသစ်ခက်၊ ချုံနွယ်များကို မေ ၁၃ ရက်က စုပေါင်းခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

သစ်ကိုင်းနှင့် ချုံနွယ်များ စုပေါင်းရှင်းလင်းခြင်းကို မိုင်းပန်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းဝေလင်း၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးဇော်မင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးတိုးချိန်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာများမှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၀၀ ခန့်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကာ စုပေါင်းလုပ်အားပေးရာတွင် ပါဝင်ကြသူများအား ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းက ကောက်ညှင်းထုပ်၊ အကြော်နှင့် အချိုရည်များ ဒါနပြုကျွေးမွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရပ်ကွက်အတွင်း မိုးရေဝင်မှုကင်းဝေးစေရန် ရေနုတ်မြောင်းနှင့် ရေဆိုးစုကန် တူးဖော်



**မိတ္ထီလာ မေ ၁၅**
မိတ္ထီလာမြောက်ကန်နှင့် ကပ်လျက်တည်ရှိသည့် နန်းတော်ကုန်းရပ်ကွက်မှ အိမ်ခြေ ၃၀၀ ကျော်သို့ မိုးတွင်းကာလအတွင်း မိုးရေဝင်ရောက်မှု ကင်းဝေးစေရေးအတွက် ကန်အနီး ရပ်ကွက်နယ်မြေပတ်လည်တွင် ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ရေဆိုးစုကန်တူးဖော်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးကော်မတီက မေ ၁၂ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မနှစ်က ကန်နဲ့နီးတဲ့ နန်းတော်ကုန်းရပ်ကွက် လူနေအိမ်တွေ မိုးရေဝင်ရောက်မှုဒဏ်ကို ခံရတယ်။ အဲဒီလိုဖြစ်တာကလည်း မိတ္ထီလာမြောက်ကန် ပြန်လည်တူးဖော်စဉ် ကန်ပေါင်ကို အဆင့်မြှင့်ဆည်ဖို့လိုက်တာကြောင့်လည်း ပါတယ်။ ဒါကြောင့် မိတ္ထီလာမြောက်ကန်အနီးက နန်းတော်ကုန်းရပ်ကွက်နယ်မြေ ပတ်လည်မှာ ရေနုတ်မြောင်းတူးဖော်ခြင်းနဲ့ နယ်မြေ(၃)အနီးမှာ ပေ ၂၀၀ ပတ်လည်၊ အနက်ရှစ်ပေရှိတဲ့ ရေဆိုးစုကန်ကို တူးဖော်ခြင်းဖြစ်ပါတယ်။ လာမယ့်မိုးတွင်းကာလမှာ မနှစ်ကလို မိုးရေဝင်ရောက်မှုဒဏ် မခံရလောက်တော့ဘူးလို့တော့ မျှော်မှန်းပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်က ပြောသည်။

နန်းတော်ကုန်းရပ်ကွက်နယ်မြေတွင် ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက်နယ်မြေ(၁)၊(၂)၊(၃)၊(၆)နှင့် ချမ်းအေးသာယာနယ်မြေတို့ရှိ အိမ်ခြေ ၃၀၀ ကျော်မှာ မိုးရေဝင်ရောက်ခြင်းဒဏ်ကို ခံခဲ့ရပြီး ယခုကဲ့သို့ ရေနုတ်မြောင်းနှင့် ရေဆိုးစုကန် တူးဖော်ပေးခြင်းကြောင့် ယခုနှစ် မိုးရာသီကာလတွင် လူနေအိမ်များအတွင်း မိုးရေဝင်ရောက်ခြင်း လျော့နည်းသွားမည်ဟုမျှော်လင့်ကြောင်း နန်းတော်ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းက ပြောကြားသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကျေးရွာနေပြည်သူများ အားထားနေရသည့် သောက်သုံးရေကန် သုံးကန်ကို ပြန်လည်တူးဖော်ပေး

**တွံတေး မေ ၁၅**
နွေရာသီကာလ အပူချိန်လွန်ကဲလာခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း ကျေးရွာများမှ သောက်သုံးရေကန်များ ခန်းခြောက်စပြုလာသဖြင့် မြကန်သာကျေးရွာအတွင်းရှိ သောက်သုံးရေကန် သုံးကန်ကို မေ ၁၂ ရက်မှစ၍ စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

မြကန်သာကျေးရွာတွင် အိမ်ခြေ ၃၅၀၊ အိမ်ထောင်စု ၄၀၀၊ လူဦးရေ ၁၅၀၀ရှိပြီး ပြည်သူများ အားထား အသုံးပြုနေရသော ကျေးရွာအတွင်းမှ အလျား ပေ ၁၅၀၊ အနံပေ ၁၀၀ ရှိ သောက်သုံးရေကန် သုံးကန်မှာ အပူချိန်လွန်ကဲမှုကြောင့် ရေများ ခန်းခြောက်စပြုလာသဖြင့် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)နှင့် စိတ္တသုခကုသိုလ်ပြုအသင်း(တွံတေး)တို့က ကြီးကြပ်၍ ကျေးရွာနေပြည်သူများ ရေအခက်အခဲမဖြစ်စေရန် ပြန်လည်တူးဖော်ပေးခြင်းဖြစ်ကြောင်း သိရသည်။



စိတ္တသုခကုသိုလ်ပြုအသင်း (မြဂိုးအသင်းခွဲ)မှ တာဝန်ရှိသူ ကိုဇော်ဇော်လတ်က "ဒီကျေးရွာက ရေကန်တွေက တိမ်တယ်။ ရေသိပ်မဆံ့ဘူး၊ အခု စက်နဲ့ ပြန်ပြီးဘေးချဲ့ခြင်း၊ အနက်ဖော်ပေးခြင်းတွေဆောင်ရွက်နေပါတယ်။ ရေကန်တွေပြီးသွားရင် လာမယ့်နှစ်တွေမှာ ရေအခက်အခဲ မရှိတော့ပါဘူး"ဟု ပြောသည်။

သောက်သုံးရေကန် သုံးကန်ကို ပြန်လည်တူးဖော်ရာတွင် ဘေးပေါင်ချဲ့ခြင်း၊ အနက်တူးဖော်ခြင်း၊ တိမ်ကောသည့်နေရာကို အသစ်ပြန်လည်တူးခြင်းများ လိုအပ်သလို ဆောင်ရွက်ပေးနေကြောင်းနှင့် ရေကန်တူးဖော်နေစဉ်အချိန်အတွင်း ကျေးရွာနေပြည်သူလူထု သောက်သုံးရေအခက်အခဲ မဖြစ်စေရန်အတွက် စိတ္တသုခကုသိုလ်ပြုအသင်း(မြဂိုးအသင်းခွဲ)က တာဝန်ယူ၍ ရေများ အဆက်မပြတ် ပို့ဆောင်ပေးနေကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

# လူ ၄၀၀ ဆံ့ သဘာဝဘေးအန္တရာယ်ခိုလှုံရာအဆောက်အအုံ (Community Shelter)ဆောက်လုပ်




**ဘားအံ မေ ၁၅**
ကရင်ပြည်နယ် ဘားအံမြို့၌ သဘာဝဘေးကျရောက်ပါက ပြည်သူများ ခိုလှုံနေထိုင်နိုင်ရန်အတွက် လူဦးရေ ၄၀၀ ဆံ့ သဘာဝဘေးအန္တရာယ်မှ ခိုလှုံရာအဆောက်အအုံ(Community Shelter)တစ်လုံးကို ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ကျော်ဇေယျလမ်း၌ မေ ၁၃ ရက်က ပန္နက်တင်၍ စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်သည် နှစ်စဉ်ရေကြီးရေလျှံမှုများနှင့် တွေ့ကြုံရသည့်အပြင် ရံဖန်ရံခါကျရောက်တတ်သော လေပြင်းမုန်တိုင်းဘေး၊ မီးဘေး၊ မြေပြိုခြင်းစသော သဘာဝဘေးအန္တရာယ်များနှင့်လည်း ကြုံတွေ့ရ၍ အဆိုပါ သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်လာပါက ရပ်ရွာလူထုများအနေဖြင့် အရေးပေါ် လာရောက်ခိုလှုံနိုင်ရန်၊ အသိပညာပေးဟောပြောပွဲနှင့် လေ့ကျင့်ရေးသင်တန်းများ ပြုလုပ်ရန်၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ညှိနှိုင်းအစည်းအဝေးများ၊ ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ရည်ရွယ်ချက်များဖြင့် အဆိုပါ အဆောက်အအုံကို ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ပြည်နယ်အစိုးရ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးလင်းထွဋ်နှင့် တာဝန်ရှိသူများက ပန္နက်ရိုက်ပေးခဲ့ကြပြီး အဆောက်အအုံဆောက်လုပ်မည့် မြေနေရာပြင်ဆင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ခိုလှုံရာ အဆောက်အအုံ (Community Shelter)သည် အလျား ပေ ၆၀၊ အနံ ပေ ၄၀၊ အမြင့် ၁၅ ပေရှိ Cyclone Shelter အမျိုးအစားဖြစ်ပြီး အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၄၄ သန်းဖြင့် Kyaw Tint & Family ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။

ကရင်ပြည်နယ်၌ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုအနေဖြင့် မီးဘေး ၁၂ ကြိမ်၊ လေဘေး လေးကြိမ်၊ ရေဘေး နှစ်ကြိမ်၊ မြေပြိုဘေး သုံးကြိမ်တို့ ဖြစ်ပွားခဲ့ပြီး အဆိုပါ သဘာဝဘေး ၂၁ ကြိမ်မှ ဘေးသင့်ပြည်သူများနှင့် တိုက်ပွဲရှောင် ပြည်သူများအား ထောက်ပံ့မှုများအနေဖြင့် ငွေကျပ် ၂၃၉ သိန်းကျော် တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်း၊ ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းနှင့် သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ငွေ ကျပ် ၄၃၅ သိန်းကျော်ကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ကြောင်း ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးမှ သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဝိုင်းမော်မြို့နယ်က တောင်သူလယ်သမားများအတွက် အကျိုးပြုနေသည့် ဝါရှောင်ရေလွှဲဆည်

**တင်လှိုင်(မိတ္ထီလာ)**




ဧရာဝတီမြစ်ရေသည် တောင်သူလယ်သမားများ၏ စပါး၊ နှမ်း၊ ဝါ၊ ဆေးရွက်ကြီး၊ ကြံ၊ ပြောင်းစသော သီးနှံများ အတွက် မြစ်ရေနှင့်မြစ်ရေတင် စီမံကိန်းများမှ ရေတင်စိုက်ပျိုးရေးတွင် အဓိကအကျိုးပြုနေသည့် မြစ်ကြီးဖြစ်သည်။

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်ရှိ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ၁၉၆၂ခုနှစ်တွင် ဝါရှောင်ရေလွှဲဆည်ကို တည်ဆောက်ပေးခဲ့သည်။ ဝါရှောင်ရေလွှဲဆည်စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကချင်ပြည်နယ် ဦးစီးအဖွဲ့နှင့် ယူဂိုဆလားဗီးယားမှ အလက်ထရိုပရိုဂျက် အင်ဂျင်နီယာများ၏ သဘောတူညီချက်ဖြင့် ၁၉၅၈ ခုနှစ်မှစ၍ အချက်အလက်များ စုဆောင်းကာ အသေးစိတ်ပုံစံများ ထုတ်လုပ်ရေးဆွဲခဲ့သည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အရှေ့မြောက်ဘက် ကိုးမိုင်အကွာရှိ ဝါရှောင်ရွာအနီးတွင် ဖြတ်သန်းစီးဆင်းနေသော နန်းမြင်းခချောင်းအားဖြတ်၍ ကွန်ကရစ် ရေလွှဲဆည်တည်ဆောက်ကာ သိုလှောင်ရရှိမည့်ရေဖြင့် လယ်ယာမြေများသို့ ရေသွင်းစိုက်ပျိုးရန် ရည်ရွယ်ပြီး ယင်းရေလွှဲဆည်ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မူလစီမံကိန်းသည် ၁၉၆၇ခုနှစ်တွင် ပြီးစီးအောင်မြင်ခဲ့ပြီး အဆိုပါစီမံကိန်းတွင် မပါဝင်ခဲ့သော သစ်တောကြိုးဝိုင်း၊ ပြင်ပတောများကို စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ၁၉၆၉ခုနှစ်တွင် ပြီးစီးခဲ့သည်။

ဝါရှောင်ရေလွှဲဆည်ကို ယူဂိုဆလပ်ပါရဂူ နှစ်ဦး၊ မြို့ပြအင်ဂျင်နီယာ ၂၈ဦး၊ စက်မှုအင်ဂျင်နီယာတစ်ဦး၊ မြေတိုင်း အင်ဂျင်နီယာခြောက်ဦး၊ စက်မှုဝန်ထမ်း ၁၁၀၊ ယာဉ်မောင်းနှင့်ယာဉ်မောင်းအကူ ၂၃ဦး၊ အလုပ်ကြမ်း ၂၁ဦး၊ ပန်းရန်၊ လက်သမား၊ လုပ်သား ၇၂၈ဦးတို့ဖြင့် တည်ဆောက်ခဲ့သည်။

ကချင်ပြည်နယ်တွင် နိုင်ငံပိုင် ဆည်နှစ်ခုနှင့် ဖွံ့ဖြိုးရေးဆည်၊ ကျေးရွာဆည်၊ ကိုယ့်အားကိုယ်ကိုးဆည်ပေါင်း ၃၅ခုရှိသည်။ ဆည်မြောင်းဦးစီးဌာနသည် ဒေသအတွင်းရှိ ကျေးလက်ဆည်များ၊ ဖွံ့ဖြိုးရေးဆည်များနှင့် ကိုယ့်အားကိုယ်ကိုး ဆည်များအား နည်းပညာပေးကာ ပူးပေါင်းဆောင်ရွက်မှုများပေးလျက်ရှိသည်။

ဆည်မြောင်းဦးစီးဌာနက ဝါရှောင်ရေလွှဲဆည်နှင့် နန်းလွန်းရေလွှဲဆည်တို့မှ ဝိုင်းမော်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရန်၊ ဆန်စပါးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်၊ မြို့နယ်၏အသားတင်ထုတ်လုပ်မှု တန်ဖိုးမြင့်မားလာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဝါရှောင်ရေလွှဲဆည်သည် ရေဆင်းဧရိယာ ၁၅၈ စတုရန်းမိုင်ရှိသည်။ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၄၃၁၆၀၀ ဧက ပေဖြစ်ပြီး ရေလွှဲဆည်အမျိုးအစားမှာ အိုင်းဂီးပုံကွန်ကရစ် ရေလွှဲဆည်ဖြစ်သည်။

ဝါရှောင်ဆည်ဆောက်ပြီး ရေကြီးစဉ်ကာလများတွင် ရေစီးနှုန်းနှင့်အတူ မျောပါလာသော သစ်တုံး၊ ဝါးရုံတို့သည် ရေလွှဲဆည်ထိပ်တွင် ပိတ်ဆို့ပြီး ရေလွှဲဆည်အပေါ် ရေကျော်စီးဆင်းမှုကို တားဆီးခြင်းကြောင့် လက်ယာဘက်ရေထိန်းတာပေါင်ပေါ်တွင် ရေကျော်၍ ကျိုးပေါက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ၂၀၀၈ခုနှစ်က ဝါရှောင်ရေလွှဲဆည် အကူရေပိုလွှဲကို တည်ဆောက်ခဲ့ရာ ၂၀၀၈ခုနှစ်မှစ၍ ရေကျော်ကာ ကျိုးပေါက်ပျက်စီးမှုများမရှိတော့ဘဲ သစ်တုံးများ၊ ဝါးရုံများ၊ ဒိုက်များ၊ အမှိုက်များသည် မူလမြောင်းထဲသို့ စီးဝင်သွားခဲ့သည်။

ဝါရှောင်ဆည်ကို ၁၉၆၂ခုနှစ်မှ စတင်တည်ဆောက်ပြီး တောင်သူလယ်သမားများအား စိုက်ပျိုးရေပေးဝေခဲ့ရာ ယခု ၂၀၁၇ခုနှစ်အထိ နှစ်ပေါင်း ၅၅နှစ်ကျော်ကြာခဲ့ပြီဖြစ်ကြောင်းသိရသည်။

# ဗားကရာဆိပ်သို့ သရက်သီးအဝင် ယမန်နှစ်ကထက် များစွာလျော့နည်း

**ရန်ကုန် မေ ၁၅**

ယခုနှစ်တန်ခူး၊ ကဆုန်လများတွင် ကြည့်မြင်တိုင်မြို့နယ် ဗားကရာသစ်သီးဆိပ်သို့ သရက်သီးအဝင်မှာ လွန်စွာလျော့နည်းလျက်ရှိကြောင်း သရက်သီးပွဲစားကြီး ဦးလှဝင်းထံမှ သိရသည်။

"အရင်နှစ်တွေကဆို ဒီလိုလတွေမှာ အသီးတွေတင်တဲ့ သမ္ဗန်တွေကပ်စရာနေရာမရှိအောင်များတာ။ အခုတန်ခူးလအတွင်းကဆို တစ်နေ့မှ သရက်သီးသမ္ဗန်လေးစင်းပဲဝင်တယ်။ ဒါတောင်မဝင်တဲ့ ရက်တွေတောင်ရှိတယ်။ အခုကဆုန်လပြည့်ကျော်မှ တစ်နေ့ ၁၀ စင်း၊ ၁၅ စင်း လောက်တော့ အဝင်ရှိလာပါပြီ" ဟု ၎င်းက ပြောသည်။

ကြည့်မြင်တိုင် ဗားကရာဆိပ်သို့ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် စာဖြူစု၊ သုန်ကြိုင်၊ ကဝက်ကင်း၊ ကင်းဝကြီး စသည့်ကျေးရွာ သရက်ခြံများမှ သရက်သီးထောင်ချီပါသည့် သမ္ဗန်များဖြင့် မချစ်စု၊ ရင်ကွဲ၊ သုံးလုံးတစ်တောင် သရက်သီးများ ဝင်ရောက်ခြင်းဖြစ်သည်။

သစ်သီးဒိုင်မှ အမျိုးသမီးကြီးတစ်ဦးက "သရက်သီးအဝင်ပါးတာတော့ မပြောပါနဲ့တော့။ ခါတိုင်းဆို ဒိုင်မှာသရက်သီးတောင်းတွေ ဆိုင်အပြည့်ရှိတယ်။ အခုပတ်ဝန်းကျင်ဈေးတွေက ကားနဲ့လာသယ်တာဆိုတော့ ဒိုင်မှာပုံရောင်းစရာတောင် မရှိဘူးဖြစ်နေတယ်"ဟု ပြောသည်။

ကြည့်မြင်တိုင် ထီးတန်းဈေးကလေးမှ သရက်သီးလက်လီရောင်းသူ ဒေါ်ရင်မြိုင်က "သရက်သီးအလုံးကြီးပိုင်းမရောက်ခင် သီးကင်းကတည်းက ဈေးကောင်းနေတယ်။ အတို့အမြှုပ်အတွက် တစ်လုံးကို ငွေကျပ် ၁၅၀ လောက်ဈေးရတယ်။ ပေါ်ဦး၊ ပေါ်ဖျားဆိုတော့ ငါးပိရည်နဲ့ တို့စားကြတယ်။ အဲဒီကတည်းက အသီးခမ်းလိုက်လာတယ်။ ရာသီဥတုအလွန်ပူတာကြောင့်လည်း ပါပါတယ်" ဟု ပြောသည်။

ဈေးများအတွင်း၌ သရက်သီးအမှည့်များပေါ်စပေါ်ချိန်တွင် အကြီး၊ အသေးအလိုက် မချစ်စုသရက်သီးတစ်လုံးကို ငွေကျပ် ၆၅၀ မှ ၇၀၀ ဈေးရှိနေခဲ့ပြီး ယခုကဆုန်လပြည့် နောက်ပိုင်း၌ ငွေကျပ် ၃၀၀ မှ ၄၀၀ ဝန်းကျင်ရောင်းချ လျက်ရှိသည်။ ရင်ကွဲသီး တစ်လုံးပေါ်ခါစ၌ ငွေကျပ် ၂၀၀ မှ ၃၀၀ဈေးရှိခဲ့ပြီး ကဆုန်လပြည့်နောက်ပိုင်း၌ တစ်လုံးလျှင် ငွေကျပ် ၁၀၀ ဝန်းကျင် ရောင်းချလျက်ရှိနေသည်ကို တွေ့ရသည်။

အရောင်းအဝယ်အားဖြင့်မှု လက်လီဝယ်ယူစားသုံးသူ နည်းပါးလျက်ရှိကာ ရာသီဥတုပူပြင်းမှုကြောင့် ဖြစ်သည်။ မိုးတစ်ပြိုက်၊ နှစ်ပြိုက်ရွာသွန်းပြီးမှသာ အရောင်းအဝယ် ကောင်းလာနိုင်သည့်အတွက် သရက်သီးရောင်းသူများက မျှော်လင့်နေကြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**





## သွေးလွန်တုပ်ကွေးရောဂါများ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**သီပေါ မေ ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ သန့်ရှင်းသာယာလှပရေးနှင့် မိုးရာသီ၌ ဖြစ်ပွားတတ်သော ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေး ရောဂါများကို ကြိုတင်ကာကွယ်ရန်အတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ခြင်းကို မေ ၁၃ ရက်မှ စတင်၍ မြို့နယ်ပြည်သူ့ဆေးရုံကြီးဝင်း၌ ကျင်းပခဲ့သည်။

အဆိုပါ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လုပ်ကွက် ငါးနေရာ သတ်မှတ်၍ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွန်းဦးဆောင်သော ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများနှင့် လူမှုရေးအဖွဲ့များက လုပ်ကွက်များ သတ်မှတ်ကာ ခြင်၊ ယင် မခိုအောင်းနိုင်ရေး ချုံနွယ်ပိတ်ပေါင်းများခုတ်ထွင် ရှင်းလင်းခြင်း၊ လမ်းချိုင့်ခွက်များအား မြေဖို့ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ ပြန်လည် တူးဖော်ခြင်း၊ ဆေးရုံအဆောက်အအုံများတွင် တံမြက်စည်းလှဲ၊ မှန်ပြတင်းများ ရှင်းလင်းခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## သောက်သုံးရေလိုအပ်လျက်ရှိသော နေရာများသို့ ရေလှူဒါန်း

**သံဖြူဇရပ် မေ ၁၅** - သံဖြူဇရပ်မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲရှိနေသည့်ရပ်ကွက်၊ ကျေးရွာများသို့ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကျေးရွာမီးသတ်တပ်ဖွဲ့၊ ပရဟိတအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ဦးဆောင်မှုဖြင့်လည်းကောင်း၊ ရပ်ရွာအတွင်းရှိ အလှူရှင်များကလည်းကောင်း သောက်သုံးရေနေ့စဉ် ရေဂါလန် ၃၀၀၀၀ ခန့်ကို ရေသယ်ယာဉ်များဖြင့် ပေးပို့လှူဒါန်းပေးနေကြောင်း သိရသည်။

သံဖြူဇရပ်မြို့နယ်အတွင်း ယခုမေလဒုတိယပတ်အထိ မိုးအနည်းငယ်သာရွာသွန်းမှုကြောင့် ရပ်ကွက်နှင့်ကျေးရွာအချို့တွင် သောက်သုံးရေပြတ်လပ်နေပြီး ရေကားများထံမှ ဝယ်ယူသုံးစွဲနေရကြောင်း သိရသည်။

**ကျော်ဝင်း( ပြန်/ဆက်)**


UPG
UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care
THE GLOBAL COMPACT
Global Compact Network [Myanmar]
မြန်မာနှစ်သစ်ကူး အထူးအစီအစဉ်
PREMIER
လီတာ ၂၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ကျပ် ရယူပါ...
PREMIER
Weathershield
Odourless
Silk
ORIENT
လီတာ ၅၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ကျပ် ရယူပါ...
ORIENT
Interior and Exterior Emulsion Paint
သင်္ကြန်ရေစင်ရေပေါက်ကဲ့သို့ အေးမြကြည်လင်စွာ...
နှစ်သစ်မှစ၍ ခံစားဖြတ်သန်းနိုင်ကြစေရန် အတာရေပက်ဖျန်းလိုက်ပါသည်။
Promotion ကာလ ▶ ၁-၄-၂၀၁၇ မှ ၃၁-၅-၂၀၁၇

## ကချင်ပြည်နယ်
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ လေ၊ မြေတိုင်းတာရေးနှင့် အခြားစက်ပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံများကို ၁၅-၅-၂၀၁၇ ရက်မှစတင်၍ ရောင်းချပါမည်။ တင်ဒါများကို ၁၅-၆-၂၀၁၇ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းသွားရပါမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ကချင်ပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးဖုန်း-၀၇၄-၂၉၅၁၆နှင့် ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၄-၂၄၂၁၁သို့ မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ကချင်ပြည်နယ်
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအတွက် အောက်ပါဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (၁) | ဓာတ်ခွဲခန်း(၃၀ပေ×၂၀ပေ) RC (၁)ထပ် | (၁) လုံး (မြစ်ကြီးနား) |
| (၂) | Transformer (100 KV) တပ်ဆင်ခြင်း | (၁) လုံး (မြစ်ကြီးနား) |
| (၃) | ခရိုင်ရုံး(၃၀ပေ×၈၄ပေ) RC (၂)ထပ် | (၂) လုံး (မိုးညှင်း၊ ဗန်းမော်) |
| (၄) | ရေစင်(၁၅)ပေအမြင့် ဂါလန် (၈၀၀)ဆံ့ | (၂) လုံး (မိုးညှင်း၊ ဗန်းမော်) |
| (၅) | ရေကန်(၁၂ပေ×၁၂ပေ×၆.၅ပေ) | (၂) လုံး (မိုးညှင်း၊ ဗန်းမော်) |
| (၆) | မြေညှိမြေရှင်းခြင်းလုပ်ငန်း | (၂) ခု (မိုးညှင်း၊ ဗန်းမော်) |
| (၇) | အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်း | (၂) ခု (မိုးညှင်း၊ ဗန်းမော်) |

၂။ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံများကို ၁၅-၅-၂၀၁၇ရက်မှ စတင်၍ ရောင်းချပါမည်။ တင်ဒါများကို ၁၅-၆-၂၀၁၇ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းသွားရပါမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ကချင်ပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရုံး ဖုန်း-၀၇၄-၂၉၅၁၆နှင့် ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးဖုန်း-၀၇၄-၂၄၂၁၁သို့ မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၅၂၄ နှင့်ဆက်သွယ်သည့်**
**၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၃၂**

ဦးတင်ဝင်း နှင့် ဒေါ်ရှိန်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ် ၂၂/ကနေ ဒေါ်ရှိန် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၅၂၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် မေ ၂၉ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီ တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၇ခုနှစ် မေ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပြုံးပြုံးကြည်)**
**ဒုတိယခရိုင်တရားသူကြီး(၁၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံး ကို၁ဥပဒေအမိန့် ၅၊ နည်း- ၂၀)**
**မော်လမြိုင်ခရိုင်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၅၈**

| | | | |
|---|---|---|---|
| ၁။ ဒေါ်မရမ်ဘီ | **နှင့်** | ၁။ | မြင့်အောင်(ခ)ဟာကင်ဘိုင် |
| ၂။ ဒေါ်မိုရ်ရမ်ဘီ | | ၂။ | မာမက်ဟူစိန်(ခ)ဉာဏ်ဝင်းအောင် |
| ၃။ ဦးအပ္ပဒူရာဇက် | | ၃။ | ဇိန်နက်ဘီ(ခ)တင်နွဲ့ရီ |
| ၄။ ဒေါ်ဘီဘီ(ခ)မငယ် | | ၄။ | ဂျွန်မာဘီ(ခ)မထွေး |
| ၅။ အပါလေး(ခ)အောင်စိုး | | | |
| ၆။ ဦးဝင်းအောင်(ခ)အီစမိုင် | | | |
| ၇။ ဒေါ်စံပယ် | | | |

**တရားလိုများ** **တရားပြိုင်များ**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ သာယာဝင်း၊ အမှတ် ၈၈ နေ အမှတ်(၂) တရားပြိုင် မာမက်ဟူစိန်(ခ)ဉာဏ်ဝင်းအောင်၊ အမှတ်(၃) တရားပြိုင် ဇိန်နက်ဘီ(ခ)တင်နွဲ့ရီ၊ အမှတ်(၄)တရားပြိုင် ဂျွန်မာဘီ(ခ)မထွေး (ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

သင်တို့အပေါ် တရားလိုများက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ် မေလ ၂၅ ရက် (၁၃၇၉ ခုနှစ် ကဆုန်လကွယ်နေ့) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ပါသူ တရားလိုများ၏အဆိုလွှာကိုထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် မေလ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မင်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မော်လမြိုင်ခရိုင်တရားရုံး**

### ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)
### Commerce Graduates' Association (Myanmar)
**ဟောပြောပွဲကျင်းပမည်**

| | | |
|---|---|---|
| **ဟောပြောပွဲခေါင်းစဉ်** | - | မကြာခဏမေးမြန်းလေ့ရှိသော အခွန်ဆိုင်ရာမေးခွန်းများနှင့် အဖြေများ (အဆက်) |
| **ဟောပြောမည့်သူများ** | - | (၁) ဦးဝင်းသင် (နာယက၊ CGA ) |
| | | (၂) ဒေါ်ခင်ယမုံအောင် (ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန) |
| | | (၃) ဦးဝမ်းတင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း) |
| | | (၄) ဦးမိုးကျော် (အတွင်းရေးမှူး၊ CGA ) |
| | | (၅) ဦးမင်းလွင်ဦး (အမှုဆောင်၊ CGA ) |
| | | (၆) ဦးသန်းအောင် (အမှုဆောင်၊ CGA ) |
| **ကျင်းပမည့်ရက်နှင့်အချိန်** | - | ၂၀၁၇ခုနှစ် မေ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ |
| **ကျင်းပမည့်နေရာ** | - | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ ၁/၁၉၊သခင်မြပန်းခြံလမ်း၊အလုံမြို့နယ်၊ ရန်ကုန်မြို့ |
| **ဆက်သွယ်ရမည့်သူများ** | - | ဦးအောင်နိုင်ထွန်း (CGA အသင်းရုံးခန်း) ဖုန်း-၀၉-၄၂၁၁၀၂၂၈၂၊ ၀၁-၈၆၁၀၃၆၂ MICPAရုံးခန်း ဖုန်း-၀၉-၃၁၇၁၈၁၄၉၊ ၀၁-၂၃၁၄၆၅၃(ရုံးချိန်အတွင်း) |
| **မှတ်ချက်** | - | စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး မေ ၁၉ရက်၊ ညနေ ၃နာရီ နောက်ဆုံးထား၍ကြိုတင် ဆက်သွယ် စာရင်းပေးသွင်းပါရန်။ |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကလေးမြို့နယ်တရားရုံးတော်၌**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၄**

မစင်သီအေးလွင် နှင့် ကိုကြည်ခိုင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဥသဘဖုရားလမ်း၊ အိမ်အမှတ် ၁၃-Eနေ ကိုကြည်ခိုင်(ဘ)ဦးအောင်မောင်း(တရားပြိုင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် မေ ၂၆ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၁ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်သူအောင်)**
**မြို့နယ်တရားသူကြီး**
**ကလေးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**တရားမကျင့်ထုံး ကို၁ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀**
**ကျောက်တံခါးမြို့နယ်တရားရုံး**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၃၈**

ဒေါ်ချိုမာနွယ် နှင့် ဦးကျော်လင်းစိုး
**တရားလို** **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ကျောက်တံခါးမြို့နယ်၊ လက်ခံကျေးရွာအုပ်စု၊ ကျောက်စရစ်ကျေးရွာနေ တရားပြိုင် ကျော်လင်းစိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့်လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်းသည့် အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် မေ ၂၅ရက် (၁၃၇၉ခုနှစ် ကဆုန်လကွယ်နေ့) မွန်းမတည့်မီ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသောတရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၁၁ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(တေဇာလွင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ကျောက်တံခါးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ နဝဒေးရပ်ကွက်ရှိ မြေကွက်အမှတ်(ပစ-B-၁၁၂၉)ပါမစ်မြေကွက်၏ မြေကွက်အမည်ပေါက် ဒုအရာခံဗိုလ်ဝင်းအောင် ၉/တကန(နိုင်)၁၇၂၄၂(ဘ)ဦးအောင်သန်း ကွယ်လွန်သွားပါသဖြင့် ဒေါ်ပို ၆/လလန(နိုင်)၀၀၅၈၅၆(ဘ)ဦးစစ်ရွှေမှ မြေကွက်အမည်ပေါက် ဒုအရာခံဗိုလ်ဝင်းအောင်၏ သေဆုံးခြင်းလက်မှတ်၊ တရားဝင်အမွေခံခင်ပွန်းဖြစ်ကြောင်း တရားရုံးကျမ်းကျိန်(မှတ်ပုံတင်ပြီး)မူရင်း၊ အမွေခံမှန်ကန်ကြောင်းသက်ဆိုင်ရာရုံးအဖွဲ့အစည်းထောက်ခံချက်များတင်ပြပြီး ၄င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ဥတ္တရသီရိရပ်၊ ရတနာသိဒ္ဓိရပ်ကွက်ရှိ မြေကွက်အမှတ် (ဥ-၂၁၄၃)၊ ဧရိယာ ၀ဒသမ၅၁၆ဧက ဦးမောင်ပါ ၁၃/ကမန(နိုင်)၀၀၂၁၈၉ (ဘ)ဦးကျော်ရင် အမည်ပေါက် နှစ်၃၀ မြေငှား ဂရန်စာချုပ်ကို ဒေါ်ခင်ညွန့်နိုင် ၁၃/ကမန(နိုင်)၀၀၅၉၄၁ (ဘ)ဦးထွန်းရေမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ ၈-၅-၂၀၁၇ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၃၂/၂၀၁၇)မူရင်း/မိတ္တူတင်ပြ၍ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### D.Phil Public Seminar ကြွရောက် ချီးမြှင့်ပါရန်
## ဖိတ်ကြားခြင်း

အဘိဓမ္မတက္ကသိုလ်၏ D.Phil သင်တန်းသား အရှင်ဇောတိက ရေးသားပြုစုထားသော ပါရဂူဘွဲ့စာတမ်း "The Structure and Methodology of Ayatana Yamaka" Public Seminarကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အဘိဓမ္မာယမကကျမ်းကို ကြည်ညိုလေးစား စိတ်ဝင်စားသူမည်သူမဆို အောက်ပါအစီအစဉ်အတိုင်း ကြွရောက်လေ့လာ၍ မေးခွန်းမေးခြင်း၊ ပြင်ဆင်ချက်များ အကြံပေးခြင်းများ ပြုလုပ်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| **ကျင်းပမည့်ရက်** | - ၂၀၁၇ ခုနှစ် မေ ၂၅ ရက် (ကြာသပတေးနေ့) |
| **ကျင်းပမည့်အချိန်** | - မွန်းလွဲ ၁း၀၀နာရီ |
| **ကျင်းပမည့်နေရာ** | - အဘိဓမ္မတက္ကသိုလ် (ကမ္ဘာအေးဘုရားဝင်းအတွင်းရှိ သမဝါယမတန်ဆောင်းအပေါ်ထပ်) |

**ပညာရေးကော်မတီ၊ အဘိဓမ္မတက္ကသိုလ်**

## ဝန်ထမ်း(ကျား)နှစ်ဦး အလိုရှိသည်

Grand Fortuna Co.,Ltd တွင်တာဝန်ထမ်းဆောင်ရန် ရိုးသားကြိုးစားသော အောက်ပါဝန်ထမ်းကို အလိုရှိပါသည်။

Office Assistant ကျား (၁) ဦး နှင့်
Storekeeper ကျား (၁) ဦး

- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာအခြေခံ (MS Wordနှင့် Excel)ကောင်းမွန်စွာအသုံးပြုနိုင်ရမည်။
- English Language အခြေခံပြောနိုင်/ရေးနိုင်ရမည်။
- အသက်(၁၈)နှစ်မှ ၃၅ နှစ်အတွင်း ဖြစ်ရမည်။
- လျှောက်လွှာတင်ရန်နောက်ဆုံးရက် ၃၀-၅-၂၀၁၇ရက်၊ ညနေ ၄း၀၀နာရီ

**ဆက်သွယ်ရန်လိပ်စာ-**
**Grand Fortuna Co.,Ltd**
**အမှတ် ၆၀၊ ပတ္တမြားလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၉၇၄၀၅၆၆၈၁ ~၈၂၊ ၀၉-၇၉၉၆၇၆၂၅၄ ~၅၅**
**Email:info.grandfortuna@gmail.com;info@grandfortuna.net**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒက္ခိဏခရိုင်တရားရုံးတော်**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၉**

ဦးပြည့်စုံသူ **နှင့်** ၁။ ဦးတော်ကြူဝမ်း
၂။ ဦးတော်ကြူဟုတ်(ခ) ဦးထွန်းအောင်ကျော်
၃။ ဦးနေလင်း
၄။ ဒေါ်သဲခိုင်မာမြင့်
၅။ ဒေါ်သီရိဇော်
၆။ ဒေါ်ပြည့်ပြည့်ဇော်
၇။ ဒေါ်ငြိမ့်ငြိမ့်ဇော်

**တရားလို** **တရားပြိုင်များ**

ပျဉ်းမနားမြို့၊ အမှတ်၆/၅၀၊ ၇လမ်း၊ ရွှေချီရပ်နေ (၁)ဦးတော်ကြူဝမ်း၊ (အီးအေ-၀၀၁၅၀၂)၊(၂)ဦးတော်ကြူဟုတ်(ခ)ဦးထွန်းအောင်ကျော်(အီးအေ-၀၀၁၅၀၆) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ် မေ ၃၀ ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၅ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြဒွေးကျော်)**
**ခရိုင်တရားသူကြီး**
**ဒက္ခိဏခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့်၅)**
**မလှိုင်မြို့နယ်တရားရုံးတော်**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၄**

ဦးရာဇ **နှင့်** ဒေါ်နုနုထွန်း
**တရားလို** **တရားပြိုင်**

မလှိုင်မြို့၊ သရက္ကန်(တောင်)ကျေးရွာ၊ သက္ကယ်ကျင်းကျေးရွာ အုပ်စု ရပ်နေ(ဘ) ဦးတန်ထွန်း၏သမီး ဒေါ်နုနုထွန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးရာဇက ကျူးကျော်ကာရံထားသော ဝင်းထရံများ ဖျက်သိမ်းဖယ်ရှား၍ ပိုင်မြေကွက် လက်ရောက်ရလိုကြောင်းနှင့်လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ် မေ ၃၁ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင်သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မွန်မြတ်သူ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မလှိုင်မြို့နယ်တရားရုံး**

### ဖခင်အမည်မှန်

ချောက်မြို့နယ် စလေအထက တက္ကသိုလ်ဝင်တန်း(B)မှ မအိအိမျိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဝင်း ၈/ခမန(နိုင်)၁၁၇၂၄၀ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဝင်း**
**၈/ခမန(နိုင်)၁၁၇၂၄၀**

### မွေးသက္ကရာဇ်အမှန်

ကျောက်တံခါးမြို့၊ စာတိုက်ရပ်ကွက်၊ ဒဂုံရွှေမန်းလမ်းနေ ဦးဂျာဟိလာလ်၏သား မောင်နန်းဂိုပါလ်၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၅-၁၉၉၃ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ မကျီးပင်ကျေးရွာအုပ်စု ခင်သာ အထက(ခွဲ)မှ မနှင်းယု၊ ကြို့ပင်ရိုးမူလွန်မှ မအိအိခိုင်၊ မဖွေးဖွေးခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းခိုင် ၉/သစန(နိုင်)၁၈၉၇၈၆ဖြစ်ပါသည်။ **ဦးဝင်းခိုင်**

### အမည်ပြောင်း

မိတ္ထီလာမြို့၊ သမာဓိကိုယ်ပိုင် အထက်တန်းကျောင်း ပထမတန်းမှ (ဘ)ဦးမျိုးနိုင်၏သား မောင်သီဟန်လင်းအား မောင်စစ်လင်းနိုင်ဟုပြောင်းလဲခေါ်ပါရန်။

**မောင်စစ်လင်းနိုင်**

### မွေးသက္ကရာဇ်အမှန်

ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့ ဘိုးပိုက်ဆံ(၃)ရပ်ကွက်တွင်နေထိုင်သော ဦးစောသိန်းအေး- ဒေါ်နော်ဖောခူ၏သမီး နော်မော်မော်သိန်းအေး ၇/ကတခ(နိုင်) ၁၅၃၇၄၈၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၆-၁၉၉၄ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ အထက (ဘိုကုန်း)ကျောင်း တက္ကသိုလ်ဝင်တန်းမှ မဆွေဇင်ထက်နှင့် တောင်ငူမြို့နယ် အလက(ခွဲ)ကရင်ရွာကြီးကျောင်း ဆဋ္ဌမတန်းမှ မောင်လင်းသူရမင်းနှင့် တတိယတန်းမှ မောင်မြတ်မင်းသူတို့၏ ဖခင်အမည်မှန်မှာ ဦးအေးမင်း ၇/တငန(နိုင်)၁၁၄၉၈၈ ဖြစ်ပါသည်။ **ဦးအေးမင်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၁၆၄၄၂ STREAM YMS 125 အမည်ပေါက်သူ၊ ယာဉ်လက်ဝယ်ရှိသူဦးနိုင်လင်းဇော် ၁၄/ပတန(နိုင်)၁၃၄၃၀၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန တိုင်းဒေသကြီးရုံး၊(ပုသိမ်မြို့)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/4044 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ထက်ခိုင်၏ i Tech Myanmar Co.,Ltd. အမှတ် ၃၉၃၁၂ (၂၃-၂-၂၀၁၆) စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၁၃၃၃၈၊**
**၀၉-၇၈၉၀၀၀၀၂၃**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ချောင်းခွကျေးရွာနေ ဦးထွန်း-ဒေါ်အုံးကြိုင်တို့၏သမီး မဌေးဌေး ၉/တတဉ(နိုင်)၁၀၀၃၅၁သည် မိဘအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီးမိမိဆန္ဒအလျောက် နေအိမ်မှထွက်သွားပါသဖြင့်ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၄င်း၏ကိစ္စအဝဝကို မိဘများမှ တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်မဟုတ်ကြောင်းအများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**မိခင်-ဒေါ်အုံးကြိုင်**
**၉/တတဉ(နိုင်)၀၅၄၂၃၆**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခိုင်ညွန့် (မကွေးမြို့)
အသက်(၈၇)နှစ်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ဖိုကြီးကျေးရွာနေ (ဦးစံရဲ-ဒေါ်ဖွားမယ်)တို့၏ချစ်လှစွာသောသားကြီး၊ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နေ (ဦးအုန်းရွှေ-ဒေါ်ဖွားစိန်)တို့၏သားသမက်၊ မကွေးမြို့၊ရန်အောင်ရပ်၊ ပြည်တော်သာလမ်း၊ အမှတ် ၅၃၃နေ ရွှေရီဝင်းပွဲရုံပိုင်ရှင် ဒေါ်မြမြ၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းညွန့်၊ ဦးမြသွေး-ဒေါ်ရီရီမြင့်(ရွှေရီဝင်းပွဲရုံ)၊ ရန်ကုန်မြို့၊ အမှတ် L-၃၂၊ ကန်ရိပ်သာလမ်းသွယ်(၂)၊ ပဒေသာပင်မြို့တော်(FMI)၊ လှိုင်သာယာမြို့နယ်နေ ဦးခင်ရီ [ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန]-ဒေါ်ခင်မေစိုး၊ ဦးခိုင်ထွန်းဦး၊ ဦးခိုင်သန်းဦး၊ ဒေါ်စောမြခိုင်၊ ဒေါ်ယဉ်မင်းခိုင်တို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မခင်မျိုးမြတ်စိုး(လ/ထညွှန်မှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊မောင်ထက်ရန်နိုင်စိုး(မန်နေဂျင်းဒါရိုက်တာ၊ အမ်ပရီယိုကုမ္ပဏီလီမိတက်)၊ မမေဖူးပွင့်စိုး၊ မောင်မင်းသစ်လွင်တို့၏ချစ်လှစွာသောအဘိုးသည် ၁၄-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့)ညနေ ၆း၁၅နာရီတွင်ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ FMI နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခိုင်ညွန့် (မကွေးမြို့)
အသက်(၈၇)နှစ်

မကွေးမြို့၊ ရန်အောင်ရပ်၊ ပြည်တော်သာလမ်း၊ အမှတ် ၅၃၃နေ ရွှေရီဝင်းပွဲရုံပိုင်ရှင် ဒေါ်မြမြ၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ အမှတ်(L-၃၂)၊ ကန်ရိပ်သာလမ်းသွယ်(၂)၊ ပဒေသာပင်မြို့တော်(FMI)၊ လှိုင်သာယာ မြို့နယ်နေ ဦးခင်ရီ [ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန]-ဒေါ်ခင်မေစိုးတို့၏ဖခင် ဦးခိုင်ညွန့်သည် ၁၄-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၆း၁၅နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအုန်းမြင့်၊ ဒေါ်နုနုဆွေ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခိုင်ညွန့်(မကွေးမြို့) အသက်(၈၇)နှစ်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ဖိုကြီးကျေးရွာနေ (ဦးစံရဲ-ဒေါ်ဖွားမယ်)တို့၏ ချစ်လှစွာသောသားကြီး၊ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နေ (ဦးအုန်းရွှေ-ဒေါ်ဖွားစိန်)တို့၏သားသမက်၊ မကွေးမြို့၊ ရန်အောင်ရပ်၊ ပြည်တော်သာလမ်း၊ အမှတ် ၅၃၃နေ ရွှေရီဝင်းပွဲရုံပိုင်ရှင် ဒေါ်မြမြ၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းညွန့်၊ ဦးမြသွေး-ဒေါ်ရီရီမြင့်(ရွှေရီဝင်းပွဲရုံ)၊ ရန်ကုန်မြို့၊ အမှတ်(L-၃၂)၊ ကန်ရိပ်သာလမ်းသွယ်(၂)၊ ပဒေသာပင်မြို့တော်(FMI)၊ လှိုင်သာယာမြို့နယ်နေ ဦးခင်ရီ[ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)-ဒေါ်ခင်မေစိုး၊ ဦးခိုင်ထွန်းဦး၊ ဦးခိုင်သန်းဦး၊ ဒေါ်စောမြခိုင်၊ ဒေါ်ယဉ်မင်းခိုင်တို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မခင်မျိုးမြတ်စိုး (လ/ထညွှန်မှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မောင်ထက်ရန်နိုင်စိုး (မန်နေဂျင်းဒါရိုက်တာ၊ အမ်ပရီယိုကုမ္ပဏီလီမိတက်)၊ မမေဖူးပွင့်စိုး၊ မောင်မင်းသစ်လွင်တို့၏ချစ်လှစွာသောအဘိုးသည် ၁၄-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့)ညနေ ၆း၁၅နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန်းဌေး-ဒေါ်စိုးဝတ်ရည်
ဥက္ကဋ္ဌ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

# အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးခိုင်ညွန့်(မကွေးမြို့)
အသက်(၈၇)နှစ်

သူငယ်ချင်း ဦးခင်ရီ(ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန) - ဒေါ်ခင်မေစိုးတို့၏ ဖခင် ဦးခိုင်ညွန့်သည် ၁၄-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၆း၁၅နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ် အမှတ်စဉ်(၁၇)မှ
သူငယ်ချင်းများနှင့်မိသားစုများ

## ဦးတင်ဝင်း အသက်(၇၃)နှစ်
(တေဇ-၁)၊ ရဲမှူး(အငြိမ်းစား)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မင်းခေါင်ရိပ်သာ၊ သံလွင်လမ်း၊ အမှတ် ၄၄နေ ဒေါ်မြမြသိန်း(ဒု-ပြည်နယ် ဥပဒေအရာရှိ)၊ (ရခိုင်ပြည်နယ် ဥပဒေချုပ်ရုံး၊ စစ်တွေမြို့)၏ခင်ပွန်း၊ မောင်စည်သူသိန်းတင် (တတိယနှစ်၊ ပြင်သစ်ဘာသာ၊ နိုင်ငံခြားဘာသာတက္ကသိုလ်)၏ ချစ်လှစွာသောဖခင်သည် ၁၄-၅-၂၀၁၇ရက် မွန်းလွဲ ၂း၄၅နာရီတွင် စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ မြောက်စံပြ၊ ဥပဒေအရာရှိများအိမ်ရာတွင် ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ရှိန် (U.T.S)
အင်္ဂလိပ်စာ (ရတနာနည်းပြ)
အသက်(၇၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ(၂၁)လမ်းအနောက်၊ အမှတ် ၅နေ (ဦးထွန်းမောင်-ဒေါ်တင်မြင့်)တို့၏သား၊ (ဒေါ်စန်းရီ)၏မောင်၊ ဦးသောင်း အေး-ဒေါ်ခင်ခင်တို့၏ညီ၊ ဦးဉာဏ်မြင့်-(ဒေါ်တင်မီ)၊ ဦးမြင့်ဆန်း-(ဒေါ်နှင်းရီ)၊ ဦးနုဝင်း-(ဒေါ်စန်းစန်းသော်)၊ (ဦးသိန်းထွန်း)-ဒေါ်မြင့်ဌေးတို့၏အစ်ကို၊ (ဒေါ်တင်တင်ညို)၏ခင်ပွန်း၊ တူ၊ တူမ ၁၅ယောက်တို့၏ ဘဘသည် ၁၅-၅-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၂း၃၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၇-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်စိန်
အသက်(၈၆)နှစ်

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊ ဗဟိုလမ်း၊ အမှတ်(၁၀၂/B)နေ (ဦးပိန်-ဒေါ်ချွန်းနား)တို့၏သမီး၊ (ဦးမောင်ဖေ)၏ဇနီး၊ ဦးအောင်သန်း-ဒေါ်ခင်အုန်းမြင့်၊ (ဦးလှထွန်း)-ဒေါ်ရှုယဉ်၊ ဦးအေးဝင်း-ဒေါ်ရော်လန်း၊ ဦးမြင့်ရွှေ-ဒေါ်မြင့်မြင့်မေ၊ ဦးနေမျိုးနိုင်-ဒေါ်ဘေဘီ၊ ဦးဝင်းမြင့်-ဒေါ်ခင်ကြီး၊ ဦးခင်မောင်ဝင်း၊ ဦးထိန်လင်း-ဒေါ်သန်းသန်းမြင့်တို့၏ကျေးဇူးရှင်မိခင်၊ မြေး ၂၆ယောက်တို့၏အဘွား၊ မြစ် ငါးယောက်တို့၏အဘွားဖြစ်သူ ဒေါ်ကျင်စိန်သည် ၁၄-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့)ညနေ ၃း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၅-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၇နာရီတွင် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ကြောင်း တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစုများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဆရာမကြီး နော်မမကြည် (ပန်းဇလုပ် အထက-ငြိမ်း)
အသက်(၇၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်(ရွာမ)နေ (ဦးပန်းညွန့်-ဒေါ်နှင်းရုံ)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးခင်မောင်ကြည်)၊ ကော့ကရိတ်မြို့နေ (ဦးစံမြကြည်)တို့၏ညီမ၊ ရန်ကုန်မြို့နေ ဦးမန်းထွန်းရွှေ၏ဇနီး၊ မန်းအောင်ကြည်ထွန်း၊ နန်းရွှေကြည်ထွန်း၊ မန်းကျော်စွာထွန်း၊ မန်းသော်တာထွန်း၊ နန်းသန္တာထွန်းတို့၏မွေးသမိခင်ကျေးဇူးရှင်သည် ၁၄-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် အမှတ် ၄၊ လယ်ယာ၁လမ်း၊ (၁၀)ရပ်မြောက်ရပ်ကွက်၊ သာကေတမြို့နယ်(တိုင်းရင်းသားကျေးရွာအနီး)နေအိမ်မှ ကျီစုသုသာန်သို့ ပို့ဆောင်ပြီး မွန်းတည့် ၁၂နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၇ရက် (စနေနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စန်း
အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ (ဦးခင်မောင်တင့်)၏ဇနီး၊ ဗိုလ်ချုပ်လှိုင်မြင့်(ငြိမ်း)-ဒေါ်ရီရီတင့်၊ ဦးထွန်းထွန်း-ဒေါ်ယုယုဝေ၊ ဦးဝင်းနိုင်-ဒေါ်မိုမိုအေး၊ ဦးဆွေဦး-ဒေါ်ဝါဝါတင့်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၂ယောက်တို့၏အဘွားသည် ၁၅-၅-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၀း၂၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးနောင်အိန်း
လ/၁၃၇၁
ခရိုင်ရဲတပ်ဖွဲ့မှူး(ငြိမ်း)
B.A, DMA, RL, SAS
အသက်(၇၈)နှစ်

မကွေးတိုင်းဒေသကြီး၊ဆင်ဖြူကျွန်းမြို့နေ (အငြိမ်းစား ခရိုင်ရဲဝန်ထောက် ဦးဘညွန့် - ဒေါ်ခင်ကြည်)တို့၏သား၊ (အငြိမ်းစား မြေတိုင်းအင်စပက်တော် ဦးသောင်း-ဒေါ်အေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ(၁)နေ ဒေါ်ခင်စန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ နောင်အိန်းကျော်၊ နောင်အိန်းဇော်-သင်းသင်းနွယ်၊ နောင်အိန်းမော်-ခင်မိုးနွယ်၊ နောင်အိန်းတော်-မြတ်သီရိမော်တို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည်၁၅-၅-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၅း၄၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၉နာရီအထိ ရန်ကင်းနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်တေဇ(ခ) ဦးကျော်ကြီး
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သိန္ဓုလမ်း၊ အမှတ် ၈၊ လေးလွှာနေ (ဦးလှညွန့်) - ဒေါ်သန်းသန်းအေးတို့၏ သား၊ ဦးမိုးသူအောင် - ဒေါ်အယ်ဖူး၊ ဦးကိုကိုမြ-ဒေါ်သန္တာညွန့်၊ ကိုကျော်ဇင်လတ်တို့၏အစ်ကို၊ မအိအိခိုင်၊ ကိုရဲကိုကို-မသီသီထွန်း၊ မောင်ခိုင်ခန့်စိုးတို့၏ဖခင်၊ ဒေါ်သန်းသန်းမြင့်၏ချစ်လှစွာသောခင်ပွန်းသည် ၁၅-၅-၂၀၁၇ရက် နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၅-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအေးလွင်(ခ)ဦးပုပုကြီး
ဥက္ကံမြို့
အသက်(၆၅)နှစ်

မေတ္တာရေစဉ်လူနာတင်ယာဉ်အသင်း(ဥက္ကဋ္ဌ)ဥက္ကံမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ အိုးဘိုတန်းလမ်းနေ (ဦးကျော်ညွန့်-ဒေါ်တင်ကြည်)တို့၏သားကြီး၊ ရန်ကုန်မြို့နေ (ဦးသာမြ - ဒေါ်အုန်းစံ)တို့၏ သားသမက်၊ ဦးပေါက်စ-ဒေါ်တင်စန်း၊ ဒေါ်တင်တင်ဝင်း(မုန့်ဆိုင်)တို့၏အစ်ကို၊ ကိုသီဟ-မစုစန္ဒာလွင်(ခေတ္တ-စင်ကာပူ)၊ မလင်းချိုချိုဇင်၊ မောင်ဝေမျိုးကိုကိုလွင်တို့၏မွေးသဖခင်၊ တူ၊ တူမ နှစ်ယောက်တို့၏ဦးလေး၊ မြေးနှစ်ယောက်တို့၏အဘိုးဖြစ်သူ၊ ဒေါ်နွဲ့နွဲ့ခင်၏ ခင်ပွန်းဖြစ်သူသည် ၁၅-၅-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဥက္ကံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
## ဦးမွန်ဌေး
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
စီမံကိန်းရေးဆွဲဌာန
တောင်သူလယ်သမားအသင်း
(Head Office)
အသက်(၆၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ (၁)ရပ်ကွက်နေ ဦးဘဌေး-ဒေါ်ဖွားမှင်၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ နာနတ်တောလမ်း၊ (၂၄/B)နေ ဦးတလုပ်-ဒေါ်တင်မြင့်တို့၏သားသမက်၊လှိုင်မြို့နယ်၊အမှတ်(၂)ရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် ၂၀၃၊ (၆)လွှာနေ ဒေါ်လွင်လွင်မြင့် (မ/၂၊ လှိုင်)၏ ခင်ပွန်းသည် ၁၅-၅-၂၀၁၇ရက် နံနက် ၅း၀၀နာရီတွင် ကွယ်လွန်သွားပါသည်။ ၁၇-၅-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂း၀၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၆နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

တောင်ကြီးအသင်း(ရန်ကုန်)
ရှမ်းတိုင်းရင်းဆေးသမားတော်ကြီး
## ဦးတန်ကေး(ဝုန်းဝမ်းဆေးတိုက်)
အသက်(၉၅)နှစ်

တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ စပ်စံထွန်းလမ်း၊ အမှတ် ၁၁၁နေ (ပါ့တန်းကေး)၏ခင်ပွန်း ဦးတန်ကေး(ကန်တော့ခံပုဂ္ဂိုလ်)သည် ၉-၅-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့
တောင်ကြီးအသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွန့်မေ (ပုလော)
အသက်(၉၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နေ(ဦးဘိုးဇင်-ဒေါ်အေးဆွေ)တို့၏သမီး၊ (ဦးကျွန်းလှိုင် - ဒေါ်ထွေး)တို့၏ သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်၆လမ်း၊ အမှတ် ၁၉၊ မှန်ခန်းနေ (ဦးဘကြွယ်)၏ဇနီး၊(ဦးကြည်ဝင်း)-ဒေါ်တင်ညွန့်၊ ဦးဖြူဝင်း-ဒေါ်ဝင်းသိန်း၊ ဒေါ်ခင်မေဌေး၊ ဦးကျော်စိုး-ဒေါ်ခင်ခင်ယု၊ ဦးမျိုးနိုင်-ဒေါ်အေးမာကြည်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၅-၅-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ညွန့်မေ (ပုလော)
အသင်းဝင်အမှတ်-၃၀၉
အသက်(၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၆လမ်း၊ အမှတ် ၁၉၊ မှန်ခန်းနေ (ဦးဘကြွယ်)၏ဇနီးသည် ၁၅-၅-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အသင်းတိုက်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

သထုံမြို့နယ်အသင်း(ရန်ကုန်)
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြမြသိန်း
သထုံ၊ မော်လမြိုင်မြို့
အသက်(၉၀)

ရန်ကုန်မြို့၊ အခန်း ၂၀၁၊ Orchid Condo အလုံလမ်း၊ အလုံမြို့နယ်နေ (ဦးလှမြင့်)၏ဇနီး၊ အသင်းအမှတ်-၁၆၅၃၊ ဒေါ်ခင်မာမာ-ဦးအေးကိုတို့၏ မိခင် ဒေါ်မြမြသိန်းသည်၁၂-၅-၂၀၁၇ရက် (သောကြာနေ့) နံနက် ၆း၃၆နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းသူ အသင်းသားတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်လွင် (ထားဝယ်)
(Lady-Style)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊မေ့မ္မစိန္တာလမ်း၊အမှတ် ၉၊ ၃လွှာ၊ (B)နေ ဦးထွန်းရှိန်၏ဇနီး၊ ဦးတင့်လွင်-ဒေါ်အေးအေးမူ၊ မအေးအေးမာ၊ မခင်မိုးမိုး၊ကိုကျော်မြင့်-မစုစုလွင်၊ ကိုအောင်မြတ်ဇော်-မသီသီလွင်တို့၏မွေးသမိခင်ကြီး၊ မောင်မှူးဇော်ဟန်၊ မောင်အောင်ဘုန်းခန့်၊ မောင်နေသုတ၊ မောင်မင်းသုခ၊ မဆုရတီတိုး၊ မစောဝတီတိုးတို့၏ ချစ်လှစွာသောအဘွားသည် ၁၅-၅-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသုစိတ္တ (နတ်မောက်)
သက်တော်(၇၈)နှစ် သိက္ခာတော်(၅၇)ဝါ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ ဝိဇ္ဇာသိပ္ပံကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသုစိတ္တ (နတ်မောက်)သည် ၁၃-၅-၂၀၁၇ရက်(စနေနေ့) နံနက် ၉း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၇-၅-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် စံချောင်းချ အခမ်းအနားပြုလုပ်ပြီး ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပူဇော်ပါမည်။ (ကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [၁၉-၅-၂၀၁၇ရက်(သောကြာနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ဈာပနဖြစ်မြောက်ရေးကော်မတီ
ဝိဇ္ဇာသိပ္ပံကျောင်းတိုက်

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဝေရောစန
သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၃၉)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ထန်းတပင်မြို့နယ်၊ရေစိုကျေးရွာအုပ်စု၊ ရေပန်ထားကျေးရွာ၊ ပန်ထားဓမ္မရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တဝေရောစန (ဆရာဦးထွန်းကြိုင်၊ အထက-၁၊ အထက -၂၊ သဃ်န်းကျွန်းမြို့နယ်)ဖြစ်သည့် မဟာထေရ် အရှင်သူမြတ်သည် (၁၃၇၉ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက်) ၁၂-၅-၂၀၁၇ရက်(သောကြာနေ့)နံနက် ၁၅း၀၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ သီရိရုအရိုးတော်ဓာတ်တော်တို့အား ဌာပနာ၍ စေတီတော်တည်ထားကိုးကွယ်မည်ဖြစ်ပါသည်။ ဆရာတော်၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၉ခုနှစ် ကဆုန်လပြည့်ကျော် ၈ရက်) ၁၈-၅-၂၀၁၇ရက်(ကြာသပတေးနေ့)တွင် ပန်ထားဓမ္မရိပ်သာကျောင်းတိုက်တွင် (အန္တိမအဂ္ဂိဈာပန သာဓုကီဠန)ပူဇော်ပွဲကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး၊ တပည့်ဒါယကာ၊ ဒါယိကာမ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ပန်ထား ဓမ္မရိပ်သာ
တပည့်သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများနှင့်ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဦးအောင်သန်းမောင်(မြိတ်)
အသင်းဝင်အမှတ်(၃၀၈၂)
အသက်(၉၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၇လမ်း၊ အမှတ် ၂၉၅/ကနေ ဒေါ်မြတ်ဇင်၏ ခင်ပွန်းသည် ၁၂-၅-၂၀၁၇ရက်တွင်ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းဝေ (မန်နေဂျာ၊ ငြိမ်း)
ရန်ကုန်ဂေါက်ကလပ်
အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်နေ(ဦးမောင်ညိမ်း-ဒေါ်သန်း)တို့၏သားကြီး၊ (ဦးဘသော်-ဒေါ်လှကြည်)တို့၏တူ၊ ဦးစံဝေ-ဒေါ်လှတင်၊ ဒေါ်ရင်မေတို့၏အစ်ကို၊ ဦးတင်ဝင်း-ဒေါ်ညွန့်ညွန့်ဝေ၊ ဦးဇော်ဝင်း-ဒေါ်ဘေဘီ(ခ)ဒေါ်မြသွင်ဝေ၊ဦးဌေးအောင်-ဒေါ်ချိုတူး(ခ)ဒေါ်တင်တင်မြဝေ၊ ဦးဇော်ဝေ၊ ဦးစန်းဝေ-ဒေါ်ဌေးဌေးဝင်းတို့၏ဖခင်၊(ဒေါ်လှသိန်း)၏ခင်ပွန်း၊မြေး ၁၄ယောက်၊မြစ်ကိုးယောက်တို့၏အဘိုးသည် ၁၅-၅-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၁-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက်တွင် တညင်းကုန်းမြောက်ပိုင်း၊ ရွာလယ်လမ်း၊ အမှတ် ၆/၉၆နေ (ဦးထွန်းဝေ-ဒေါ်လှသိန်း)တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းနိုင်(ခ)ဦးငွမ်းပုံ
အထက၊ မြောင်းတကာ
အသက်(၅၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ (၄)ရပ်ကွက်၊ မြောင်းတကာစံပြကျေးရွာနေ (ဦးထွန်းရင်-ဒေါ်တင်ဝေ)တို့၏သား၊ ဒေါ်ရင်နု၊ ဦးသန်းစိုး-ဒေါ်မြင့်မြင့်အေးတို့၏ညီ/မောင်၊ အင်းစိန်မြို့နယ်၊ BOC နေ ဦးကျော်ထင်ဝင်း-ဒေါ်တင်တင်လှတို့၏ အစ်ကိုသည် ၁၄-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် မြောင်းတကာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၅-၂၀၁၇ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးညွန့်သိန်း(စမ်းချောင်းလမ်း)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၁၊ အခန်း ၁၂နေ (ဦးချစ်တင်-ဒေါ်စိန်စိန်)တို့၏သား၊ ဒေါ်မြင့်မြင့်အေး၏မောင်၊ ဒေါ်စန်းရီ၏ခင်ပွန်း၊ ဦးခင်မောင်ညွန့်၊ ဦးထိန်ဝင်း-ဒေါ်သက်သက်ညွန့်၊ ဦးသန့်ဇင်ညွန့်-ဒေါ်မာမာစိုး၊ ဦးရဲမြင့်ညွန့်၊ ဦးဝင်းဌေး-ဒေါ်ချိုချိုညွန့်တို့၏ဖခင်၊မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၄-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၇း၁၅နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (တောင်ဥက္ကလာပနေအိမ်၊ စာဂ ၂၂လမ်း၊ အမှတ် ၆၆၂နေ ဦးဝင်းဌေး-ဒေါ်ချိုချိုညွန့် အိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
## ဦးတင်ရွှေ
စက်ကျွမ်း(၃)(ငြိမ်း)
အသင်းဝင်အမှတ်(၁၇၆၁)
သက်ကြီးကန်တော့ခံ
အသက်(၇၇)နှစ်

အမှတ် ၆၈၀၊ ဆည်မြောင်းလမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံ(အရှေ့)နေ ဒေါ်လှကြည်၏ခင်ပွန်းသည် ၁၄-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း
## Ann မသဇင်မြင့်
M.A (English)
အသက်(၂၃)နှစ်

မန္တလေးမြို့၊ ၈၃လမ်း၊ ၂၀-၂၁လမ်းကြား၊ အမှတ်(G-1)၊ ပြင်သစ်ဝင်းနေ (Mr. Dass ဦးထွန်းရွှေ-ဒေါ်မာဂရက်)တို့၏မြေး၊ Rosalynn ဒေါ်တင်တင်ရွှေ (ကထိက၊ ငြိမ်း၊ ဓာတုဗေဒဌာန၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်)၏ တူမ၊ Shine ဒေါက်တာအောင်ကိုဦး-မဟယ်လင်ရွှေ၊ James အောင်ကျော်ဆန်း-မပိုးလဲ့ဖြူ၊ Robert အောင်စိုးမိုးတို့၏ညီမ၊ (Alvin ဦးသိန်းဇော်-ဒေါ်နန်းအိငွေ)တို့၏ ချစ်လှစွာသောသမီးသည် ၁၄-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၅-၂၀၁၇ရက်ညနေ ၃နာရီတွင် ၈၂လမ်း၊ ၂၅-၂၆လမ်းကြားရှိ ကာသီဒြယ်ခရစ်ယာန်ဘုရားကျောင်း၌ဝတ်ပြုဆုတောင်းပြီး အေးရိပ်ငြိမ် ကာသိုလစ်သင်္ချိုင်း၌ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ကျိုက်လတ်မြို့ ခေတ်မီဆန်စက်နှင့်စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံဖွင့်






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီတို့ ခေတ်မီဆန်စက်နှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံ၏ MAPCO Golden Lace ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်

**ရန်ကုန် မေ ၁၅**

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ရှိ MAPCO Golden Lace ခေတ်မီဆန်စက်နှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများက ခေတ်မီဆန်စက်နှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻

## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့နှင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၅**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ Mr. Ghassan Salame ဦးဆောင်သည့် ကော်မရှင်အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးကြသည်။ အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်လည်း တက်ရောက်သည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❒

## အိမ်ရာစခန်းစီမံကိန်းများ ဖော်ဆောင်မည်

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေး မေ ၁၅**

နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အချိန်တွင် အိမ်ပိုင်ဘဝဖြင့် အခြေချ နေထိုင်နိုင်စေရန် ဝန်ထမ်းအငြိမ်းစားဘဝ အိမ်ရာစခန်းစီမံကိန်းများ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစီမံကိန်းအား အရာထမ်း၊ အမှုထမ်းများ မိမိရရှိသည့် လစာနှင့် လျော်ညီသော နေထိုင်မှုစနစ်

*စာမျက်နှာ ၅ ကော်လံ ၁* ❍



မန္တလေးမြို့တွင် ဝန်ထမ်းများအတွက် ရောင်းချပေးခဲ့သည့် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများ

## ခေတ်သစ်ပိုးလမ်းမကြီး တစ်လျှောက် နည်းပညာပူးပေါင်းဆောင်ရွက်ရန် ဓာတ်ခွဲခန်းပေါင်း ၅၀ တရုတ်တည်ဆောက်မည်

စာမျက်နှာ - ၁၀

## တောဆင်ရိုင်းအား တူမီးသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သူ နှစ်ဦးအား ဖမ်းဆီးရမိ

စာမျက်နှာ - ၁၃

